ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ သောကြာနေ့။ Friday, 28 February 2020 ၉၉၃၉

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို

အိန္ဒိယသမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

နယူးဒေလီ ဖေဖော်ဝါရီ ၂၇

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်ပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီနှင့် တွေ့ဆုံဆွေးနွေးကာ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လဲလှယ်ပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာအား ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Taj Palace ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

C B BANK

" အခွန်ဆောင်ထားနိုင်ငံသားလေးစားသမှုတို့ဂုဏ်ပြု "

CB Pay နှင့် CB Bank Internet Banking များကို အသုံးပြု၍ Online မှတဆင့် လုံခြုံစိတ်ချ၊ လွယ်ကူလျင်မြန်စွာဖြင့် အခွန်ပေးဆောင်နိုင်ပါပြီ။

www.cbbank.com.mm Contact Center: (95-1) 2317770

ကြေးမုံ

စစ်မှန်သောလူ့အခွင့်အရေးအနှစ်သာရများ ပေါ်ထွန်းလာရေးပူးပေါင်းဆောင်ရွက်

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် (၄၃) ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြုလုပ်သည့် အစည်းအဝေး၏အဆင့်မြင့်ကဏ္ဍသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ရာ နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့အား ကာကွယ်မြှင့်တင်ရန်တာဝန်ရှိသည့်နည်းတူ ပြည်တွင်း၌ဆောင်ရွက်နိုင်သည့် နည်းလမ်းများ မကုန်ဆုံးသည်အထိ အခြားအရေးယူဆောင်ရွက်ခြင်းတို့ မပြုလုပ်သည့်မူဝါဒအား ထောက်ခံအားပေးရမည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့်အရေးကိစ္စနှင့် ပတ်သက်၍ လူ့အခွင့်အရေးချိုးဖောက်သည်ဟူသော အကြောင်းပြချက်အမျိုးမျိုးဖြင့် နိုင်ငံတကာက ဖိအားအမျိုးမျိုး၊ စွပ်စွဲမှုအဖုံဖုံတို့ကို ပြုလုပ်လာခဲ့သည့်အပြင် ယခုနှစ်ဆန်းပိုင်းက အိုအိုင်စီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ တရားစွဲဆိုလျှောက်ထားခဲ့ပြီး၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၂၃ ရက်နေ့က ကြားဖြတ်အစီအမံချမှတ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အသိုက်အဝန်း၏စိုးရိမ်ပူပန်မှုများကို အပြည့်အဝနားလည်ပြီး ရခိုင်ပြည်နယ် အရေးကိစ္စကိုဖြေရှင်းရန် ကတိကဝတ်များပြုခဲ့သည့်အပြင် လက်တွေ့လည်း အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်ပေးနေသည်။ သိမ်မွေ့နက်နဲပြီး ရှည်လျားသောနောက်ခံသမိုင်းကြောင်းရှိသည့် ရခိုင်ပြည်နယ် ပြဿနာကို အစိုးရအနေဖြင့် အစဉ်တစိုက်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး အာဆာအကြမ်းဖက်သမားများက၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုသည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားရေး၊ လူမှုသဟဇာတဖြစ်ရေး၊ ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် နိုင်ငံတကာဥပဒေများ၏ အခြေခံမူဝါဒများကို အခိုင်အမာလိုက်နာပြီး နေရပ်စွန့်ခွာသွားသူများ မိမိဆန္ဒအလျောက်လုံခြုံစွာဖြင့် သိက္ခာရှိရှိ ပြန်လည်ဝင်ရောက်နိုင်ရေး၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်တိုက်အကောင်အထည်ဖော်လျက်ရှိသည်။ ပဋိပက္ခဖြစ်စဉ်များနှင့်ပတ်သက်၍ ဇာတ်ကြောင်းပြန် ပြောကြားမှုများကို အခြေမခံဘဲ မျက်မြင်သက်သေများနှင့် တွေ့ဆုံမေးမြန်းစိစစ်ရေးတို့ကို အလေးထားဆောင်ရွက်ပြီး ရလဒ်များအပေါ်မူတည်၍ လက်တွေ့ကျသော တုံ့ပြန်ဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိသည်။

လူသားချင်းစာနာထောက်ထားမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ ဆောင်ရွက်နေသော်လည်း ကုလသမဂ္ဂစင်မြင့်မှ အဆိုပါရခိုင်ပြည်နယ်အရေးကို ကြီးကြီးပုံဖော်နေဆဲဖြစ်၍ နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးဆောင်ရွက်မှုနည်းလမ်းမပြီးဆုံးသေးဘဲ အခြားအရေးယူဆောင်ရွက်မှုများ မပြုလုပ်သင့်ကြောင်းကို နိုင်ငံအားလုံးသိနားလည်စေရန် လျော်ကန်သင့်မြတ်သည့် အမှန်တရားကို မီးမောင်းထိုးပြသရမည်ဖြစ်သည်။ လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေးကိစ္စအားလုံးကို တန်းတူညီမျှဆက်ဆံသည့်နေရာ၊ ဖွံ့ဖြိုးမှုကို ဦးစားပေးကိစ္စအဖြစ် မှတ်ယူသည့်နေရာ၊ နိုင်ငံများ၏ အချုပ်အခြာအာဏာကိုလက်ကိုင်ထားပြီး လုပ်ဆောင်ချက်များတန်းတူညီမျှစွာလုပ်ဆောင်၍ စံနှစ်မျိုးကျင့်သုံးမှုအား ရှောင်ကြဉ်သည့်နေရာ၊ ဆင်ခြင်တုံတရားကင်းမဲ့စွာ တစ်ဖက်သတ်အာဏာသုံးမှုနှင့် လုပ်ပိုင်ခွင့်တို့ကို ခွင့်မပြုသည့်နေရာ၊ ဓနအင်အားကြွယ်ဝမှု အတိုင်းအတာနှင့်နိုင်ငံရေး လွှမ်းမိုးမှုတို့ဖြင့် တန်ဖိုးကိုမဆုံးဖြတ်သည့်နေရာဟူသည့် မျှော်လင့်ချက်တို့သည် အမှန်တရားနှင့် တရားမျှတမှုကိုလိုလားသည့် ကမ္ဘာ့လူသားအားလုံး၏ဆန္ဒဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအား ကာကွယ်မြှင့်တင်ရန်တာဝန်ရှိသည့်နည်းတူ နိုင်ငံများ၏ ပြည်တွင်းရေးဆောင်ရွက်မှုနည်းလမ်းများကို ပြီးဆုံးအောင်စောင့်ကြည့်ပြီးမှသော်လည်းကောင်း၊ မပြီးဆုံးမီ ဖေးမကူညီခြင်းဖြင့်လည်းကောင်း စစ်မှန်သောလူ့အခွင့်အရေးအနှစ်သာရများ ပေါ်ထွန်းလာအောင် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။ ။

၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

“လှျာမဲ့ချိန်ခွင်” တရားဥပဒေစိုးမိုးရေးကာတွန်းပြပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံကာတွန်းဆရာများအသင်းက စီစဉ်ကျင်းပသည့် “လှျာမဲ့ချိန်ခွင်” တရားဥပဒေစိုးမိုးရေး ကာတွန်း ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပရာ စိတ်ဝင်စားသူပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

“တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူဖြစ်အောင်နဲ့ ပြည်သူလူထုကို အသိပညာရအောင်၊ တရားဥပဒေနဲ့ပတ်သက်ပြီး အနှောင့်အယှက်ဖြစ်စေတဲ့ ယန္တရားတွေကိုလည်း ပညာပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာဖြစ်ပါတယ်။ ပြပွဲမှာ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ပြီး အထောက်အကူပြုတဲ့ ကာတွန်းတွေကို ပြသထားပါတယ်”ဟု မြန်မာနိုင်ငံကာတွန်းဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ကာတွန်းဝင်းအောင်က ပြောသည်။

ပြပွဲတွင် မြန်မာနိုင်ငံကာတွန်းဆရာများအသင်းမှ ကာတွန်းဆရာများ ရေးဆွဲထားသော တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် အသိပညာပေးကာတွန်း ၁၅၀ ကျော်ကို ပြသထားသည့်အပြင် စာပေ၊ ဥပဒေနှင့် နိုင်ငံရေးနယ်ပယ်တို့မှ ပုဂ္ဂိုလ်များ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးမှုများ၊ ကာတွန်းဆရာများ၏ လက်တွေ့သရုပ်ပြကာတွန်းရေးဆွဲခြင်း အစီအစဉ်နှင့် ကျောင်းသားလူငယ်များ၏ လက်တွေ့ ကာတွန်းရေးဆွဲခြင်းပြိုင်ပွဲများကိုလည်း စီစဉ်ထားသည်။

မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းအနေဖြင့် အသင်းဝင် ၄၀၀ ကျော်ရှိပြီး ငြိမ်းချမ်းရေး၊ စစ်ဘေးရှောင်တို့နှင့်ပတ်သက်သည့် ကာတွန်းပြပွဲများအပြင် ရေဘေးကယ်ဆယ်ရေးရန်ပုံငွေကာတွန်းပြပွဲနှင့် ကလေးနီတိကာတွန်းပြပွဲများကို ဖေဖော်ဝါရီ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၂-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂,၀၀၀	၁၁,၅၀၀	၂,၀၉၂	၂၄,၉၇၅,၀၀၀
MTSH	၄,၀၀၀	၃,၉၅၀	၄,၀၅၂	၁၆,၀၅၂,၂၅၀
MCB	၈,၃၀၀	၈,၂၀၀	၄၈	၃၉၇,၀၀၀
FPB	၂၃,၀၀၀	၂၃,၀၀၀	၀	၀
TMH	၂,၉၀၀	၂,၉၀၀	၁,၃၉၀	၄,၀၃၁,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရန်ကုန်(ရွှေဈေး) ၁၂၄၆၀၀၀ မန္တလေး(ရွှေဈေး) ၁၂၄၆၀၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်		မန္တလေး	
(က) ဒီဇယ်	တစ်လီတာ	၇၉၀/၈၆၅	ကျပ်	၈၄၀/၈၅၀	ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၈၄၀/၈၉၀	ကျပ်	၉၂၀/၉၄၀	ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၂၀/၇၇၀	ကျပ်	၇၉၀/၈၁၀	ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၈၀၀/၈၇၅	ကျပ်	၈၅၅/၈၆၅	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၇၀၅/၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၅/၇၃၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀/၆၈၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၄၄၂.၂
(ခ) ဥရောပ	တစ်ယူရို	=	၁၅၇၇.၉
(ဂ) တရုတ်	တစ်ယွမ်	=	၂၀၅.၆၇
(ဃ) ထိုင်း	တစ်ဘတ်	=	၄၅.၄၇၄
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၄၂.၉၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၀.၁၃၆
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၁၀.၂
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၈.၈၄
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၄၈.၁၀
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၃၄.၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံသမ္မတအိမ်တော် Rashtrapati Bhawan၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပမည့် သမ္မတအိမ်တော် Rashtrapati Bhawanသို့ရောက်ရှိရာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်နှင့် ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီတို့က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အလေးပြုခံစင်မြင့်ထက်တွင်နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်တို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို၊ အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်နှင့် ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် မဟတ္တမဂန္ဓီဗိမာန် (Rajghat)သို့ ရောက်ရှိရာ မဟတ္တမဂန္ဓီဗိမာန် ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဂါရဝပြု

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မဟတ္တမဂန္ဓီဗိမာန်အတွင်း ပန်းခွေချဂါရဝပြုခြင်းနှင့် ဂူဗိမာန်ကို လက်ယာရစ်တစ်ပတ်လှည့်ပတ်၍ ကျောက်တိုင်ပေါ်သို့ ပန်းများကြဲချဆုတောင်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မဟတ္တမဂန္ဓီဗိမာန် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

စာမျက်နှာ ၄ သို့ ☆

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်နှင့် ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို မဟတ္တမဂန္ဓီဗိမာန်တွင် ပန်းခွေချ ဂါရဝပြုစဉ်။

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် အိန္ဒိယနိုင်ငံ Ministry of Petroleum and Natural Gas မှ Joint Secretary Mr.Sunil Kumar တို့ နားလည်မှုစာချွန်လွှာ အပြန်အလှန်လဲလှယ်ကြစဉ်။

ပြည်တွင်းရေးရာ

☆ စာမျက်နှာ ၃ မှ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အဖွဲ့ဝင်များနှင့်အတူ နယူးဒေလီမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ(Hyderabad House) သို့ ရောက်ရှိရာ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီတို့သည် Hyderabad House ရှိ Nilgiri Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်

တွေ့ဆုံစဉ် ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပေါင်းစည်းဆက်နွယ်မှု၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် ပညာရေး အပါအဝင် ကဏ္ဍစုံနှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆက်လက်မြှင့်တင်သွားရေး၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား အောင်မြင်စွာ အကောင်အထည်ဖော်သွားရေး၊ မြန်မာလူငယ်များ၏ အင်္ဂလိပ်စာအရည်အချင်း ပိုမိုတိုးတက်စေရေးအတွက် ဦးကျော်တင်၊ သူရဦးအောင်ကိုနှင့် ဦးသန့်စင်မောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညီပု၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီတို့သည် Hyderabad House ရှိ Kailash Room ၌ ကျင်းပသည့် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လဲလှယ်ပွဲသို့ တက်ရောက်ကြသည်။

နှစ်နိုင်ငံသဘောတူစာချုပ်များ

အဆိုပါ နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီတို့ ရှေ့မှောက်၌ တရားမဝင်သစ်ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေး၊ ကျားနှင့် အခြား တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ အကောင်အထည် စီမံကိန်းသဘောတူညီချက်၊ ကျန်းမာရေးသုတေသနနယ်ပယ်တွင် မြန်မာဆေးသုတေသနဦးစီးဌာနနှင့် အိန္ဒိယကျန်းမာရေးသုတေသနကောင်စီတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရေနံထွက်ပစ္စည်းများကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် လူကုန်ကူးခြင်းမှ ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများအား ကယ်တင်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်လွှဲပြောင်းရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမား၊ အိန္ဒိယနိုင်ငံ Ministry of Petroleum and Natural Gas မှ Joint Secretary Mr.Sunil Kumar နှင့် Bhargava,

စာမျက်နှာ ၅ သို့ ☆

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို Central Cottage Industries Emporium တွင် ခင်းကျင်းပြသရောင်းချလျက်ရှိသည့် ရိုးရာယဉ်ကျေးမှု လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာနှင့် တွေ့ဆုံစဉ်။

အိန္ဒိယနိုင်ငံမှ သင်တန်းများထောက်ပံ့ပေးရေး၊ ရခိုင်ပြည်နယ်တွင် လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးသွားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ရခိုင်ကိစ္စဖြေရှင်းရေးတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်နေမှုများကို အိန္ဒိယနိုင်ငံက ဆက်လက်ထောက်ခံကူညီသွားရေး၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တိုးမြှင့်ဝယ်ယူသွားရန်

ထို့ပြင် မြန်မာနိုင်ငံမှ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့အား အိန္ဒိယနိုင်ငံက မက်ထရစ်တန်ချိန် လေးသိန်းအထိ တိုးမြှင့်ဝယ်ယူသွားရန် နိုင်ငံတော်သမ္မတမှ အိန္ဒိယဝန်ကြီးချုပ်အား မေတ္တာရပ်ခံမှုအပေါ် အိန္ဒိယနိုင်ငံဘက်မှ အလေးအနက်ထားစဉ်းစားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဖော်ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံမှ အကူအညီပေးရေးဆိုင်ရာ သဘောတူညီချက်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်တွင် မြောက်ဦးမြို့နယ်ရှိ ဆေးရုံ၌ စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ပြန်လည်ထုတ်ယူနိုင်သော စက်ရုံတည်ဆောက်ရေးနှင့် ဂွမြို့နယ်တွင် မျိုးစေ့သိုလှောင်ရုံများနှင့် ရေပေးဝေရေးစနစ် တည်ဆောက်ရေးဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် ငါးမြို့နယ်၌ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်တွင် ဘူးသီးတောင်မြို့နယ်၌ ကျွဲရိုင်း-အိုးဖြူကျေးရွာသွားလမ်းခင်းခြင်းနှင့် ကျောင်းတောင်-ကျွန်းပေါက်ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်းဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်တွင် မူလတန်းကြိုကျောင်းများ ဆောက်လုပ်ရေးဆိုင်ရာ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို နယူးဒေလီမြို့ရှိ India Gate သို့ သွားရောက်လေ့လာစဉ်။

☆ စာမျက်နှာ ၄ မှ

ICMR မှ Prof (Dr) Balram တို့က အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီက Hyderabad House ရှိ Kedar Room ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် Hyderabad House ၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ Central Cottage Industries Emporium သို့ သွားရောက်ပြီး ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် ရိုးရာယဉ်ကျေးမှု လက်မှုပစ္စည်းများဖြစ်သည့် ပန်းပု၊ ပန်းချီနှင့် လက်ဝတ်ရတနာများ၊ ရွှေထည်ငွေထည်ပစ္စည်းများ၊ အဝတ်အထည်များ၊ လူအသုံးအဆောင်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်နှင့် သမ္မတအိမ်တော် North Drawing Room ၌ တွေ့ဆုံဆွေးနွေးပြီး အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်များနှင့်အတူ ခေတ္တတည်းခိုမည့် Taj Palace ဟိုတယ်သို့ ရောက်ရှိကာ ညအိပ်ရပ်နားကြသည်။

ယနေ့နံနက်ပိုင်းက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချိုသည် တာဝန်ရှိသူများနှင့်အတူ နယူးဒေလီမြို့ရှိ India Gate သို့ သွားရောက်လေ့လာပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။

သတင်းစဉ်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပ

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟ

ပွင့်ဖြူ မဲဆန္ဒနယ်မှ ဦးထွန်းထွန်း

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်သိန်း

ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း

အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ

တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုဒ်မ ၈ ပြင်ဆင်ချက်ကို ကန့်ကွက်ရန်မရှိ

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈ တွင် မူလပြဋ္ဌာန်းချက်ဖြစ်သော နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်အစား နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ဦးထွန်းထွန်းဟိန်၏ ပြင်ဆင်ချက်သည် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း ၁ နိုင်ငံရေးမူဝါဒသဘောတူစာချုပ်ဆုံးဖြတ်ချက်တွင်ပါရှိသော ပုဒ်မ ၄ ဖက်ဒရယ်ပြည်ထောင်စုအခန်း(က)တွင်ဖော်ပြထားသည့် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုဖြင့် ဖွဲ့စည်းရမည်ဆိုသည့် စကားရပ်နှင့် ထပ်တူနီးပါးကျနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အဆိုပါပုဒ်မ ၈ ပြင်ဆင်ချက်ကို ကန့်ကွက်ရန်မရှိပါကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ပေါ်ပေါက်လာရေးအတွက် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ၊ ပုဒ်မခွဲနှင့် ပုဒ်မခွဲငယ်တို့ကို ပြင်ဆင်နိုင်ကြပါစေကြောင်း ဆွေးနွေးသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ-၆ ပုဒ်မခွဲ(စ) မူလပြဋ္ဌာန်းချက်တွင် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်ဟု ဖော်ပြထားပြီး ပြင်ဆင်ချက်တွင် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပြည်သူ့ဆန္ဒနှင့်အညီ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို ဦးတည်သည်ဟု ဖော်ပြထားပါကြောင်း၊ ယခုလို ပြင်ဆင်ခြင်းသည် အင်မတန်မှကောင်းမွန်ပါကြောင်း၊ အခန်း(၁) ပုဒ်မ ၄ တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်ဟု ဖော်ပြထားသည့်အတွက် အချုပ်အခြာအာဏာပိုင်ဖြစ်သည့် ပြည်သူ့ဆန္ဒနှင့်အညီ တပ်မတော်က ပါဝင်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်းက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈ မူလပြဋ္ဌာန်းချက်ဖြစ်သည့် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ပြဋ္ဌာန်းချက်ကို ပူးပေါင်းကော်မတီက နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ပြင်ဆင်ချက်ကို လက်ခံပါကြောင်း၊ မူလပြဋ္ဌာန်းချက်သည် ပြီးပြည့်စုံပြီးဖြစ်သော်လည်း ဖက်ဒရယ်ဆိုသည့်စကားလုံးအား ထည့်သွင်းလိုက်ခြင်းအားဖြင့် တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တနေသော လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်သည့်အတွက် ဝမ်းမြောက်ပါကြောင်း ဆွေးနွေးသည်။

လက်တွေ့ဆန်ပြီး ပိုမိုသင့်လျော်

ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်းက ပုဒ်မ ၄၀၅ ပုဒ်မခွဲ(က)တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်ဆိုသည့်ပုဒ်မကို စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ပြင်ဆင်ထားပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီခရီးကို လျှောက်လှမ်းနေပြီဖြစ်သည့်အတွက် ကျင့်သုံးရမည်ဆိုသည့်စကားရပ်သည် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဆောင်ရွက်ရမည့်သဘော၊ မဖြစ်မနေလုပ်ရမည့်သဘော၊ အမိန့်ပေးစေခိုင်းသည့်သဘောမျိုးများ ပါဝင်နေသည့်အတွက် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဆိုခြင်းက လက်တွေ့ဆန်ပြီး ပိုမိုသင့်လျော်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်က ပုဒ်မ ၂၂၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မ(ခ)တို့ကို ပြင်ဆင်ရန် တင်ပြချက်များအနေဖြင့် ပုဒ်မခွဲနှစ်ပိုဒ်လုံး၏ အဆုံးသတ်တွင် "ပြုသည်"အစား "ပြုနိုင်သည်"ဟု ပြင်ဆင်ရန် တင်ပြထားပါကြောင်း၊ ပြုနိုင်သည်ဆိုသည်မှာ လုပ်ဆောင်လိုက လုပ်ဆောင်နိုင်ပြီး မလုပ်ဆောင်လိုပါကလည်း မလုပ်ဆောင်ဘဲနေနိုင်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ တိကျစွာပြဋ္ဌာန်းရန်လိုအပ်သည့်အတွက် ယခုပုဒ်မခွဲ (၂)ခုစလုံးကို မူလအတိုင်းသာထားရှိနိုင်ပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

ဆွေးနွေး

ယင်းဥပဒေကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမျိုးမင်းအောင်၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးကြီး မြင့်ဟန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းသာစိန်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးမြင့်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးနေလင်း၊ ချမ်းအေးသာစံ မဲဆန္ဒနယ်မှ ဦးမျိုးနိုင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော်၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၊ ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းသန်းအုန်း၊ ကလေး မဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခေါ်) ရှားမီးနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ – စိုးဝင်းထွန်း(သတင်းစဉ်)

(၁၈)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲ(ICCA 2020)နှင့် (၁၂)ကြိမ်မြောက် အနာဂတ်ကွန်ပျူတာနှင့် ဆက်သွယ်ရေးဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကြီးမှူးကျင်းပသည့် (၁၈)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲနှင့် (၁၂)ကြိမ်မြောက် အနာဂတ်ကွန်ပျူတာနှင့် ဆက်သွယ်ရေးဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါစာတမ်းဖတ်ပွဲကို ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန် စသည့်နိုင်ငံများနှင့် ထိုင်ဝမ်တို့မှ အိုင်စီတီနှင့်ပတ်သက်သော တက္ကသိုလ် ၁၇ ကျောင်းနှင့် မြန်မာနိုင်ငံ အိုင်စီတီနှင့်ပတ်သက်သော တက္ကသိုလ်ကောလိပ်များ၊ နည်းပညာကျောင်းများ ပူးပေါင်း၍ နည်းပညာနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်တွင်း ပြည်ပမှ သုတေသနပညာရှင်များက စာတမ်း ၁၀၂ စောင် ဖတ်ကြားဆွေးနွေးမည်ဖြစ်သည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်မိမိသက်သွင်က နိုင်ငံ၏သုတေသနများ အရည်အချင်းပြည့်ဝရန်၊ ပြည်သူလူထုကို အကျိုးပြုနိုင်သည့် သုတေသနများလုပ်နိုင်ရန်နှင့် Researcher များ၏ စာသင်ကြားမှုအရည်အသွေး၊ သုတေသနစွမ်းရည်များ တိုးမြှင့်လာရန်အပြင် နိုင်ငံတကာကွန်ဖရင့်များကျင်းပပြီး နိုင်ငံ၏သုတေသနလုပ်ငန်းများ အရည်အသွေးမြှင့်တင်ရန်နှင့် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်ဟု ဆိုသည်။

"အကျိုးကျေးဇူးအနေနဲ့ ကွန်ဖရင့်တွေကို ကျင်းပတဲ့အတွက် ကျွန်မတို့နိုင်ငံမှာရှိနေတဲ့ သုတေသနပညာရှင်လေးတွေဟာ အခြားနိုင်ငံမှာရှိနေတဲ့ သုတေသနတွေကို နောက်ကျမကျန်ဘဲ အတူတူဆွေးနွေးအကြံဉာဏ်ရယူပြီး အတွေ့အကြုံတွေဖလှယ်နိုင်စေဖို့ ဖြစ်ပါတယ်။ ပြည်တွင်းမှာကျင်းပတဲ့အတွက် သုတေသနပညာရှင် အများအပြား တက်ရောက်ပါဝင်ဆွေးနွေးနိုင်တာ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း အိုင်တီဟာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးရေးအတွက် အဓိကအားကိုးရမယ့် Industries တစ်ခုဖြစ်ပါတယ်။ အဲဒီ Industries တစ်ခုတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ အိုင်တီ Industries ဖွံ့ဖြိုးမှ ဖြစ်မှာဖြစ်တဲ့အတွက် အိုင်တီသုတေသနပညာရှင်တွေဟာ ခေတ်နဲ့ နောက်ကျမကျန်ခဲ့ဘူး၊ သူတို့ရဲ့ သုတေသနပညာတွေက ပြည်သူလုထုရဲ့စီးပွားရေးလုပ်ငန်းတွေကို အထောက်အကူ ပြုစေမှာဖြစ်ပါမယ်"ဟု ဒေါက်တာ ဒေါ်မိမိသက်သွင်က ပြောကြားသည်။

စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဂျပန်နိုင်ငံအခြေစိုက် နည်းပညာတက္ကသိုလ်ကောလိပ်များမှ တာဝန်ရှိသူများ၊ အာဆီယံဒေသတွင်းမှ နည်းပညာဆိုင်ရာကျွမ်းကျင်သူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာသုတေသနအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် သုတေသနဆိုင်ရာ အခွင့်အလမ်းများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ နည်းပညာဆိုင်ရာ အတွေ့အကြုံများကို ပူးပေါင်းဆောင်ရွက်နိုင်သော အိုင်စီတီပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

သတင်း – ဝင်းဝင်းမော်၊ ဓာတ်ပုံ – လှမိုး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဆည်မြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဆည်မြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် သဘာဝသယံဇာတကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ အခြေခံကျသည့် ရေအရင်းအမြစ်များကို ပိုင်ဆိုင်ထားပါကြောင်း၊ ရေသယံဇာတများ ထိန်းသိမ်းခြင်း၊ ဆည်တာတမံများ ရေရှည်တည်တံ့စေရေးနှင့် သဘာဝရေဘေးဒဏ်ခံနိုင်ရည်ရှိစေရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တည်ဆောက်ရေးအပိုင်းကို အာရုံစူးစိုက်ဆောင်ရွက်ကြရန်၊ စီမံခန့်ခွဲမှုအားကောင်းမှုနှင့်အတူ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ ဆည်မြောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တည်ဆဲဆည်မြောင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်း၏ စံချိန်စံညွှန်းဆိုင်ရာကဏ္ဍ၊ ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှုကဏ္ဍတို့တွင် တာဝန်ယူမှုနှင့်အတူ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ ရည်မှန်းချက်၊ မဟာဗျူဟာနှင့် လက်တွေ့ဆောင်ရွက်မှုရလဒ်များ၏ အားသာချက်၊ အားနည်းချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများတွင် အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုအားကောင်းရန် အရေးကြီးပြီး Project Management Unit (PMU) ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးလုပ်ငန်းများကို ထိန်းကျောင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ဘဏ္ဍာနှစ်အလိုက် ဆည်မြောင်းကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက ဒေသအလိုက်ဆောင်ရွက်ချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တာဝန်များကို တိကျစွာသတ်မှတ်တာဝန်ပေးအပ်ရန်၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန် စသည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆွေးနွေးသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ရိုက်နှိပ်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့နံနက်ပိုင်းက ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များက တင်ဒါလက်ခံရယူဆောင်ရွက်နေသည့် ပုံနှိပ်တိုက်များသို့ သွားရောက်၍ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ရိုက်နှိပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးတို့နှင့်အတူ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ တင်ဒါလက်ခံရယူဆောင်ရွက်နေကြသည့် မန္တလေးမြို့ရှိ တော်ဝင်နန်းပုံနှိပ်လုပ်ငန်း၊ ရတနာမိုးပုံနှိပ်လုပ်ငန်း၊ တတိယလှိုင်းပုံနှိပ်လုပ်ငန်းနှင့် တော်ဝင်ပုံနှိပ်လုပ်ငန်းများသို့ သွားရောက်၍ လုပ်ငန်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာပုံနှိပ်လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းပြီးစီးမှုနှင့် ရိုက်နှိပ်ပြီးစီးမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

အဆိုပါ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် ပုံနှိပ်အရည်အသွေးပြည့်မီရေး၊ မီးဘေးလုံခြုံရေးနှင့် ရိုက်နှိပ်ပြီးစာအုပ်များ လုံခြုံစိတ်ချစွာ သိုလှောင်ထားရှိရေးတို့ကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)သို့ရောက်ရှိရာ စက်ရုံမှူး ဦးဘိုလှက ရှင်းလင်းဆောင်၍ ဘဏ္ဍာနှစ်အလိုက် ကုန်ထုတ်လုပ်မှုနှင့် ဘဏ္ဍာငွေရှာဖွေပေးနိုင်မှုများနှင့် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)မှ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ထုတ်လုပ်ထောက်ပံ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့က ပုံနှိပ်စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

၁။ ပြီးခဲ့သည့်နှစ်များအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဘက်ပေါင်းစုံစိန်ခေါ်မှုများကြားမှ အဓိကကျသော ပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် တံခါးဖွင့်ဆက်ဆံခဲ့ပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် နိုင်ငံတော်အစိုးရသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်များကို လိုက်ပါအကောင်အထည်ဖော်လျက်ရှိရာ ယင်းတို့အနက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်သည် အရေးကြီးဆုံးသော ကတိကဝတ်တစ်ခု ဖြစ်ပါသည်။

၂။ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Forces- FATF)၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတ်မှတ်ချက်အရ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံကို "ပူးပေါင်းဆောင်ရွက်မှုမရှိသောနိုင်ငံများ" စာရင်းတွင် ထည့်သွင်းခဲ့ပါသည်။ ထို့နောက် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်မှု အထူးအားနည်းသည့် နိုင်ငံများစာရင်းတွင် သိသာစွာ တိုးတက်မှုမရှိသည့်နိုင်ငံအဖြစ် ထည့်သွင်းခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးမူဝါဒများ ကောင်းမွန်တိုးတက်စေနိုင်သည့် လုပ်ငန်းနယ်ပယ်များကို ဖော်ထုတ်ရန် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန်အကဲဖြတ်မှုကို ခံယူခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ်တွင် ပါဝင်သော ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၏ အကဲဖြတ်မှုပုံစံသည် ဥပဒေဆိုင်ရာ စံနှုန်းများကိုသာမက ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှုများကိုပါ တိုင်းတာသည့် ပိုမိုတင်းကြပ်သော အကဲဖြတ်မှု ဖြစ်လာပါသည်။ ၂၀၁၈ ခုနှစ် နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်မှုအစီရင်ခံစာ (Mutual Evaluation Report-MER) ၌ မြန်မာနိုင်ငံ၏ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတွင် လိုက်နာမှုအားကောင်းစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (၉၉) ချက်ကို ဖော်ထုတ်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံသည် အဆိုပါလုပ်ငန်းစဉ်များကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယသမ္မတ ဦးဆောင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကိုဖွဲ့စည်း၍ ဌာနအချင်းချင်းအကြား လုပ်ငန်းစဉ်များအား စောင့်ကြည့်ရေးနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ နိုင်ငံတော်သမ္မတရုံးမှ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအမိန့်ကို ထုတ်ပြန်ခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာနအသီးသီးမှ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အဆင့်မှ ခိုင်မာသော ကတိကဝတ်များနှင့်အညီ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး (၃)လအတွင်း ဥပဒေပိုင်းဆိုင်ရာ အားနည်းချက်များကို ကျော်လွှားနိုင်ခဲ့ကာ ထိရောက်မှုဆိုင်ရာ အကောင်အထည်ဖော်မှုတွင် သိသာထင်ရှားသော ရလဒ်ကောင်းများကို တိုးတက်ရရှိခဲ့ပါသည်။ အဆိုပါ တိုးတက်မှုရလဒ်များကြောင့် နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ချက် အစီရင်ခံစာတွင် ဖော်ပြထားသည့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အများစုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းစဉ်(၈)ချက်သာ ဆောင်ရွက်ရန် ကျန်ရှိပါသည်။

၄။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ထိရောက်မှုအားကောင်းလာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ကတိကဝတ်များနှင့်အညီ ဆောင်ရွက်မှုများကို ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့မှ အသိအမှတ်ပြုခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအပေါ် နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်မှု အစီရင်ခံစာထုတ်ပြန်ပြီးချိန်မှစ၍ မြန်မာနိုင်ငံသည် နည်းပညာပိုင်းဆိုင်ရာ လိုက်နာမှုနှင့် ထိရောက်မှုတို့တွင် တိုးတက်စေရန်အတွက် နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်မှု အစီရင်ခံစာပါ လုပ်ငန်းစဉ်များကို တက်ကြွစွာပါဝင်ဆောင်ရွက်သော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့မှ ထည့်သွင်းဖော်ပြခဲ့ပါသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် လာမည့်(၁၅)လအတွင်း ကတိကဝတ်ပြုထားသည့် လုပ်ငန်းစဉ်(၈)ချက်ကို မဆုတ်မနစ် အကောင်အထည်ဖော်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းတွင် တာဝန်သိသောအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲရေးခရီးစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို
ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရားဆိုင်ရာဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ILO တို့ ပူးပေါင်း၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရားကို လက်တွေ့အကောင်အထည်ဖော်ရာ၌ တိုင်ကြားမည့်အမှုများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ရေးဆိုင်ရာ အထောက်အကူပြုနိုင်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

လက်မှတ်ရေးထိုး

ဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် ILO နှင့်ပူးပေါင်းကာ ၂၀၀၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာန အစီအစဉ် Decent Work Country Programme–DWCP (2018–2021) အကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာကို ILO နှင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ DWCP လုပ်ငန်းစဉ်အရ အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက်(၂၀၁၉ – ၂၀၂၁)ကို ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်(၁)ဖြစ်သည့် "အဓမ္မခိုင်းစေခြင်းဆိုင်ရာ အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားထူထောင်ခြင်း" (National Complaints Mechanism–NCM)ထူထောင်ရေးကို အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း။ NCM အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၇၂/၂၀၁၉)ဖြင့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီကို ဝန်ကြီးဌာန ၁၆ ခုနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်း၍ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ ရက်တွင် လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုတိုင်ကြားမှုယန္တရားသို့ အဓမ္မခိုင်းစေမှုနှင့်စပ်လျဉ်းပြီး မည်သူမဆိုတိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားမှုယန္တရားတွင် တိုင်ကြားသူက အမျိုးသားကော်မတီကို တိုက်ရိုက်ဖြစ်စေ၊ လွှတ်တော်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ILO အပါအဝင် အခြားအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့်ဖြစ်စေ စိတ်ချလုံခြုံစွာ တိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားလာသည့် အမှုများကို အမျိုးသားကော်မတီ၏ရုံးအဖွဲ့က မှတ်တမ်းတင်ခြင်း၊ အဓမ္မခိုင်းစေမှုတွင် အကျုံးဝင်ခြင်း ရှိ/မရှိ၊ အမှုအမျိုးအစားခွဲခြား၍ အကျုံးဝင်သည့် အမှုအမျိုးအစားအလိုက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များထံ အမှုတွဲလွှဲပြောင်းပေးပို့၍ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

သက်ဆိုင်ရာဌာနများမှ ဖြေရှင်းပြီးစီးမှုများကို သက်ဆိုင်သူထံ တိုက်ရိုက်ပြန်ကြားရန်နှင့် ဖြေရှင်းဆောင်ရွက်ထားရှိမှုများကို အမျိုးသားကော်မတီသို့ ပြန်လည်တင်ပြစေပြီး စနစ်တကျမှတ်တမ်းတင်ထားရှိကာ အမျိုးသားကော်မတီ၏ အတည်ပြုချက်ဖြင့် သတင်းထုတ်ပြန်ပြီး နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်ကြားလာသူများနှင့် အဓမ္မကျူးလွန်ခံရသူများကို လက်တုံ့ပြန်မှုမရှိစေရေး၊ တိုင်ကြားသူနှင့်ပတ်သက်သည့် အချက်အလက်များကို လျှို့ဝှက်ဖြေရှင်းပေးရန် အမျိုးသားကော်မတီဝင် ဝန်ကြီးဌာနများကို ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်၍ ဝန်ကြီးဌာနများမှ အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li နှင့် Ms. Piyamal Pichaiwongse တို့က လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြရာ အမျိုးသားအဆင့်ကော်မတီအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမျိုးသားအဆင့်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

JICA (ODA) SME TWO-Step Loan စီမံကိန်းအဆင့် - ၁ နှင့် အဆင့် - ၂ တို့တွင် ချေးငွေထုတ်ချေးထားရှိမှုအား အသိပေးကြေညာခြင်း

နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ပါဝင်မှုသည် ၉၉ ရာခိုင်နှုန်းခန့်ရှိပြီး MSME များ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရလာနိုင်ခြင်း၊ တစ်ဦးချင်းဝင်ငွေတိုးတက်လာနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာအရေးကြီးပါသည်။ သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ်သည် MSME လုပ်ငန်းများအား ဘဏ္ဍာငွေပံ့ပိုးကူညီရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ(ODA) ချေးငွေရယူ၍ JICA (ODA) SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် စီမံကိန်းစီမံခန့်ခွဲသူ(Executing Agency)အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အောက်ပါလုပ်ငန်းများမှအပ ၂၀၁၅ ခုနှစ်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် ညီညွတ်သော မည်သည့် MSME လုပ်ငန်းမဆို ချေးငွေလျှောက်ထားရယူနိုင်ပါသည်–

(၁) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန် အရည်အသွေးပြည့်မီမှုရှိသော လယ်သမားများ၊
(၂) အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊
(၃) ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းများ၊
(၄) အဖိုးတန်သတ္တုရောင်းဝယ်ရေးလုပ်ငန်းများ၊
(၅) အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံလုပ်ငန်းများ၊
(၆) ဖြေဖျော်မှု၊ တင်ဆင်မှု (နိုင်ငံခြားခရီးသွားလုပ်ငန်း မပါ) လုပ်ငန်းများ၊
(၇) လက်နက်၊ ခဲယမ်းထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းများ။

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်–၁ (Phase–1) တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားနိုင်သည့် ဘဏ်များ

(၁) အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်(SMEDB)၊
(၂) မြန်မာ့ရှေ့ဆောင်ဘဏ်(MAB)၊
(၃) မြန်မာနိုင်ငံသားများဘဏ်(MCB)၊
(၄) ဧရာဝတီဘဏ်(AYA)၊
(၅) ကမ္ဘောဇဘဏ်(KBZ)၊
(၆) သမဝါယမဘဏ်(CB)။

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်–၁ (Phase–1) ဆောင်ရွက်မှုအခြေအနေ

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်–၁ (Phase–1)တွင် အထက်ဖော်ပြပါဘဏ်(၆)ဘဏ်မှ တစ်ဆင့် ငွေကျပ် (၅၇,၆၃၄ ဒသမ ၄၃)သန်းအား MSME လုပ်ငန်းရှင် (၂၆၉)ဦးသို့ ချေးငွေများ ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ထုတ်ချေးငွေများအနက်မှ ပြန်လည်ပေးဆပ်လာသော အရင်းငွေရပ်များကို လှည့်ပတ်ရန်ပုံငွေစာရင်းတွင် ထားရှိ၍ ပြန်လည်ထုတ်ချေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအထိ MSME လုပ်ငန်းရှင် (၁၂၂) ဦးသို့ ငွေကျပ်(၂၄,၇၈၄ ဒသမ ०၅)သန်းအား ထုတ်ချေးခဲ့ပြီး လှည့်ပတ်ရန်ပုံငွေစာရင်းရှိ လက်ကျန်ငွေများကို အထက်ဖော်ပြပါ ဘဏ်(၆)ဘဏ်မှတစ်ဆင့် အရင်းအနှီးလိုအပ်သော MSME လုပ်ငန်းရှင်များသို့ ဆက်လက်ထုတ်ချေးလျက်ရှိပါသည်။

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့် –၂ (Phase–2) တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားနိုင်သည့် ဘဏ်များ

(၁) မြန်မာနိုင်ငံသားများဘဏ်(MCB)၊
(၂) ကမ္ဘောဇဘဏ်(KBZ)၊
(၃) မြန်မာ့စီးပွားရေးဘဏ်(MEB)၊
(၄) သမဝါယမဘဏ်(CB)၊
(၅) ဧရာဝတီဘဏ်(AYA)၊
(၆) ပထမပုဂ္ဂလိကဘဏ်(FPB)၊
(၇) ယူနိုက်တက်အမရာဘဏ်(UAB)၊
(၈) အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်(SMEDB)၊
(၉) မြန်မာအရှေ့တိုင်းဘဏ်(MOB)၊
(၁၀) မြန်မာ့ရှေ့ဆောင်ဘဏ်(MAB)၊
(၁၁) နေပြည်တော်စည်ပင်ဘဏ်(NSB)။

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်–၂ (Phase–2) ဆောင်ရွက်မှုအခြေအနေ

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်–၂ (Phase–2) တွင် ဂျပန်ယန်းသန်း (၁၀,၅၀၀)နှင့်ညီမျှသော မြန်မာကျပ် (၁၄၃,၁၂၅)သန်းအား ရယူထားပြီး အထက်ဖော်ပြပါ ဘဏ်(၁၁) ဘဏ်မှတစ်ဆင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအထိ MSME လုပ်ငန်းရှင် (၅၉၁)ဦးသို့ ငွေကျပ် (၁၀၁,၀၂၃)သန်းအား ထုတ်ချေးထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ MSME လုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီးများကို အထက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လျှောက်ထားရယူနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

စဉ်	JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း ချေးငွေထုတ်ချေးခြင်းအတွက် သတ်မှတ်ချက်	
၁။	SME လုပ်ငန်းတစ်ခုသို့ ထုတ်ချေးနိုင်သည့်ငွေပမာဏ	အများဆုံးကျပ် (၅၀၀) သန်း
၂။	ချေးငွေအသုံးပြုရန် သတ်မှတ်ချက်	ပုံသေရင်းနှီးငွေ(Fixed Capital)အတွက် ချေးငွေ၏ အနည်းဆုံး ၈၀%
		လှည့်ပတ်ရင်းနှီးငွေ(Working Capital)အတွက် ချေးငွေ၏ အများဆုံး ၂၀%
၃။	ချေးငွေအတိုးနှုန်း	အပေါင်ပစ္စည်း ပေးအပ်နိုင်မှုပေါ်မူတည်၍ အနည်းဆုံး ၈ ဒသမ ၅% မှ အများဆုံး ၁၃% အထိ
၄။	ချေးငွေသက်တမ်း	၁ နှစ် အထက်မှ ၅ နှစ်အထိ

ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့နယ်ရှိ ကျေးရွာများသို့ မြေပြင်ကွင်းဆင်းသတင်းရယူ

မောင်တော ဖေဖော်ဝါရီ ၂၇

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြပြီး အငှားမော်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် မောင်တောမြို့သို့ ရောက်ရှိကြသည်။

ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့ရှိမောင်တော ခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်နှင့် မြို့နယ်တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် ပဒင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

ယင်းနောက် ညောင်ချောင်းကျေးရွာသို့ သွားရောက်၍ ရပ်မိရပ်ဖများ၊ မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကြပြီး ကျေးရွာအတွင်း လှည့်လည်သတင်းရယူကြသည်။

ထို့နောက် ရွှေဇားကျေးရွာ မူလတန်းလွန်ကျောင်းသို့ရောက်ရှိကာ ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကြပြီး ယင်းကျေးရွာအနီး အိန္ဒိယနိုင်ငံမှ ဆောက်လုပ်လှူဒါန်းထားသော နေအိမ်များကို ကြည့်ရှုသတင်းရယူကြသည်။

အဆိုပါ သတင်းမီဒီယာအဖွဲ့တွင် Myanmar Now ၊ Eleven Media Group ၊ VOA ၊ CNA ၊ European Pressphoto Agency(epa)၊ BBC Media Action နှင့် Aljazeera သတင်းဌာနတို့မှ သတင်းသမားများ ပါရှိပြီး သတင်းမီဒီယာအဖွဲ့များ မောင်တောဒေသသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ သွားရောက်သတင်းရယူမှု အနေဖြင့် ၃၆ ကြိမ် ရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်း-မြင့်မောင်၊ ဂျေတီ ဓာတ်ပုံ - သက်လွင်စိုး**

ရန်ကုန်တက္ကသိုလ် ရာပြည့်ဓမ္မသဘင် သစ်ပုပ်ပင်ရှေ့ မြက်ခင်းပြင်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

တက္ကသိုလ်ရာပြည့်ကျင်းပရေးကော်မတီက ဦးဆောင်၍ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးနှင့် ရန်ကုန်တက္ကသိုလ်ဆရာများသမဂ္ဂတို့ ပူးပေါင်းကျင်းပမည့် ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် ရာပြည့်ဓမ္မသဘင်ကို ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်ရှေ့ မြက်ခင်းပြင်၌ မတ် ၇ ရက်၊ ၈ ရက်၊ ၉ ရက် ညစဉ် ၇ နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်သည်။

ဟောကြားတော်မူကြမည်

မတ် ၇ ရက်တွင် ဟသ်ာတမြို့ နိဗ္ဗာယပရဟိတဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏာလင်္ကာရ၊ မတ် ၈ ရက်တွင် ပဲခူးဆယ်မိုင်ကုန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညိသရာဘိဝံသ၊ မတ် ၉ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသတို့က တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များဆက်သွယ်လှူဒါန်းလိုပါက ဘဏ္ဍာရေးမှူး ဒေါက်တာမူမူမြင့် (ပါမောက္ခ၊ဌာနမှူး)အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ် ဖုန်း-၀၉-၇၉၉၅၇ ၃၀၅၁၊ ဒေါက်တာကေသီတင်(ပါမောက္ခ)သင်္ချာဌာန ရန်ကုန်တက္ကသိုလ် ဖုန်း-၀၉-၅၁၅၃၀၆၂၊ ဒေါက်တာဇင်မာဝေ(တွဲဖက်ပါမောက္ခ) အရှေ့တိုင်းပညာဌာန ရန်ကုန်တက္ကသိုလ် ဖုန်း-၀၉-၃၆၂၅၂၂၇၇၊ ဒေါက်တာ ငြိမ်းသီတာ (တွဲဖက်ပါမောက္ခ) ရူပဗေဒဌာန ရန်ကုန်တက္ကသိုလ် ဖုန်း-၀၉-၅၀၈၆၈၄၃ နှင့် ဒေါ်တင်တင်ခိုင် (ခွဲမှူး၊ ဘဏ္ဍာဌာန) ရန်ကုန်တက္ကသိုလ် ဖုန်း-၀၉-၄၀၂၆၇၄၉၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

(၂၇-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယနေ့ (၂၇-၂-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ ပြန်ကြားချက်အရ သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော-

(က) မူဆယ်မြို့နယ်ဆေးရုံမှ အသက် (၂၃) နှစ်အရွယ် အမျိုးသား တစ်ဦးနှင့်

(ခ) ဝေဘာဂီအထူးကုဆေးရုံကြီးမှ အသက် (၃၂) နှစ် အရွယ် အမျိုးသား တစ်ဦး

စုစုပေါင်း နှစ်ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၃။ ယနေ့ (၂၇-၂-၂၀၂၀) ရက်နေ့ ည (၈း၀၀) နာရီအချိန်အထိ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိသော လူနာများ မရှိပါကြောင်းနှင့် (၂၇-၂-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၃၈) နိုင်ငံတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၂၇-၂-၂၀၂၀ ရက်နေ့ထိ)

(၂၇-၂-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ
(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏(၂၇-၂-၂၀၂၀)ရက်နေ့ မြန်မာစံတော်ချိန် နံနက် (၁၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)

ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း	- ၃၈ နိုင်ငံ
ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	- ၈၁၁၀၉ ဦး
ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း	- ၂၇၆၁ ဦး

ရောဂါဖြစ်ပွားမှုများသောနိုင်ငံများ၏ အခြေအနေ

	တရုတ်ပြည်သူ့သမ္မတနိုင်ငံ	ကိုရီးယားသမ္မတနိုင်ငံ	အီတလီနိုင်ငံ	ဂျပန်နိုင်ငံ	အီရန်နိုင်ငံ	စင်ကာပူနိုင်ငံ
ဓာတ်ခွဲအတည်ပြုလူနာ	၇၈၁၉၁	၁၂၆၁	၃၂၂	၁၆၄	၉၅	၉၁
သေဆုံးသူ	၂၇၁၈	၁၂	၁၁	၁	၁၅	၀

၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ
(၂၇-၂-၂၀၂၀ ရက်နေ့၊ ညနေ (၆:၁၅) နာရီ အချိန်ထိ)

	လူနာဦးရေ	ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ		
		ပိုးတွေ့	ပိုးမတွေ့	စစ်ဆေးဆဲ
စောင့်ကြည့်လူနာ	၄၀	-	၄၀	-
သံသယလူနာ	၂	-	၂	-
စုစုပေါင်း	၄၂	-	၄၂	-

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သံသယလူနာနှင့်စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၂) ဦး၊ ရှမ်းပြည်နယ်တွင် (၁၁) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၈) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၁) ဦး စုစုပေါင်း (၄၂) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ဆိပ်ကမ်းများ၊ နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များတွင်လည်းကောင်း၊ ပြည်သူလူထုအခြေပြု၍လည်းကောင်း၊ ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအခြေပြု၍လည်းကောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများတွင် အထူးကြပ်မတ်ကုသဆောင်များ (Intensive Care Unit-ICU)၊ သီးခြားထားရှိကုသဆောင် (Isolation Ward)၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းတို့ကို ဝယ်ယူဖြန့်ဖြူးလျက်ရှိပြီး ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

၆။ COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပိုစတာ၊ လက်ကမ်းစာစောင်၊ စတစ်ကာ၊ ဗီနိုင်း စသည့် ကျန်းမာရေးပညာပေးအထောက်အကူပစ္စည်းများကို ပြုစုထုတ်ဝေခဲ့ပြီး ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးသတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် QR Code ကို Scan ဖတ်၍ ရယူနိုင်မည်ဖြစ်ပါသည်။ ယခုအချိန်အထိ ၎င်း QR Code အား Scan ဖတ်၍ ကြည့်ရှုသူပေါင်း (၃၇၀,၀၀၀) ခန့်ရှိပြီဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင်သတင်းမီဒီယာများ၊ ရေဒီယိုများနှင့် တိုင်းရင်းသားဘာသာစကားကဏ္ဍတို့တွင်လည်း ကျန်းမာရေးပညာပေးသတင်းအချက်အလက်များကို စဉ်ဆက်မပြတ် ထုတ်လွှင့်ဖော်ပြလျက်ရှိပါသည်။

၇။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ကိုရီးယားသမ္မတနိုင်ငံ၊ အီရန်နိုင်ငံ၊ အီတလီနိုင်ငံ အစရှိသည့်နိုင်ငံများတွင် ရောဂါဖြစ်ပွားသူများ ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အလားတူအခြေအနေမျိုး အချိန်၊ နေရာမရွေး လူအများ၌ ကူးစက်ဖြစ်ပွားနိုင်ပါသည်။

၈။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးမှုနှင့် အခြားလမ်းညွှန်ချက်များဖြစ်သည့်-

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများ၌ ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့မဖြစ်မနေ ကျင်းပရပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကို တိကျစွာစနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဆင်းကတ်များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးစကားဝိုင်း ကျင်းပ

စုစည်းတင်ပြသူ
မင်းသစ်(MNA)
ဓာတ်ပုံ
ဇော်မင်းလတ်(ဒလ)

တယ်လီဖုန်းဆင်းကတ်သုံးစွဲသူများအနေဖြင့် မိမိတို့နာမည်အမှန်ဖြင့် တရားဝင် မှန်မှန်ကန်ကန် မှတ်ပုံတင်သုံးစွဲနိုင်ရေးနှင့် မှန်မှန်ကန်ကန် မှတ်ပုံမတင်သည့် ဆင်းကတ်များကို ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်နောက်ပိုင်းမှစတင်ကာ အထွက်ဖုန်းခေါ်ဆိုမှုကို ပိတ်သွားမည်ဖြစ်ကြောင်း သိရသည်။ တယ်လီဖုန်းသုံးစွဲသူများက ဆင်းကတ်များကို စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရန်အတွက် "ဆင်းကတ်များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးစကားဝိုင်း"ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်မေစန္ဒီမောင်က အစီအစဉ်မှူးအဖြစ်ဆောင်ရွက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမျိုးသန့်၊ တယ်လီနောမြန်မာမှ Head of customer care ဒေါ်ထက်ထက်ထွန်း၊ အူရီဒူးမြန်မာစားသုံးသူဝန်ဆောင်မှုဌာန အမှုဆောင်အရာရှိချုပ် ဦးစောဆဲသပ်ကလဲနှင့် မိုင်တဲလ်မှ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးတို့ ပါဝင်ဆွေးနွေးခဲ့သည်။

(ယမန်နေ့မှအဆက်)

အစီအစဉ်မှူး။ ။ တယ်လီဖုန်းဆင်းကတ်တွေကို မှတ်ပုံတင်တဲ့အခါမှာ ဘယ်လိုမျိုး ကတ်အမျိုးအစားတွေနဲ့ မှတ်ပုံတင်လို့ရပါသလဲ။ တကယ်လို့များ မှတ်ပုံ မတင်ဘူးဆိုရင် ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ သိပါရစေ။

ဦးစိုးသိန်း။ ။ အခုကတော့ ၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသားဥပဒေအရ ထုတ်ပေးထားတဲ့ သက်သေခံကတ်ပြားတစ်ခုခုကိုပဲ လက်ခံဆောင်ရွက်သွားဖို့ သတ်မှတ်ထားပါတယ်။ အဲဒါကတော့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်၊ နောက် သာသနာဝင် သာသနာတော်ဝင်စိစစ်ရေးကတ်ပြားတစ်ခုခု စတာတွေနဲ့ ဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်။ နောက်တစ်ခုကNVC လို့ခေါ်တဲ့ နိုင်ငံသားစိစစ်ခံရတဲ့သူတွေရဲ့သက်သေခံကတ်ပြားနံပါတ် ဒါတွေနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

နိုင်ငံခြားသားဆိုရင်လည်း ပတ်စပို့စ်နံပါတ်နဲ့ ပတ်စပို့စ်နဲ့ လက်ခံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာ အော်ပရေတာတွေကလည်း စောစောက တင်ပြဆွေးနွေးသလိုပဲ သူတို့ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေကို ပြည်သူလူထုအတွက် ဆက်လက်ပြီးတော့ အသိပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ သက်သေခံကတ်ပြားတွေနဲ့ မှတ်ပုံတင်ဆောင်ရွက်ခြင်း မရှိရင်၊ ဧပြီလကုန်အထိ ဒါတွေမဆောင်ရွက်ဘူးဆိုရင် မှတ်ပုံတင်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး စုံစမ်းမေးမြန်းလို့ရအောင် သက်ဆိုင်ရာသူတို့ရဲ့ Call center တွေကို ခေါ်ဆိုတာကလွဲလို့ ကျန်တဲ့အထွက်ခေါ်ဆိုမှုအားလုံးကို ပိတ်သွားမှာဖြစ်ပါတယ်။ ၃၀-၆-၂၀၂၀ ရက် နောက်ပိုင်းအထိ ပြန်လည်ပြီး စနစ်တကျမှတ်ပုံမတင်ဘူးဆိုရင် ဆင်းကတ်တွေအားလုံးကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

အစီအစဉ်မှူး။ ။ ကြီးကြပ်သူဖြစ်တဲ့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ တယ်လီဖုန်းဆင်းကတ်တွေကို မှတ်ပုံတင်တဲ့အခါမှာ စနစ်တကျဖြစ်စေဖို့အတွက် ဘယ်လိုများ ဆောင်ရွက်ထားသလဲဆိုတာ သိပါရစေ။

ဦးမျိုးဆွေ။ ။ ကျွန်တော်တို့ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ အော်ပရေတာတွေကို လိုအပ်တဲ့ ညွှန်ကြားချက်တွေထုတ်ပြန်ပြီးတော့ ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆင်းကတ်တွေ မှတ်ပုံတင်တဲ့အခါမှာ ဖြည့်သွင်းရတဲ့အချက်အလက်တွေ ရှိပါတယ်။ ဖြည့်သွင်းရတဲ့အချက်အလက်တွေနဲ့ တကယ်မှတ်ပုံတင်တဲ့သူရဲ့မှတ်ပုံတင်နဲ့ ကိုက်ညီမှုရှိ မရှိမှန်ကန်ခြင်းရှိ မရှိ စစ်ဆေးပြီးမှ မှတ်ပုံတင်ရေးကိစ္စပြီးမြောက်တာမျိုး၊ နောက် တစ်ခုက မှတ်ပုံတင်အမှတ်တစ်ခုကို ဆင်းကတ်နှစ်ခုထက် ပိုပြီး မှတ်ပုံတင်ခြင်းမပြုအောင် ညွှန်ကြားတာမျိုး၊ ပြည်သူလူထုတွေ မှတ်ပုံတင်တာပဲဖြစ်ဖြစ်၊ ပြန်လည်စစ်ဆေးတာပဲဖြစ်ဖြစ် ဒီလိုဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးတာမျိုး ဆောင်ရွက်နိုင်အောင် အော်ပရေတာတွေကို ညွှန်ကြားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက အရောင်းဆိုင်တွေအနေနဲ့ကလည်း ဆင်းကတ်တွေကို စနစ်တကျပြန်လည်မှတ်ပုံတင်ရေးမှာလည်း အရေးကြီးတဲ့အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်အော်ပရေတာတွေအနေနဲ့လည်း ၎င်းတို့တာဝန်ခံတဲ့ အရောင်းဆိုင်တွေနဲ့ စာချုပ်ချုပ်ဆိုပြီးတော့ ဖြန့်ဖြူးရောင်းချဖို့ကိုလည်း ကြီးကြပ်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက ခုနကပြောလိုက်တဲ့ညွှန်ကြားချက်တွေကိုလည်း လိုက်နာခြင်းရှိ၊ မရှိ အော်ပရေတာတွေရဲ့ ဆင်းကတ်တွေမှတ်ပုံတင်ထားတဲ့ Data Base လိုဟာမျိုးစနစ်တွေကိုလည်း တိုက်ရိုက်စစ်ဆေးမှာလည်း ဖြစ်ပါတယ်။ နောက်တစ်ခုက အရောင်းဆိုင်တွေကိုလည်း ဝင်ရောက်စစ်ဆေးသွားမှာဖြစ်ပါတယ်။ စည်းကမ်းညွှန်ကြားချက်တွေကို လိုက်နာမှုမရှိဘူးဆိုရင် ထိထိရောက်ရောက် အရေးယူသွားမှာဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ တယ်လီဖုန်းဆင်းကတ်တွေကိုပြန်လည်မှတ်ပုံတင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အော်ပရေတာတွေအနေနဲ့ ဘယ်လိုများဖြည့်စွက်ပြောချင်ပါသလဲ။

ဦးမျိုးသန့်။ ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ မိုဘိုင်းဖုန်းသုံးစွဲတဲ့သူတွေ သူတို့ရဲ့ အချက်အလက်တွေကို ခုနကတင်ပြခဲ့သလိုစိစစ်ပြီးတဲ့အခါမှာ လိုအပ်တဲ့အချက်အလက်တွေ ပြင်ဆင်ဖို့လိုတယ်။ တကယ်လို့ ဖြည့်စွက်ဖို့လိုတယ်ဆိုရင် စောစောကတင်ပြခဲ့သလိုပဲ MPT ဆိုင်တွေမှာသွားပြီး ဆောင်ရွက်လို့ရပါတယ်။ အွန်လိုင်းအနေနဲ့က MPT 4U ဆိုတဲ့ application ရှိပါတယ်။ လွယ်ကူရိုးရှင်းပါတယ်။ အဲဒီ application လေးကို အသုံးပြုပြီးတော့ အလွယ်တကူလိုအပ်တဲ့အချက်အလက်တွေပြင်ဆင်လို့ရအောင် ဆောင်ရွက်ပေးနေပါတယ်။ လိုအပ်တဲ့ပြင်ဆင်မှုတွေ ဆောင်ရွက်တဲ့အခါမှာ အခက်အခဲ တစ်စုံတစ်ရာရှိရင် Call center ကိုလည်း ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ဒီထက်ပိုကောင်းတဲ့ ဆောင်ရွက်နိုင်တဲ့ နည်းလမ်းလေးတွေ အလေးထားပြီး စဉ်းစားဆောင်ရွက်နေပါတယ်။

အစီအစဉ်မှူး။ ။ တယ်လီနောအနေနဲ့ရော ဘာများဖြည့်စွက်ပြောချင်ပါသလဲ။

ဒေါ်ထက်ထက်ထွန်း။ ။ ကျွန်မတို့ တယ်လီနောမြန်မာအနေနဲ့ကတော့ သုံးစွဲသူတွေကို ဆင်းကတ်မှတ်ပုံတင်ခြင်းဆိုင်ရာနဲ့ပတ်သက်လို့ နှစ်မျိုးပေါ့။ တစ်ခုကမှတ်ပုံတင်တဲ့အခါမှာ ဘယ်လိုအချက်အလက်လိုအပ်သလဲဆိုတာပေါ့။ ဒီလိုလိုအပ်တဲ့အချက်အလက်အားလုံးကို တယ်လီနောမြန်မာရဲ့ Website မှာလည်း ဖော်ပြထားပါတယ်။ ဒါ့အပြင် သုံးစွဲသူတွေအနေနဲ့ တယ်လီနောမြန်မာရဲ့ ဖေ့စ်ဘွတ်ဖြစ်ဖြစ်၊ Call center ကို ဖုန်းဆက်ပြီးတော့ဖြစ်ဖြစ် မေးမြန်းနိုင်ပါတယ်။

ဒုတိယတစ်ခုက ပြန်လည်ပြီးမှတ်ပုံတင်သုံးစွဲဖို့အတွက်ပေ့ါ။ ဒီအတွက်ဆိုရင် နည်းလမ်းသုံးသွယ်ရှိပါတယ်။ ပထမတစ်ခုက ကိုယ်တိုင် Channel တွေကတစ်ဆင့် Mytelenor application သို့မဟုတ် Telenor Myanmar Website မှာကိုယ်တိုင်မှတ်ပုံတင်နိုင်ပါတယ်။ ဒုတိယတစ်ချက်က အကူအညီရယူပြီးတော့ Registration လုပ်တဲ့နေရာတွေ၊ ဒါကတော့သုံးစွဲသူတွေ Channel တွေဖြစ်တဲ့ တယ်လီနောမြန်မာဖေ့စ်ဘွတ်ရှိမယ်။ နောက်တစ်ခုက Viber ရှိမယ်။ Care Email ဆိုပြီး Customer ရဲ့ Email ကိုပို့ပြီးတော့လည်း အကူအညီရယူပြီးတော့ မှတ်ပုံတင်နိုင်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ တယ်လီနောရဲ့နီးစပ်ရာဆိုင်တွေမှာ အကူအညီရယူပြီး မှတ်ပုံတင်နိုင်ပါတယ်။ ဘယ် Channel ကပဲဖြစ်ဖြစ် မှတ်ပုံတင်တဲ့အခါမှာ သုံးစွဲသူတွေအားလုံးကို အခကြေးငွေကောက်ခံခြင်းလုံးဝမရှိပါဘူး။

အစီအစဉ်မှူး။ ။ အူရီဒူးအနေနဲ့ရော ဘာများဖြည့်စွက်ပြောချင်ပါသလဲ။

ဦးစောဆဲသပ်ကလဲ။ ။ အူရီဒူးမြန်မာ အနေနဲ့ကတော့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ညွှန်ကြားထားတဲ့အတိုင်း လိုက်နာဆောင်ရွက်ပြီးတော့ ကိုယ့်ရဲ့Customer တွေ ဝန်ဆောင်မှုမပျောက်သွားအောင် ကျွန်တော်တို့အနေနဲ့ စောစောကပြောတဲ့နည်းလမ်းခြောက်မျိုးနဲ့စစ်ဆေးနိုင်သလို အဲဒီနည်းလမ်းခြောက်မျိုးနဲ့ပဲ ထပ်ပြီး ပြန်လည်မှတ်ပုံတင်နိုင်ပါတယ်။

အစီအစဉ်မှူး။ ။ မိုင်တဲလ်အနေနဲ့ရော ဘာများဖြည့်စွက်ပြောချင်ပါသလဲ။

ဦးဇော်မင်းဦး။ ။ ကျွန်တော်စောစောကတင်ပြသွားတဲ့နည်းလမ်းတွေနဲ့ စစ်ဆေးနိုင်တယ်။ စစ်ဆေးပြီးတဲ့အချိန်မှာ မှတ်ပုံတင်ထားတဲ့ ကိုယ်သုံးတဲ့ကတ်က ကိုယ့်မှတ်ပုံတင်မဟုတ်ဘူးဆိုရင်တော့ စောစောက ပြောတဲ့နည်းလမ်းတွေနဲ့ပဲ ကိုယ့်ရဲ့အချက်အလက်ကို ဖြည့်သွင်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း အော်ပရေတာတော်တော်များများကပုံစံတူကြပါတယ်။ Call center တွေရှိမယ်။ ဆိုရှယ်မီဒီယာ ဖေ့စ်ဘွတ်တွေကနေပြီးတော့ မေးမြန်းပြီး ဆက်သွယ်အကူအညီတောင်းလို့ရမယ်။ Post တွေရှိမယ်။ ဆိုင်တွေရှိမယ်။ ဒါတွေရှိပါမယ်။

အော်ပရေတာတွေအားလုံးနီးပါးက ကိုယ့်ရဲ့သုံးစွဲသူတွေအဆင်ပြေဆုံးဖြစ်အောင် ဒါလေးကိုအားလုံးကြိုးစားပမ်းစားလုပ်သွားမှာဖြစ်ပါတယ်။ နောက် ဒီနေရာမှာအရေးကြီးတဲ့အချက်က Customer တွေကို မေတ္တာရပ်ခံချင်တာက ဒါလေးကိုအလေးထားပြီးတော့ စတင်ဆောင်ရွက်ဖို့ ကျွန်တော်တို့မှာ နည်းနည်းလေး အခက်အခဲတစ်ခုရှိနိုင်တာက တစ်ပြိုင်နက်တည်းမှာ၊ အချိန်တစ်ခုတည်းမှာ လုပ်ရတဲ့အတွက်ကြောင့် ဒါကိုကြိုတင်တဲ့အနေနဲ့ နောက်ဆုံးရက်ကျမှ ကပ်ပြီးတော့လုပ်မယ်ဆိုရင် ကျွန်တော်တို့မှာ တော်တော်အခက်အခဲလေးတွေရှိလာနိုင်ပါတယ်။

ဒါလေးကိုလည်း ဒီနေရာကနေကြိုတင်ပြီး မေတ္တာရပ်ခံပါတယ်။ အလေးထားပြီး လုပ်ကြပါလို့ပြောလိုပါတယ်။ ကျွန်တော်တို့ဘက်ကတော့ နည်းလမ်းတွေနဲ့ကူညီဆောင်ရွက်ပေးဖို့ တတ်နိုင်သမျှနည်းလမ်းတွေ၊ နောက်ထပ်လာမယ့်နည်းလမ်းတွေ ပြင်ဆင်ထားတာတွေ ရှိနေပါတယ်။

အစီအစဉ်မှူး။ ။ ညွှန်ကြားရေးမှူးချုပ် အနေနဲ့ တယ်လီဖုန်း ဆင်းကတ်တွေ ပြန်လည်မှတ်ပုံတင်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဘာများဖြည့်စွက်ပြောချင်ပါသလဲ။

ဦးမျိုးဆွေ။ ။ ကျွန်တော့်အနေနဲ့ သတိပေးမေတ္တာရပ်ခံချင်တာက ဖြည့်သွင်းတဲ့အချက်အလက်တွေ၊ မိမိတို့ မှတ်ပုံတင်နံပါတ်တွေနဲ့ တကယ့်ကိုမူရင်းမှာပါလာတဲ့မှတ်ပုံတင်ထဲမှာပါတဲ့ နံပါတ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပေးမှသာ မှတ်ပုံတင်တဲ့လုပ်ငန်းစဉ်ပြီးမြောက်ပြီး မှန်ကန်မှသာ လိုင်းဖွင့်ပေးတာတို့၊ မှတ်ပုံတင်လုပ်ငန်းစဉ် ပြီးမြောက်တာတို့ ဖြစ်တာဖြစ်တဲ့အတွက် ကိုယ်ဖြည့်သွင်းတဲ့အခါမှာ မှန်မှန်ကန်ကန်ဖြစ်ဖို့လည်း အရေးကြီးပါတယ်။ အဲဒီလိုမဖြစ်ဘူးဆိုရင် ကိုယ်ကတော့ မှတ်ပုံတင်လုပ်ငန်းစဉ် ပြီးမြောက်ပြီဆိုပြီးထားလိုက်ရင် စောစောကပြောတဲ့ အခြေအနေကျရင်၊ လိုင်းတွေအပိတ်ခံရရင်ကိုယ့်ရဲ့နေ့စဉ်ဆောင်ရွက်နေတဲ့ တခြားစီးပွားရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေမှာ များစွာအနှောင့်အယှက်ဖြစ်မှာမို့လို့ အချက်အလက်မှန်ကန်စွာဖြည့်သွင်းထားရေးကိုလည်း သေချာစနစ်တကျလေး လုပ်ပေးပါလို့ဖြည့်စွက်ပြီး မေတ္တာရပ်ခံပြောကြားလိုပါတယ်။

အစီအစဉ်မှူး။ ။ အမြဲတမ်းအတွင်းဝန်အနေနဲ့ရော ဘာများဖြည့်စွက်ပြောချင်ပါသလဲ။

ဦးစိုးသိန်း။ ။ ကျွန်တော်တို့ပထမပိုင်းမှာတင်ပြခဲ့သလိုပါပဲ။ ဆင်းကတ်တွေ စနစ်တကျမှတ်ပုံတင်သုံးစွဲခြင်းက ပြည်သူတစ်ဦးတစ်ယောက်စီရဲ့လုံခြုံရေးအတွက်အရေးကြီးသလို နိုင်ငံတော်ရဲ့လုံခြုံရေးအတွက်လည်း အရေးကြီးတဲ့အတွက် ဆင်းကတ်တွေကိုသုံးစွဲသူရဲ့အချက်အလက်နဲ့ အချက်အလက်အမှန်တွေနဲ့ပြန်လည်သုံးစွဲကြဖို့၊ ပြန်လည်မှတ်ပုံတင်ကြဖို့ အလေးအနက်တိုက်တွန်းပြောကြားလိုပါတယ်။

နောက်တစ်ခုကလည်း အော်ပရေတာတွေအနေနဲ့ ဒီလုပ်ငန်းစဉ်ကိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုအဆင်ပြေချောမွေ့စေရေးအတွက် ခုနကလည်း တင်ပြတာတွေရှိပါတယ်၊ သူတို့ဘက်ကလည်း သုံးစွဲသူတွေအဆင်ပြေစေဖို့အတွက် ထပ်မံဆောင်ရွက်သွားမယ့်အစီအစဉ်တွေရှိပါတယ်။ ဒီအစီအစဉ်တွေကိုလည်း တွန်းအားပေးပြီး မြန်မြန်ဆန်ဆန်လွယ်လွယ်ကူကူနဲ့ ဆောင်ရွက်မယ့်နည်းလမ်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ပေးသွားဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နောက်တစ်ခုက သတ်မှတ်ရက်နောက်ပိုင်းမှာ စနစ်တကျမှတ်ပုံမတင်ထားတဲ့ဆင်းကတ်တွေကို အော်ပရေတာတွေနဲ့ကွန်ရက်တွေထဲမှာသုံးစွဲတာတွေ့ရင် သက်ဆိုင်ရာအော်ပရေတာတွေကို အရေးယူဆောင်ရွက်သွားမယ့်အခြေအနေရှိပါတယ်။ သက်ဆိုင်ရာအော်ပရေတာတွေကို ပြောကြားလိုတာက မိမိကိုယ်တိုင်ရော၊ မိမိတို့ရဲ့အရောင်းဆိုင်တွေကိုရော ဆင့်ကဲဆင့်ကဲ ကြီးကြပ်ဆောင်ရွက်သွားဖို့မှာကြားလိုပါတယ်။

နောက်တစ်ခုက ဆက်လက်ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်ပေ့ါ။ ဒီလုပ်ငန်းစဉ်ကိုလည်း အခြားနိုင်ငံတွေနည်းတူ EIT စနစ်တွေ၊ လက်ဗွေ၊ မျက်ကြည်လွှာ စတဲ့ (BIO Matric Imformation) တွေအပေါ်အခြေခံပြီး မှတ်ပုံတင်ရေးစနစ်ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိတယ်ဆိုတဲ့အကြောင်း အသိပေးတင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရရင် ဒီလုပ်ငန်းစဉ်ကြီးတစ်ခုလုံးက အော်ပရေတာတွေရော၊ ပြည်သူလူထုတစ်ရပ်လုံးရောပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်တဲ့လုပ်ငန်းစဉ်ကြီးဖြစ်တဲ့အတွက် ဒါတွေကိုပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

အစီအစဉ်မှူး။ ။ တယ်လီဖုန်းဆင်းကတ်များ အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်ခြင်းမရှိသည့် ဆင်းကတ်များ ကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း တယ်လီဖုန်းဆင်းကတ်သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့၏ ဆင်းကတ်များကို အချက်အလက်ပြည့်စုံစွာအမြန်ဆုံး ပြန်လည်မှတ်ပုံတင်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ။

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြခဲ့သော ဆင်းကတ်များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးစကားဝိုင်း၏ ပထမကော်လံ ဦးစိုးသိန်း၏ ဆွေးနွေးချက် နောက်ဆုံးစာပိုဒ်၊ ပထမစာကြောင်းပါ "အချက်အလက်မမှန်မကန်နဲ့ မှတ်ပုံတင်ထားတဲ့ ဆင်းကတ်တွေကို အသုံးပြုခြင်းအားဖြင့်" အစား "အချက်အလက်မမှန်မကန်နဲ့ မှတ်ပုံတင်ထားတဲ့ ဆင်းကတ်တွေကို ပိတ်သိမ်းခြင်းအားဖြင့်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

လူထုအခြေပြုဗဟိုဌာနများကို အကျိုးရှိအောင်ဘယ်လိုအသုံးပြုမလဲ စကားဝိုင်းကျင်းပ

လူထုအခြေပြုဗဟိုဌာန(Community Centre)များကို အကျိုးရှိအောင်ဘယ်လိုအသုံးပြုမလဲစကားဝိုင်းကို ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့ လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ကျင်းပခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး MRTV-4 အစီအစဉ်တင်ဆက်သူ ငြိမ်းချမ်းကိုကို၊ မခင်ရတနာဦး၊ MRTV-4 သရုပ်ဆောင် ဖြိုးရာဇာနိုင်နှင့် ဝိုင်းရွှေရည်တို့က ပါဝင်ဆွေးနွေးခဲ့သည်။

ထက်အုံလင်း

(ယမန်နေ့မှအဆက်)

ဦးဆောင်ဆွေးနွေးသူ။ ။ညီမလေးက အဖေနဲ့အမေတို့ကို ပြောပြီးတော့ ဒီလို Club ဖွဲ့တာမျိုး၊ ဒါမှမဟုတ် လူကြီးတွေချည်းပဲ ဘာသာရေးဆွေးနွေးတဲ့အဖွဲ့အစည်းလေးတစ်ခုဖြစ်ဖြစ်၊ ယောဂလေ့ကျင့်တာပဲဖြစ်ဖြစ် ရှိကောင်းရှိမယ်။ လူကြီးတွေအနေနဲ့ စိတ်အပန်းဖြေတာမျိုးအပြင် အချင်းချင်းစကားပြောကြမယ်။ သားရေး သမီးရေးအကြောင်း ဆွေးနွေးကြမယ်။ သူ့သားကတော့ ဘယ်ကုမ္ပဏီမှာ လစာဘယ်လောက်ရတယ်။ ကိုယ့်သမီးကတော့ ဘယ်မှာအလုပ်လုပ်နေတယ်။ လစာဘယ်လောက်ရတယ်။ သူတို့သားသမီးတွေဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် လူကြီးတွေကလည်း မိတ်ဖွဲ့လို့ရတဲ့နေရာလေးတစ်ခုဖြစ်သွားမယ်။ လူကြီးတွေအနေနဲ့ ကာတွန်းစာအုပ်တွေ၊ ပုံပြင်စာအုပ်တွေ လေ့လာလို့ရမယ်။ ပြီးတော့ အားကစားလုပ်လို့လည်းရတယ်ဆိုတာကို ကလေးတွေကို အရင်ဆုံးမိတ်ဆက်ပြီးပြပေးမယ်။

ပြီးတော့ သူတို့အားလပ်ချိန်တွေမှာ တခြားအားကစားကွင်းတွေသွားရင်ပိုက်ဆံကုန်တယ်။ ရန်ကုန်မှာ စရိတ်စကကြီးတယ်။ ဒီမှာဆိုရင် စိတ်ချမ်းသာစရာကောင်းတယ်။ ကျယ်ကျယ်လွင့်လွင့်လည်းရှိတယ်။ ပိုက်ဆံလည်း မကုန်ဘူး။ ကလေးတွေကို ဒီမှာပျော်အောင်ဖန်တီးပေးလို့ရတယ်လို့ မြင်မိပါတယ်။ မိသားစုတွေမှမဟုတ်ပါဘူး။ ကျွန်တော်တို့ပြည်သူတွေအတွက် ဒီ Centre ကြီးရှိခြင်းအားဖြင့် ပိုက်ဆံကုန်သက်သာတယ်။ ပွဲအခမ်းအနားတွေလုပ်မယ်ဆိုရင်လည်း ပိုက်ဆံပေးစရာမလိုဘူး။ မွေးနေ့ပွဲတွေလုပ်ချင်ရင်လည်း ဒီမှာလုပ်လို့ရတယ်။ အပြင်မှာလုပ်မယ်ဆိုရင် ခုနက ဒီ ဖေ့စ်ဘွတ်ပေါ်မှာပဲရှိနေကြတယ်။ ဒီလိုမိသားစုလိုက် Activities လေးတွေလုပ်ခြင်းအားဖြင့် Family Life ကို ပိုပြီးတော့ Development ဖြစ်စေတယ်။ တိုးတက်စေတယ်။ ဒါမျိုးလေးတွေရှိလာတယ်။

အဲဒီတော့ ဒီ Community Centre မှာ လူငယ်တွေ၊ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ နောက် မိသားစုလိုက်တွေ အကျိုးရှိရှိအသုံးချလို့ရတဲ့အပိုင်းလေးတွေ ဖြစ်လာတယ်။ အဲဒီတော့ ဒီမှာ Club တွေဖွဲ့မယ်ဆိုရင်လည်း Club တွေမှာ အိမ်ထောင်ရှင်တွေ အုပ်စု Club ပဲဖွဲ့မလား။ အိမ်ထောင်ရေးနဲ့ပတ်သက်တဲ့ အဆင်မပြေတဲ့ကိစ္စတွေကို တစ်ယောက်ကိုတစ်ယောက် ရင်ဖွင့်လို့ရမယ်။အကြံဉာဏ်ပေးလို့ရမယ်။ ဒီလိုမျိုးလေးတွေရှိခြင်းအားဖြင့် တစ်ယောက်ကိုတစ်ယောက် ဟာမိုနီဖြစ်သွားအောင်နေလို့ရတဲ့အပိုင်း Relaxation လုပ်စရာနေရာရှိတယ်။ မတူညီတဲ့နေရာမျိုးတွေ ကလာကြတဲ့သူတွေနဲ့ မိတ်ဆွေဖွဲ့လို့ရနိုင်တယ်။

Social Network တွေကို အသုံးများကြတဲ့လူငယ်တွေအနေနဲ့လည်း Online ပေါ်မှာပဲ စကားပြောနေမယ့်အစား ဒီလို Community Centre ပေါ်လာပြီဖြစ်တဲ့အတွက် လူကိုယ်တိုင် Club တွေဖွဲ့ပြီးတော့ တွေ့ကြမလား။ တိုင်ပင်နှီးနှောစရာတွေကို Chat Box မှာ ပြောနေတာထက် လူချင်းတွေ့ပြီးတော့ ဘယ်အရာတွေကို ငါတို့ဘယ်လိုလုပ်ကြမလဲ။ နိုင်ငံရေးစိတ်ဝင်စားကြတဲ့ လူငယ်တွေ ဒီခေတ်မှာကိုယ့်ရဲ့နိုင်ငံကို ပိုကောင်းအောင်လုပ်ချင်ကြတဲ့လူငယ်တွေအတွက်ဆိုရင် ဒီလို Community Centre ရှိခြင်းအားဖြင့် စုဝေးပြီးတော့ပြောနိုင်ကြမယ်၊ ဆွေးနွေးနိုင်ကြမယ်ဆိုရင် ပိုပြီးတော့ကောင်းမယ်လို့

ကရင်တိုင်းရင်းသားလူမျိုးရေးရာ
ဝန်ကြီး နော်ပန်းသဇ္ဇာမျိုး

အစီအစဉ်တင်ဆက်သူ
ငြိမ်းချမ်းကိုကို

အစီအစဉ်တင်ဆက်သူ
မခင်ရတနာဦး



သရုပ်ဆောင်
ဖြိုးရာဇာနိုင်

သရုပ်ဆောင်
ဝိုင်းရွှေရည်

အစုအဖွဲ့တွေ၊ Club လေးတွေ ဖွဲ့လိုက်မယ်ဆိုရင် မိသားစုအတွက် Social Cohesion ဖြစ်သွားအောင်လို့လည်း အများကြီး Supporting ပေးတယ်လို့ ကျွန်မအနေနဲ့မြင်ပါတယ်။

ညီမလေးရဲ့မိဘတွေကနေတစ်ဆင့် သူ့ရဲ့မိတ်ဆွေအပေါင်းအသင်းတွေကို ဆက်စပ်ပြီးတော့ ဒီ Community Centre ကို လာအသုံးချလို့ရတယ်။ လူငယ်တွေအတွက်ချည်းပဲမဟုတ်ဘူး။ လူကြီးတွေလည်း အသုံးပြုလို့ရပါတယ်။ လူကြီးတွေကလည်း တရားဓမ္မလာဆွေးနွေးလို့ရတဲ့နေရာလည်းဟုတ်တယ်။ ယောဂလေ့ကျင့်တာလိုကျန်းမာရေးလိုက်စားလို့ရတဲ့နေရာလည်း ဖြစ်တဲ့အတွက်အသုံးချဖို့ပြောတာဖြစ်ပါတယ်။ အဲဒီတော့ မောင်လေးရဲ့မိသားစုအသိုင်းအဝိုင်းထဲမှာ၊ ဆွေမျိုးမောင်နှမတွေထဲမှာ တူလေးတွေ၊ တူမလေးတွေ၊ မိသားစုတွေ ဒီ Community Centre ကို ဘယ်လိုအသုံးချနိုင်မယ်လို့ ထင်ပါသလဲ။ သူတို့ ဒီကိုလာဖို့ မောင်လေးဖြိုးရာဇာနိုင်အနေနဲ့ ဘယ်လိုဖိတ်ခေါ်ချင်သလဲ။

ဖြိုးရာဇာနိုင်။ ။မိသားစုအလိုက်ဆိုရင် အားလပ်ရက်တွေမှာ ကိုယ့်ရဲ့သားသမီးတွေကို Community Centre ကို လိုက်ပြီးတော့ပြမယ်။ ပထမဆုံးအနေနဲ့ ဒီအဆောက်အဦမှာ ဒါတွေရှိတယ်။ Computer သင်တန်းလည်း တက်လို့ရမယ်။ ကလေးစာဖတ်ခန်းလည်းရှိတဲ့အတွက်ကြောင့် ကလေးတွေကြိုက်ပြောသလို မင်္ဂလာဆောင်တွေဆိုရင်လည်း နာရီပိုင်းအလိုက်အတော်ဈေးကြီးပါတယ်။ ကျွန်တော်တို့နယ်တွေမှာက ဘုန်းကြီးကျောင်းမှာ လုပ်လို့ရပါတယ်။ ဒီမှာတော့ အဲဒီကုန်ကျစရိတ်တွေ တော်တော်များများက သက်သာသွားမယ်။ အဲဒီအတွက် တကယ်ကိုဝမ်းသာစရာကောင်းတဲ့အချက်ပါ။ အဲဒီလိုလုပ်လို့ရတယ်ဆိုတာ များများသိဖို့လိုအပ်ပါတယ်။ အဲဒီလိုပွဲတွေ၊ အခမ်းအနားတွေကို Community Centre မှာ သွားလုပ်လို့ရတယ်ဆိုတာကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ပြောပြစေချင်တာပါ။ များများကြော်ငြာစေချင်ပါတယ်။ အဲဒီလိုမျိုးလေးမြင်မိပါတယ်။

ဦးဆောင်ဆွေးနွေးသူ။ ။ကောင်းတယ်။ ဒါမိသားစုရဲ့ Family Life ကို အားလပ်ရက်တွေမှာ အသုံးချရင် ဒီမှာမိသားစုလိုက်လာအသုံးချလို့ရတယ်။ အဖေနဲ့အမေက Gym ကစားမယ်။ ကလေးတွေက ဒီအောက်မှာရှိတဲ့စာဖတ်ခန်းလေးတွေမှာ စာဖတ်နေမယ်။ ပြီးရင်အတူတူပြန်ကြမယ်ဆိုတော့ မိသားစုလိုက်လည်း Community Centre ကို အသုံးချလို့ရတယ်။ Community Centre ရှိခြင်းအားဖြင့် အိမ်တွင်းအကြမ်းဖက်မှုက ၁ ဒသမ ၇ ရာခိုင်နှုန်းလောက် လျော့ကျစေတယ်။ အခုချိန်က ဖေ့စ်ဘွတ်ခေတ်ဆိုတော့ မိသားစုထမင်းအတူတူစားနေတာတောင် ဒီဖုန်းကို ပွတ်နေကြတာလေ။ စကားပြောတာတွေမရှိကြတော့ဘူး။ နွေးထွေးတာတွေ မရှိတော့ဘူး။

လူငယ်တွေအနေနဲ့ ဒီ ကွန်ပျူတာအခန်းတွေ၊ Meeting Room တွေကို အသုံးချခြင်းအားဖြင့် ကျွန်မတို့ရဲ့အနာဂတ်ခေါင်းဆောင်တွေအနေနဲ့ Network တစ်ခုကို ဘယ်လိုတည်ဆောက်သင့်သလဲ။ လူငယ်တွေအနေနဲ့ ဗဟန်းလူငယ် Club ဖွဲ့မလား။ ဗဟန်းလူငယ် Club လို အခြားမြို့နယ်တွေမှာလည်း ဒီလို Community Centre တွေရှိလာမယ်ဆိုရင် Network တစ်ခုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ရဲ့ဒီအခြေအနေက Network တည်ဆောက်နိုင်လေ၊ Network ကျယ်ပြန့်လာလေ ပိုပြီးတော့ အလုပ်လုပ်နိုင်လေ

လေးတွေရှိလာတာပေါ့။

ကျွန်မတို့အနေနဲ့ ဗဟန်း Community Centre ကို အသုံးချနိုင်တဲ့အကြောင်း ပြောခဲ့ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ဝိုင်းဝန်းဆွေးနွေးခဲ့တဲ့အချက်ထဲမှာ Community Centre ကြောင့် ပြည်သူလူထုကရရှိလာတဲ့ အကျိုးကျေးဇူးတွေကို ကျွန်မတို့ပြောခဲ့ပါတယ်။ ပြည်သူတွေရရှိလာတဲ့ အကျိုးကျေးဇူးတွေအပြင် တခြားအကျိုးကျေးဇူးတွေလည်း ရရှိပါသေးတယ်။ အဲဒါကတော့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်လည်း ပြောသွားပါတယ်။ အစိုးရနဲ့ပြည်သူကြားမှာလည်း ချိတ်ဆက်နေဖို့လိုတယ်။ အမြဲတမ်း ထိတွေ့နေဖို့လိုတယ်။ Community Club လေးတွေကတစ်ဆင့် ဒီနိုင်ငံကို ဦးဆောင်နိုင်မယ့်လူငယ်တွေ နိုင်ငံရေးမှာလည်းစိတ်ဝင်စားတယ်။ နိုင်ငံရေးလို့ပြောတဲ့အခါမှာ ဥပဒေပြုရေးကဏ္ဍကို စိတ်ဝင်စားတဲ့လူငယ်တွေ၊ အုပ်ချုပ်ရေးကဏ္ဍကို စိတ်ဝင်စားတဲ့လူငယ်တွေရှိတယ်။ အဲဒီတော့ ဒီလူငယ်တွေအတွက် ကွန်ပျူတာအခန်းတွေလည်းရှိတယ်။ နောက် Meeting Room တွေလည်းရှိတယ်။

လူငယ်တွေအနေနဲ့ ဒီ ကွန်ပျူတာအခန်းတွေ၊ Meeting Room တွေကို အသုံးချခြင်းအားဖြင့် ကျွန်မတို့ရဲ့အနာဂတ်ခေါင်းဆောင်တွေအနေနဲ့ Network တစ်ခုကို ဘယ်လိုတည်ဆောက်သင့်သလဲ။ လူငယ်တွေအနေနဲ့ ဗဟန်းလူငယ် Club ဖွဲ့မလား။ ဗဟန်းလူငယ် Club လို အခြားမြို့နယ်တွေမှာလည်း ဒီလို Community Centre တွေရှိလာမယ်ဆိုရင် Network တစ်ခုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ရဲ့ဒီအခြေအနေက Network တည်ဆောက်နိုင်လေ၊ Network ကျယ်ပြန့်လာလေ ပိုပြီးတော့ အလုပ်လုပ်နိုင်လေပဲ။ ဒါဟာ ကျွန်မတို့ Digital 4.0 လည်း ဖြစ်ပါတယ်။ အဲဒီတော့ မောင်လေးအနေနဲ့က ဒီမှာရှိတဲ့ဗဟန်းလူငယ်တွေကို ဘယ်လိုများမက်ဆေ့ပေးချင်လဲ။ ဒီမှာ Multi Purpose Hall လည်း ရှိတယ်။ အပေါ်မှာ Meeting Room လည်း ရှိတယ်ဆိုတဲ့အခါကျတော့ ဗဟန်းလူငယ်တွေကို Club ဖွဲ့ပြီးတော့ မောင်လေးငြိမ်းချမ်းကိုကိုအနေနဲ့ ဘယ်လိုအကြံပေးပြီး လုပ်ဆောင်စေချင်လဲဆိုတာကို ရှင်းပြပေးပါ။

ငြိမ်းချမ်းကိုကို။ ။ဟုတ်ကဲ့။ ခုနကအစ်မပြောထားသလိုပဲ မိသားစု Club ဖွဲ့မယ်ဆိုရင် မိသားစုကတစ်စုတည်းမဟုတ်ဘူး။ ကိုယ့်ရဲ့အနီးဝန်းကျင်ကသူတွေ ပါဝင်လာနိုင်သလိုမျိုးပဲ တခြားသောနေရာတွေကလည်း ဗဟန်း Community Centre ရှိတာပဲ၊ ငါတို့သွားကြမယ်။ ဒီလိုမျိုးလေ့လာစရာ၊ ဗဟုသုတ ရှာမှီးစရာ၊ ထင်ပါတယ်။ နောက်ပြီးတော့ ခုနကပြောသွားတဲ့အကြောင်းအရာတွေကို နားထောင်နေရင်းနဲ့ တွေးမိတဲ့အတွေးလေးတစ်ခုရှိပါတယ်။ Community Centre ကို လူငယ်တွေလာမယ်၊ လူကြီးတွေလည်းလာမယ်၊ မိသားစုတွေလည်းလာမယ်။ မိဘတွေက ကိုယ့်ရဲ့သားက ဘယ်မှာအလုပ်လုပ်နေတယ်။ ကိုယ့်ရဲ့သမီးကဘယ်မှာအလုပ်လုပ်နေတယ်ပြောရင်းနဲ့ပဲ မိဘတွေကနေ လူငယ်အချင်းချင်းရင်းနှီးပြီး ဗဟန်း Community Centre က တစ်ဆင့် နိဗ္ဗာန်အထိ အတူတူသွားချင်ပါတယ်ဆိုတဲ့စကားလေးကို ကျွန်တော်စဉ်းစားမိသွားတယ်။ အဲဒီလိုမျိုးဖြစ်လာနိုင်ရင် ပိုတောင်ကောင်းမယ်လို့မျှော်လင့်ပါတယ်။

ဦးဆောင်ဆွေးနွေးသူ။ ။အလွန်ကို ကောင်းပါတယ်။ ကျွန်မတို့ ဒီ Community Centre က နိုင်ငံ့ခေါင်းဆောင်တွေကို မွေးထုတ်ပေးတဲ့နေရာ တစ်ခုလည်းဖြစ်ပါတယ်။ အမေရိကန်လို နိုင်ငံကြီးတွေမှာဆိုရင် ဒီ Community Centre တွေမှာပဲ လူငယ်တွေဟာ နိုင်ငံရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေမှာ စိတ်ဝင်စားရာ စုဖွဲ့ကြတယ်။ စုဖွဲ့ကြပြီး ကိုယ့်ရဲ့ဒေသ၊ ကိုယ့်ရဲ့မြို့နယ် ကောင်းကျိုးအတွက်ကို လုပ်ဆောင်ကြတယ်။ ဦးဆောင် ခွင့်တွေရကြတယ်။ အဲဒီလိုခေါင်းဆောင်ခွင့်၊ ဦးဆောင်ခွင့် တွေရကြပြီးတော့မှပဲ ဒီမြို့နယ်က ရွေးချယ်လိုက်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်လာသလို အုပ်ချုပ်ရေးကဏ္ဍမှာ ပါဝင်တဲ့ အုပ်ချုပ်သူတွေလည်း ဖြစ်လာတာရှိပါ တယ်။

သူတို့မှာတော့ District အလိုက် Committee လေးတွေရှိတယ်။ အဲဒီကမှ Elections ကို ဝင်လာကြတာရှိတယ်။ ဒီ Community Centre မှာ လူငယ်တွေရဲ့ Community Network ကို တည်ဆောက်ရန် အသင့်တော်ဆုံးနဲ့ အကောင်းဆုံးနေရာပဲဖြစ်ပါတယ်။ အဲဒီတော့ ခုနက ပြောသလို Job Opportunity အတွက်ပဲ တွေ့တွေ့၊ Future Career အတွက်ပဲတွေ့တွေ့ ဒီနေရာဟာ လူငယ်တွေအတွက် တွေ့ဆုံရန် အသင့်တော်ဆုံးနေရာဖြစ်ပြီးတော့ ဒီ Network က ကြီးကျယ်လာတာနဲ့အမျှ ကျွန်မတို့ Community ဟာ ကြီးကျယ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီ Community Centre ကလည်း လူငယ်ခေါင်းဆောင်တွေ အများကြီးမွေးထုတ်ပေးနိုင်တဲ့ နေရာဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ Community မှာ ဘာသာက တစ်မျိုး တည်းကိုးကွယ်ကြတာမဟုတ်ဘူးလေ။ ဘာသာကြီး လေးမျိုးရှိတယ်။ စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ
တခြားဘာသာငယ်လေးတွေလည်း ရှိတယ်။ ရှိတဲ့အခါကျတော့ Social Cohesion ဖြစ်ဖို့အတွက် ဘာသာရေးနဲ့ ပတ်သက်တဲ့ အမုန်းစကားတွေမပွားဖို့၊ ဖေ့စ်ဘွတ်ပေါ်မှာ ညစ်ညမ်းတဲ့၊ ရိုင်းပျတဲ့စကားတွေ မပြောဖို့ လိုအပ်လာတယ်။ လူမှုအသိုင်းအဝိုင်းမှာလည်း ပြဿနာတွေ လျှော့ချနိုင်ဖို့ ဒီ Community Centre က ဦးဆောင်နိုင်တဲ့ နေရာတစ်ခု ဖြစ်တယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံက ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်တဲ့ နိုင်ငံဖြစ်တယ်။ ဘာသာတွေ အများကြီးရှိသော်လည်း အကုန်လုံးချစ်ချစ်ခင်ခင်နဲ့ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ နေလို့ရပါတယ်။ ဒီ Community Centre မှာ ဘာသာတွေ မတူသော်လည်း လူငယ်တွေအကုန်လုံးက အတူတူအလုပ်လုပ်လို့ရတဲ့ နေရာလေးတစ်ခုလို့လည်း ယူဆလို့ရတယ်။

ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ရှိတယ်။ ကျွန်မဆိုရင်လည်း ကရင်တိုင်းရင်းသားဖြစ်တယ်။ အဲဒီတော့ လူမျိုးနဲ့ဘာသာတရားကိုမျှတအောင် ဒီမှာရှိတဲ့လူ ဘာပဲပြောပြော Social Influencer တစ်ယောက်ဖြစ်လို့ ညီမအနေနဲ့ လူငယ်တွေကို မက်ဆေ့ပေးလိုတာက Sustainable Development ဖြစ်ဖို့အတွက် လူငယ်တွေအနေနဲ့ ဘာသာရေး၊ လူမျိုးရေးအစွဲမရှိဘဲ နိုင်ငံကောင်းရာ ကောင်းကျိုးကို ဆောင်ရွက်နိုင်တဲ့ ကိစ္စရပ်တွေမှာ Community Centre ကိုအသုံးချပြီး ဘာတွေဆောင်ရွက်မလဲ။ ဘယ်လို ဆွေးနွေးပွဲတွေ ဆောင်ရွက်မလဲ။ ညီမလေး ခင်ရတနာဦးရဲ့ အမြင်လေးကို ပြောပြပေးပါဦး။

ခင်ရတနာဦး။ ။အခုဆိုရင် ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ အကုန်လုံးက ဆိုးရွားတဲ့ အခြေအနေတစ်ခုအနေနဲ့ သိနေကြတယ်။ သတင်းတွေ တော်တော်များများမှာဖော်ပြနေတဲ့ ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီးတော့ ကြောက်နေကြတယ်။ နိုင်ငံတကာကလည်း ဒီရောဂါနဲ့ပတ်သက်ပြီးတော့ လူငယ်တွေက ချိတ်ဆက်ပြီးတော့ ဆောင်ရွက်နိုင်တဲ့ အခြေအနေလေးတွေရှိတယ်။ ညီမက ဒီမှာလူငယ်တစ်ယောက်လည်းဖြစ်တဲ့အတွက်ကြောင့် သတင်းတွေမှာ၊ Social Media တွေမှာ သတင်းအမှန်တွေရှိတယ်။ သတင်းအမှားတွေရှိတယ်။ အဲဒါတွေဟာ ဆက်တိုက်ကို Error တွေရှိတယ်။ တချို့လူကြီးတွေဆို ဖေ့စ်ဘွတ်ကို သုံးတယ်ဆိုပေမယ့် တွင်တွင်ကျယ်ကျယ် မသုံးတတ်တာတွေရှိတယ်။ Page တွေကနေ သတင်းအမှားတွေ တင်တာတွေကြည့်ပြီးတော့ ကြောက်လန့်တာတွေရှိတယ်။ ထိတ်လန့်တာတွေရှိတယ်။ အဲဒီအခါမှာ လူငယ်တွေကို ပြန်ပြောတယ်။ လူငယ်တွေက ပြန်ကြည့်တော့ ဒါက သတင်းအမှားပါ။ တကယ့်တကယ် သတင်းအမှန်ကတော့ ဒီ Page တွေက လာတာပါ။ TV မှာဆိုလည်း ပြနေပါတယ်။ Social Media နဲ့မတူတဲ့ သတင်းအမှန်အကန်တွေကို လွှင့်တာပါဆိုပြီး လူကြီးတွေကို ပြန်ပြောပြတဲ့အချိန်မှ လူကြီးတွေက သြော် ဒီလိုလားဆိုတဲ့သဘော သိကြတာ တွေရှိတယ်။

ဒီလိုအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး လူကြီးတွေအနေနဲ့လည်း သတင်းအမှန်တွေ သိဖို့လိုအပ်သလို မလိုလားအပ်တဲ့ စိတ်ပူပန်မှုတွေ မဖြစ်ဖို့အတွက်လည်း လိုအပ်တယ်။ ဒါကြောင့် Community Centre မှာ အကျိုးရှိအောင် အသုံးချဖို့အတွက်က ခုနကပြောသလိုမျိုး အသင်းအဖွဲ့တွေအနေနဲ့လည်း ပါဝင်သင့်သလို လူကြီးတွေအနေနဲ့လည်း ဒီ Community Centre မှာ လူငယ်တွေ ပုံစံမျိုးပဲပါဝင်ပြီး ဆွေးနွေးပွဲတက်တာမျိုးတွေ၊ အသင်းအဖွဲ့လုပ်တာမျိုးတွေ ပြီးတော့ လူကြီးလူငယ်တွေအားလုံး အခုလို အစည်းအရုံးလေးနဲ့ အားတဲ့အချိန်မှာ နိုင်ငံရေးအကြောင်းတွေ၊ လူမှုရေးအကြောင်းတွေ၊ စီးပွားရေးအကြောင်းတွေ၊ ကျန်းမာရေးအကြောင်းတွေ ပြောကြမယ်ဆိုပြီးတော့ Meeting ပုံစံမျိုး အသင်းအဖွဲ့လေးတွေ လုပ်ဖို့ကိုလည်း မျှော်လင့်ပါတယ်ရှင့်။

ဦးဆောင်ဆွေးနွေးသူ။ ။ညီမလေး ရှင်းပြတာအလွန်ကောင်းပါတယ်။ လူ့ဘောင်အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ခုနကပြောသလို Social Cohesion ဖြစ်ဖို့ ဘာသာရေးအရ၊ လူမျိုးရေးအရ Confused တွေရှိလာရင် ဒီ Community Centre မှာရှိတဲ့ Network မှာပဲ ဒါမဟုတ်ဘူး၊ ဒါမှားနေတယ်ဆိုတဲ့ဟာကို ပြန်တင်ပေးလိုက်ရင် အကုန်လုံးသိသွားတဲ့အခါ မလိုလားအပ်တဲ့ ဆိုးကျိုးတွေမဖြစ်တော့ဘူးပေါ့။ ခုဒါဆို ညီမက ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်တဲ့ Information တွေ ပေးတော့မယ်ဆိုရင် သတင်းအမှန်တွေကို ဒီ Network ထဲမှာ ပြန်ကြားပေးတယ်။ ဘယ်လိုတွေနေထိုင်ကြမယ်၊ ဘယ်လိုတွေလုပ်ကြမယ်။ နိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ အခြေအနေတွေကအစ Network တစ်ခုသာရှိခဲ့မယ်ဆိုရင် ဒီ Network တစ်ခုကို အသုံးချပြီးတော့ သွားလို့ရတယ်။ ဒါပေမယ့် ဒီ Network ကို ဘယ်မှာတည်ဆောက်မလဲ။ ဒီ Community Centre မှာပဲ တည်ဆောက်ရမှာ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ကတော့ ဒါဟာတကယ်ကို ကောင်းမွန်တဲ့အရာတစ်ခုဖြစ်ပါတယ်။ ဒီ Community Centre နဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ပြည်သူလူထုတွေက အားလုံးသိသွားပြီး ဘယ်လိုအသုံးချလို့ရတယ်၊ အသုံးချခွင့်ရှိတယ်ဆိုတာကို အတိုချုပ်ပြီးပြောရရင် ၁၂ နှစ် အောက်ကလေးတွေအတွက် စာဖတ်ခန်းရှိတယ်။ လူငယ် လူကြီးတွေအတွက် စာကြည့်တိုက်ကြီးတစ်ခုရှိတယ်။ လူငယ်တွေအတွက် ကွန်ပျူတာ ၂၅ လုံးရှိတဲ့ Computer Centre လေးရှိတယ်။ Computer လေ့ကျင့်လို့ရတယ်။ သင်ကြားလို့ရတယ်။ လူငယ်တွေအတွက် Meeting အခန်းတွေရှိတယ်။

ဒီ Meeting ခန်းမှာဆိုရင် ပြင်ပမှာငှားရင်တစ်နာရီကို ငါးသောင်းလောက်ပေးရတာကို ဒီမှာ Booking တင်ပြီးတော့ အလွယ်တကူအသုံးချလို့ရမယ်။ Multi Purpose Hall တွေရှိတယ်။ Event လေးတွေ လုပ်လို့ရတယ်။ သာရေးနာရေးကိစ္စတွေ ဆွေးနွေးလို့ရမယ်။ တရားဓမ္မအကြောင်းတွေ ဆွေးနွေးလို့ရတယ်။ ဒီလို Indoor တွေ ရှိရုံမကပဲ Outdoor Sport Activities တွေ ဖြစ်တဲ့ ကရာတေး ကစားတဲ့နေရာ၊ စားပွဲတင်တင်းနစ် ကစားလို့ရတဲ့နေရာ၊ ယောဂလေ့ကျင့်လို့ရမယ့် နေရာတွေရှိတယ်။ ခန်းမနဲ့ပတ်သက်ပြီး Gym ရှိတယ်ဆိုတော့ တကယ့်ကိုပြည့်စုံတဲ့ နေရာကြီးတစ်ခုဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ပြည်သူတွေအသုံးချဖို့ပဲ ကျန်ပါတော့တယ်။

ကျွန်မတို့ပြည်သူတွေ အကျိုးရှိရှိအသုံးချပြီးတော့ Community Development အတွက်ကို ကြိုးစားလုပ်ဆောင်လို့ရမယ်။ ဒီ ဗဟန်း Community Centre ကနေပြီးတော့လည်း နိုင်ငံ့ခေါင်းဆောင်တွေအများကြီး ပေါ်ထွက်လာဖို့ကိုလည်း ကျွန်မမျှော်လင့်ပါတယ်။ အများကြီး ပေါ်ထွက်လာပါစေလို့လည်း ဆုမွန်ကောင်းတောင်းရင်း ဒီစကားဝိုင်းလေးကို ဒီမှာပဲနိဂုံးချုပ်ပါတယ်။ ။

ဆင်းကတ်များ မှတ်ပုံတင်ထားရှိမှုကို ပြန်လည်စစ်ဆေးနိုင်မည့် နည်းလမ်းများသိရှိနိုင်ရန် ဆောင်ရွက်ထားရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ဆင်းကတ်များ စနစ်တကျ မှတ်ပုံတင်ရေး ဆောင်ရွက်လျက်ရှိရာ သုံးစွဲသူများအနေဖြင့် မိမိတို့ အသုံးပြုလျက်ရှိသည့် ဆင်းကတ်များမှတ်ပုံတင်ထားရှိမှုကို ပြန်လည်စစ်ဆေးနိုင်မည့် နည်းလမ်းများကို အများပြည်သူ သိရှိနိုင်ရန် ဆောင်ရွက်ထားကြောင်း ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

အဆိုပါ ဆင်းကတ်စစ်ဆေးနိုင်မည့်နည်းလမ်းများကို သိရှိနိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.motc.gov.mm နှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ Facebook စာမျက်နှာတို့တွင် အော်ပရေတာများ၏ Application များ၊ Channel များ၊ USSD Code, SMS Code, Call Centre ဖုန်းနံပါတ်များကို ဖော်ပြပေးထားကြောင်း၊ ထို့ပြင် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် ဆင်းကတ်များ မှတ်ပုံတင်ထားရှိမှုကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များတွင်လည်း ပြန်လည်စစ်ဆေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

မိမိအသုံးပြုနေသော SIM Card များအား မှတ်ပုံတင်ထားရှိမှုကို စစ်ဆေးနိုင်သောနည်းလမ်းများ

Operators	USSD	Application	SMS	Call Center
Telenor	*979*3*3#	My Telenor	Send "REG" to 500	-
Ooredoo	*666#	My Ooredoo	Send "ID" to 666	234
MPT	*601#	MPT4U	-	106
MyTel	*966*6#	-	-	966

အထက်ဖော်ပြပါနည်းလမ်းများအပြင် အော်ပရေတာများ၏ အရောင်းဆိုင်များတွင်လည်း SIM Registration ကို စစ်ဆေးနိုင်ပါသည်။

အသိပေးကြေညာခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇
တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ၁၁-၃-၂၀၂၀ ရက်နေ့မှ ၂၀-၃-၂၀၂၀ ရက်နေ့အတွင်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အမြန်လမ်းမကြီးများ၊ အဝေးပြေးလမ်းမကြီးများ၊ မြို့တွင်းလမ်းများနှင့် မြို့ရှောင်လမ်းများတွင် ဖြတ်သန်းမောင်းနှင်သည့် မော်တော်ယာဉ်များအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြရန်နှင့် အရှိန်လျှော့မောင်းနှင်ကြရန်အတွက် အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်ကောင်စီ

ရွှေသွေးဂျာနယ်ထွက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၉ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာထားကာ ကူညီလုပ်ဆောင်ပေးပါက မိမိတွင် အခက်အခဲရှိလာသောအခါ အကူအညီရနိုင်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းမောင်မောင်လေး၏ "အပြန်အလှန်" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ ဗဟုသုတတိုးပွားစေရန် အလို့ငှာ ကမ္ဘာ့အံ့ဖွယ် အဆောက်အအုံအချို့ကို တင်ဆက်ထားသည့် "ကမ္ဘာ့အံ့ဖွယ် အဆောက်အအုံများ" သုတဆောင်းပါး၊ အမြော်အမြင်ကြီးကြီးသော သူဌေးကြီးနှင့် အကြွေးကို အချိန်မီပြန်မဆပ်နိုင်သေးသော လယ်သမားတို့၏အဖြစ်ကို ဟာသမြောက်အောင် ရေးဖွဲ့ထားသည့် "အမြော်အမြင်ကြီးသူ" နှစ်မျက်နှာကာတွန်း၊ ပင်ကီ၏ ဒုက္ခရောက်နေသော ငှက်ကလေးကို ကူညီလိုက်ရခြင်းကြောင့် ဝမ်းသာကြည်နူးစိတ် ဖြစ်ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "စိတ်ထားကောင်းတဲ့ ပင်ကီလေး" ပုံပြင်အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ဥာဏ်စမ်းကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

အခြေခံပညာအဆင့် လူရည်ချွန် ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်
၂၀၁၉-၂၀၂၀ ပညာသင်နှစ်
အခြေခံပညာအဆင့်လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ယမန်နေ့မှအဆက်

အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၃၃	မောင်သော်တာထွဏ်း	အထက-ဆားလင်းကြီး	ဆားလင်းကြီး	ယင်းမာပင်
၃၄	မငြိမ်းအေးသာထွန်း	အထက-ပုလဲ	ပုလဲ	ယင်းမာပင်
၃၅	မောင်မြင့်မြတ်ဇော်	အထက(ခွဲ)လ(၁)ကသာ	ကသာ	ကသာ
၃၆	မောင်မင်းထက်မြတ်	အလက-ဝဲကြီး(ကမ်း)	ထီးချိုင့်	ကသာ
၃၇	မမေသူဝင်း	အထက(ခွဲ)သင်တော	ဝန်းသို	ကသာ
၃၈	မဖူးပြည့်စုံ	အထက(၁)ကောလင်း	ကောလင်း	ကသာ
၃၉	မောင်ကောင်းထက်ဇော်	အထက(၆)ကလေး	ကလေး	ကလေး
၄၀	မဝင်းလဲ့ရည်ဦး	အထက(၆)ကလေး	ကလေး	ကလေး
၄၁	မောင်မင်းခန့်ဆွေ	အထက-ကြာအင်း	မော်လိုက်	မော်လိုက်
၄၂	မယွန်းဝတီဦး	အထက-မော်လိုက်	မော်လိုက်	မော်လိုက်
၄၃	မောင်ရဲရင့်ဝေလွင်	အထက-ခန္တီး	ခန္တီး	ခန္တီး
၄၄	မသင်းသန္တာအောင်	အထက(၁)ဟုမ္မလင်း	ဟုမ္မလင်း	ခန္တီး
၄၅	မောင်တိုးခိုင်မြဲ	အထက(၁) ထားဝယ်	ထားဝယ်	ထားဝယ်
၄၆	မသင်းရွှေရည်ထက်	အထက(၁) ထားဝယ်	ထားဝယ်	ထားဝယ်
၄၇	မောင်အောင်ပြည့်ဟိဏ်း	အထက-ရှပ်ပုံ	ပုလော	မြိတ်
၄၈	မောင်ဟိန်းထက်အောင်	အထက(၁) မြိတ်	မြိတ်	မြိတ်
၄၉	မရည်ရှယ်ရဲထွဋ်	အထက-ပုလော	ပုလော	မြိတ်
၅၀	မယုယမိုး	အထက(၃) မြိတ်	မြိတ်	မြိတ်
၅၁	မောင်ဝိုင်ဝိုင်း	အထက(၃)ပဲခူး	ပဲခူး	ပဲခူး
၅၂	မောင်သူရိန်မင်းလွင်	အထက(ခွဲ)ညောင်လေးပင်	ညောင်လေးပင်	ပဲခူး
၅၃	မမျိုးပြည့်ပြည့်ကျော်	အထက(၃)ပဲခူး	ပဲခူး	ပဲခူး
၅၄	မသိမ့်ထည်ဝါနိုင်	အထက-မင်းရွာ	သနပ်ပင်	ပဲခူး
၅၅	မောင်ရဲသူရိန်အောင်	အထက(၇)တောင်ငူ	တောင်ငူ	တောင်ငူ
၅၆	မောင်ရွှေညဏ်	အထက-အုတ်တွင်း	အုတ်တွင်း	တောင်ငူ
၅၇	မအိမ့်ခြူးနေခြည်	အထက(၇)တောင်ငူ	တောင်ငူ	တောင်ငူ
၅၈	မသန္တာနှင်းအေး	မိုးဟိန်းထက်(ကပက)	ဖြူး	တောင်ငူ
၅၉	မောင်ရှိန်းနိုင်ဦး	အထက(၁)လက်ပံတန်း	လက်ပံတန်း	သာယာဝတီ
၆၀	မောင်ပြည့်ဖြိုးမောင်	အထက(၁)သာယာဝတီ	သာယာဝတီ	သာယာဝတီ
၆၁	မကေရီမင်းစိုး	အထက-စစ်ကွင်း	မင်းလှ	သာယာဝတီ
၆၂	မသိင်္ဂီရွှေရည်နှင်း	အလက(ခွဲ)ရန်ကုန်ပြည်လမ်း	ကြို့ပင်ကောက်	သာယာဝတီ
၆၃	မောင်ဘုန်းမြတ်သာ	PEC(ကပက)	ပြည်	ပြည်
၆၄	မောင်ရဲရင့်ဟိန်း	အထက-ရွှေတောင်	ရွှေတောင်	ပြည်

(ဆက်လက်ဖော်ပြပါမည်)

အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၃၃	မောင်ဇေယျာမင်း	ဂုဏ်ထူးဝေ (ကပက)	ယင်းမာပင်	ယင်းမာပင်
၃၄	မအိချိုခင်	အောင်ထက်အောင်(ကပက)	ယင်းမာပင်	ယင်းမာပင်
၃၅	မောင်ပြည့်စုံကျော်	အထက-ဝန်းသို	ဝန်းသို	ကသာ
၃၆	မောင်ထွန်းလင်းအောင်	အထက(၂)ကောလင်း	ကောလင်း	ကသာ
၃၇	မအေးသန္တာစိုး	အထက-ပင်လည်ဘူး	ပင်လည်ဘူး	ကသာ
၃၈	မအေးပြည့်စိုး	အထက-အင်းတော်	အင်းတော်	ကသာ
၃၉	မောင်ကောင်းသန့်ဇော်	ရွှေလမင်း(ကပက)	ကလေး	ကလေး
၄၀	မဒိမ်ရှင်းဆန်း	အထက(၃)ကလေး	ကလေး	ကလေး
၄၁	မောင်စည်သူဟိန်း	အထက-သရောင်း	ဖောင်းပြင်	မော်လိုက်
၄၂	မအိမြတ်မှူးငြိမ်း	အထက-မော်လိုက်	မော်လိုက်	မော်လိုက်
၄၃	မောင်စိုင်းစိုင်းကြယ်စင်	အထက(၁)ဟုမ္မလင်း	ဟုမ္မလင်း	ခန္တီး
၄၄	မသီသီအောင်	အထက(၁)ဟုမ္မလင်း	ဟုမ္မလင်း	ခန္တီး
၄၅	မောင်မင်းဟန်သာ	အထက(၁) ထားဝယ်	ထားဝယ်	ထားဝယ်
၄၆	မဆုမြတ်ကျော်	အထက(၁) ထားဝယ်	ထားဝယ်	ထားဝယ်
၄၇	မောင်ကောင်းစည်သူ	အထက(၃) မြိတ်	မြိတ်	မြိတ်
၄၈	မောင်ညာဏ်လင်းထွန်း	အထက-ပုလော	ပုလော	မြိတ်
၄၉	မစိုးဝင်းမြတ်	အထက(၁) မြိတ်	မြိတ်	မြိတ်
၅၀	မစုမြတ်ဇော်ဇော်	အထက-ပုလော	ပုလော	မြိတ်
၅၁	မောင်စံလင်းသန့်	အထက(၁)ဒိုက်ဦး	ဒိုက်ဦး	ပဲခူး
၅၂	မောင်တိုးတက်လင်း	အထက(၂)ညောင်လေးပင်	ညောင်လေးပင်	ပဲခူး
၅၃	မသံသာမိုးသန့်	အထက(၃)ပဲခူး	ပဲခူး	ပဲခူး
၅၄	မအေးချမ်းမွန်	အထက(၂)ပြွန်တန်ဆာ	ညောင်လေးပင်	ပဲခူး
၅၅	မောင်ထူးထက်ဝင်း	အထက(၇)တောင်ငူ	တောင်ငူ	တောင်ငူ
၅၆	မောင်မွန်ချစ်စိုး	အထက-ညောင်ခြေထောက်	အုတ်တွင်း	တောင်ငူ
၅၇	မသင်းဆုစန္ဒီ	အထက(၇)တောင်ငူ	တောင်ငူ	တောင်ငူ
၅၈	မအေးချမ်းမေ	ဟိန်း (ကပက)	ရေတာရှည်	တောင်ငူ
၅၉	မောင်မြတ်မင်းစံ	အထက-မြို့မ	နတ်တလင်း	သာယာဝတီ
၆၀	မောင်ညီမင်းထက်	အထက-သုံးဆယ်	သာယာဝတီ	သာယာဝတီ
၆၁	မချောစုသွယ်	အထက(၁)သာယာဝတီ	သာယာဝတီ	သာယာဝတီ
၆၂	မဆုပြည့်ပြည့်လှိုင်	အထက(၁)လက်ပံတန်း	လက်ပံတန်း	သာယာဝတီ
၆၃	မောင်ဇော်မိုးထိုက်	အထက(၁)ပြည်	ပြည်	ပြည်
၆၄	မောင်စိုးပိုင်မင်းထက်	အထက-အိုးဘိုကုန်း	ပေါက်ခေါင်း	ပြည်

(ဆက်လက်ဖော်ပြပါမည်)

အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၃၃	မောင်ဇော်ရဲထက်	အောင်ထက်အောင်(ကပက)	ယင်းမာပင်	ယင်းမာပင်
၃၄	မကြည်ကြည်ဟန်	အထက-မင်းတိုင်ပင်	ပုလဲ	ယင်းမာပင်
၃၅	မောင်အောင်အောင်ဦး	အထက-ဝန်းသို	ဝန်းသို	ကသာ
၃၆	မောင်ခန့်ဆွေဦး	အထက-မဲဇာ	အင်းတော်	ကသာ
၃၇	မရှင်းသန့်ယဉ်	အထက-ဝန်းသို	ဝန်းသို	ကသာ
၃၈	မသဲဆုလွင်	အထက-ပင်လည်ဘူး	ပင်လည်ဘူး	ကသာ
၃၉	မောင်ပေါင်ရှန့်ဟန်ထွန်း	အထက(၃)ကလေး	ကလေး	ကလေး
၄၀	မသူသူဟန်	အထက(၃)ကလေး	ကလေး	ကလေး
၄၁	မောင်မင်းထက်ကျော်	အထက-သရောင်း	ဖောင်းပြင်	မော်လိုက်
၄၂	မအိသက်မွန်ဇော်	အထက-မော်လိုက်	မော်လိုက်	မော်လိုက်
၄၃	မောင်မင်းသန့်မောင်မောင်	အထက(၁) ဟုမ္မလင်း	ဟုမ္မလင်း	ခန္တီး
၄၄	မရွှေယမင်းသွယ်	အထက(၁)ဟုမ္မလင်း	ဟုမ္မလင်း	ခန္တီး
၄၅	မောင်တင်ကိုဟိန်း	အထက(၄) ထားဝယ်	ထားဝယ်	ထားဝယ်
၄၆	မအိကြည်ဖြူကျော်	မဟာရွှေဂုဏ်ထူး (ကပက)	ထားဝယ်	ထားဝယ်
၄၇	မောင်ဘုန်းသုတ	အထက(၁)မြိတ်	မြိတ်	မြိတ်
၄၈	မောင်ကျော်ဇင်လင်း	အထက(၁)ကော့သောင်း	ကော့သောင်း	မြိတ်
၄၉	မသိမ့်ရည်နွေး	အထက(၁)မြိတ်	မြိတ်	မြိတ်
၅၀	မစီဒီထွေး	အထက-ပုလော	ပုလော	မြိတ်
၅၁	မောင်ခိုင်ခန့်ကျော်	လင်းရောင်သစ် (ကပက)	ညောင်လေးပင်	ပဲခူး
၅၂	မောင်ဝေတိုးဇော်	အထက-ကျောက်တံခါး	ကျောက်တံခါး	ပဲခူး
၅၃	မထက်ရွှေရည်ဖြိုး	အထက-ကဝ	ကဝ	ပဲခူး
၅၄	မနှင်းဝေခိုင်	အထက(၂)ညောင်လေးပင်	ညောင်လေးပင်	ပဲခူး
၅၅	မောင်အောင်ခန့်ဖြိုးကျော်	အထက-ကျောက်ကြီး	ကျောက်ကြီး	တောင်ငူ
၅၆	မောင်စွမ်းရည်ထက်	အထက-နတ်စင်ကုန်း	တောင်ငူ	တောင်ငူ
၅၇	မပွင့်သီရိကို	ဟိန်း (ကပက)	ရေတာရှည်	တောင်ငူ
၅၈	မနီလာဌေး	အထက(၁)ကညွတ်ကွင်း	ဖြူး	တောင်ငူ
၅၉	မောင်တိုးပြည့်ဇော်	ရွှေဝတီ (ကပက)	သာယာဝတီ	သာယာဝတီ
၆၀	မောင်ဥက္ကာဟိန်း	အထက-မြို့မ	နတ်တလင်း	သာယာဝတီ
၆၁	မမေသန္တာထွန်း	အထက(၃)လက်ပံတန်း	လက်ပံတန်း	သာယာဝတီ
၆၂	မဆုနေခြည်ဝင်း	အထက-မြို့မ	နတ်တလင်း	သာယာဝတီ
၆၃	မောင်ဘုန်းပြည့်	အထက-အောင်ဆန်း	ပြည်	ပြည်
၆၄	မောင်မင်းပြည့်စုံ	အထက-ပေါင်းတည်	ပေါင်းတည်	ပြည်

(ဆက်လက်ဖော်ပြပါမည်)

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ပြင်သစ်နိုင်ငံ ရင်ဆိုင်နေရဟု မက်ခရွန်ပြောကြား

ပါရီ ဖေဖော်ဝါရီ ၂၇

ပြင်သစ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့်လူနာအရေအတွက်တိုးလာသည့်အတွက် ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း၊ ဗိုင်းရပ်စ်ကူးစက်မှုကို မိမိတို့တတ်နိုင်သလောက် အကောင်းဆုံး ကိုင်တွယ်ရမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

မိမိတို့သည် ဗိုင်းရပ်စ်ကူးစက်မှုပြဿနာကို ရင်ဆိုင်နေရကြောင်း မက်ခရွန်က ပါရီမြို့ရှိ လာပီတီ-ဆယ်ပီထရီယာဆေးရုံ၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသည့် ပထမဆုံး ပြင်သစ်လူမျိုးသည် ယင်းဆေးရုံ၌ အင်္ဂါနေ့က သေဆုံးခဲ့သည်။

မိမိတို့သည် ဗိုင်းရပ်စ်ကူးစက်မှုအစပိုင်းတွင်သာ ရှိသေးသည်ကို သိရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့်အတူ မိမိတို့အနေဖြင့် မှန်ကန်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း မက်ခရွန်က ကျန်းမာရေးဝန်ကြီး အိုလီဗာဗာရွန်နှင့် အတူရှိနေစဉ် ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာ ယခုအချိန်အထိ ၁၈ ဦးရှိပြီး သေဆုံးသူနှစ်ဦးရှိသည်ဟု ထုတ်ပြန်ထားသည်။ သေဆုံးသူတစ်ဦးမှာ အသက် ၈၀ အရွယ် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်ဖြစ်ပြီး ၎င်း၏သေဆုံးမှုသည် အာရှ၏ပြင်ပ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးသေဆုံးမှုဖြစ်ခဲ့သည်။ ဒုတိယသေဆုံးသူမှာ အသက် ၆၀ နှစ်အရွယ် ကျောင်းဆရာတစ်ဦးဖြစ်သည်။ ၎င်းသည် ဗိုင်းရပ်စ်ဖြစ်ပွားရာဒေသသို့ ခရီးသွားခဲ့ခြင်းမရှိသဖြင့် ၎င်း၏သေဆုံးမှုသည် တာဝန်ရှိသူများကို စိုးရိမ်ပူပန်မှုဖြစ်စေခဲ့သည်။

ဒေသတစ်ခုတည်းမှ အသက် ၅၅ နှစ်အရွယ် ကျောင်းဆရာတစ်ဦးသည်လည်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဆေးရုံတင်ထားရသည်။ ၎င်းကျောင်းဆရာသည်လည်း ဗိုင်းရပ်စ်ဖြစ်ပွားရာဒေသသို့ ခရီးသွားခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ပြင်သစ်မြေပေါ်တွင် ဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားရာ ဇာစ်မြစ်ကို ရှာဖွေဖော်ထုတ်ရန်အတွက် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ယခုအချိန်အထိ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် လူ ၂၇၀၀ ကျော် သေဆုံးခဲ့ပြီး လူပေါင်း ၈၀၀၀၀ နီးပါး ဗိုင်းရပ်စ်ပိုးကူးစက်ခံနေရသည်။ အများစုမှာ တရုတ်နိုင်ငံတွင်ဖြစ်သည်။

ပြင်သစ်အစိုးရက အီတလီနိုင်ငံ လွန်ဘာဒီနှင့် ဗီနီတိုဒေသတို့မှ ပြန်လာသည့် နိုင်ငံသားများကို အရေးကြီးကိစ္စမရှိပါက အိမ်အပြင်မထွက်ရန်နှင့် ၎င်းတို့၏ ကလေးများကို ကျောင်းသို့မပို့ဘဲ အိမ်တွင်ထားရန် ပြောကြားသည်။

တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ မကာအို၊ စင်ကာပူနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ပြန်လာသူများကိုလည်း အစိုးရက အလားတူ အကြံပြုချက်များ ပေးထားသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အောင်ဇော်လင်း

ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ်လအတွင်း ဂျပန်နိုင်ငံရှိ ကျောင်းအားလုံးပိတ်ထားရန် စီစဉ်

တိုကျို ဖေဖော်ဝါရီ ၂၇

ဂျပန်နိုင်ငံအစိုးရသည် ကျောင်းသားများအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှ အကာအကွယ်ပေးမည့် အစီအစဉ်အဖြစ် နွေရာသီအားလပ်ရက်စတင်မည့် မတ်လ ၂ ရက်နေ့မှစတင်ကာ နိုင်ငံအတွင်းရှိ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းနှင့် အထူးထောက်ပံ့ပေးထားသော ကျောင်းများအားလုံးကို ပိတ်ထားရန် စီစဉ်လျက်ရှိကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အစိုးရ၏ အထူးလုပ်ငန်းအဖွဲ့နှင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသောကြောင့် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်ကာ ဟော့ကိုင်းဒိုးစီရင်စုအတွင်းရှိ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းကျောင်းပေါင်း ၁၆၀၀ ကို ရက်သတ္တတစ်ပတ်ကြာပိတ်ထားရေး တောင်းဆိုရန်လည်း ဟော့ကိုင်းဒိုးပညာရေးဘုတ်အဖွဲ့က ဆုံးဖြတ်လိုက်သည်။ ဟော့ကိုင်းဒိုးမြို့တော်ဝန် နာအိုမီချီဆူဇူကီက ၎င်းအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်ရန်အတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေသန္တရအစိုးရအဖွဲ့အချို့ကမူ ၎င်းတို့၏ နယ်မြေများရှိ ကျောင်းများကို ပိတ်သိမ်းထားပြီဖြစ်ကြောင်းလည်း ရှင်ဇိုအာဘေးက မှတ်ချက်ပြုပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုသည် ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် နယ်ပယ်ကဏ္ဍအစုံတွင် သိသာသည့်အကျိုးသက်ရောက်မှုတစ်ခုရှိနေသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ဂျပန်နိုင်ငံ၏ ပရော်ဖက်ရှင်နယ်ဘောလုံးပြိုင်ပွဲဖြစ်သည့် ဂျေလိဂ်ကိုလည်း လာမည့် သီတင်းသုံးပတ်ကြာအထိ တရားဝင်ပြိုင်ပွဲအားလုံးကို ရွှေ့ဆိုင်းထားသည်။ ယင်းသို့ ရွှေ့ဆိုင်းလိုက်ခြင်းကြောင့် မတ် ၁၅ ရက်အထိ ကျင်းပရန် စီစဉ်ထားသည့် တရားဝင်ပြိုင်ပွဲ စုစုပေါင်း ၉၄ ပွဲအထိ သက်ရောက်မှုရှိခဲ့သည်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်ရန် ကြိုးပမ်းရာတွင် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်မှုများစွာ ပြုလုပ်မည်ဟုလည်း ဂျေလိဂ်ဥက္ကဋ္ဌ မစ်ဆူရူမူရာအီက ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း သတင်းပေးပါက ဆုကြေးငွေချီးမြှင့်

ပေကျင်း ဖေဖော်ဝါရီ ၂၇

တရုတ်နိုင်ငံ ဟူပေပြည်နယ် ကျန်ရှင်းမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံနေရကြောင်း သတင်းပေးပို့ပါက ဆုငွေများချီးမြှင့်ပေးသည့်နည်းလမ်းကိုကျင့်သုံးကာ ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်လျက်ရှိသည်။

ကိုရိုနာဗိုင်းရပ်စ် ရောဂါလက္ခဏာဖြစ်ပွားနေသည့် မည်သည့်ဒေသခံပြည်သူမဆို ရောဂါကူးစက်ခြင်းခံထားရကြောင်း သက်ဆိုင်ရာသို့ အကြောင်းကြားပါက အမေရိကန်ဒေါ်လာ ၁၄၂၆ (ယွမ်တစ်သောင်း)ခန့် ဆုကြေးငွေအဖြစ် တရုတ်အာဏာပိုင်များက ချီးမြှင့်ပေးလျက်ရှိသည်။ ရောဂါပိုးရှိသည်ဟု သံသယရှိသူများကို ဒေါ်လာ ၂၈၅ (ယွမ် ၂၀၀၀) ချီးမြှင့်ပေးပြီး ပထမဆုံးစစ်ဆေးမှုခံယူပြီးနောက် ရောဂါပိုးရှိသည်ဟု ချက်ချင်းအတည်မပြုနိုင်သေးသူများကို ဒေါ်လာ ၁၄၂ (ယွမ် ၁၀၀၀) ခန့် ချီးမြှင့်ပေးလျက်ရှိသည်။

အဆိုပါဆုကြေးငွေချီးမြှင့်သည့် အစီအစဉ်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်ခဲ့သည်။ ကျန်ရှင်းမြို့သည် ကိုရိုနာဗိုင်းရပ်စ်ပိုး စတင်ဖြစ်ပွားပျံ့နှံ့ရာနေရာဖြစ်သည့် ဟူပေပြည်နယ်၏ အလယ်ဗဟို၌ တည်ရှိပြီး ရောဂါကူးစက်ခံရသူ ၁၉၇ ဦးရှိကာ ကိုးဦးသေဆုံးခဲ့သည်။

ဟူပေပြည်နယ်တွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၆၅၅၉၆ ဦးရှိပြီး သေဆုံးသူ ၂၆၄၁ ကျော်ရှိသည်။ တရုတ်နိုင်ငံတစ်ဝန်းတွင် လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ အရေအတွက် ၇၈၅၀၀ နီးပါးရှိပြီး သေဆုံးသူ ၂၇၄၄ အထိ မြင့်တက်လျက်ရှိသည်။

ဟန်ယန်၊ ကျင်ဂန်၊ ဝူချန်နှင့် ရှီးယန်မြို့များတွင်လည်း ဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံထားရကြောင်း သတင်းပေးပို့သူ မည်သူမဆိုအား ဆုကြေးငွေများ ချီးမြှင့်လျက်ရှိသည်။

မကြာသေးမီက ရောဂါပိုးကူးစက်ခံထားရသူတစ်ဦးကို တွေ့ရှိထားသည်ဟု သတင်းပေးပို့ခဲ့သည့် ပြည်သူတစ်ဦးအား ရှီးယန်မြို့ အာဏာပိုင်များက ဒေါ်လာ ၁၄၂၆ (ယွမ်တစ်သောင်း)ခန့် ဆုကြေးငွေချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုးကား-စီအင်န်အင်န်
ဘာသာပြန်-အောင်ကျော်ကျော်

လက်ယာစွန်းရောက်အကြမ်းဖက်ဝါဒအား ဂျာမနီနိုင်ငံရေးသမားများက ပြင်းပြင်းထန်ထန် ကန့်ကွက်

ဘာလင် ဖေဖော်ဝါရီ ၂၇

ဂျာမနီနိုင်ငံ ဟန်နောမြို့တွင် လူမျိုးရေးအစွန်းရောက်သူ သေနတ်သမား၏ ပစ်ခတ်မှုကြောင့် လူကိုးဦး သေဆုံးမှုဖြစ်ပွားအပြီး လက်ယာစွန်းရောက်အကြမ်းဖက်ဝါဒအား ဂျာမနီနိုင်ငံရေးသမားများက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။

နှစ်စဉ်နှစ်တိုင်း Ash Wednesday ခေါ် ခရစ်ယာန်ဘာသာဝင်များ၏ ဝါတွင်းကာလသည် ကာနေဗယ်ပွဲတော်ရာသီအပြီးတွင် ကျရောက်သည်။ ၎င်းဝါတွင်းကာလတွင် နိုင်ငံတွင်းမှ ထိပ်တန်းနိုင်ငံရေးသမားများသည် မိန့်ခွန်းများပြောကြားလေ့ရှိပြီး အတိုက်အခံပါတီများနှင့် စကားစစ်ထိုးပွဲများ ကျင်းပလေ့ရှိသည်။

လက်ယာစွန်းရောက်များ၏ မုန်းတီးမှုကို ခံစားရသောသူများအား ဝန်းရံကြရန် ဂျာမနီပြည်သူများအား အစိမ်းရောင်ပါတီ၏ တွဲဖက်ခေါင်းဆောင် ရောဘတ်ဟေးဘတ်က ပြောကြားသည်။ လက်ယာပါတီတစ်ခုဖြစ်သော အေအက်ဖ်ဒီပါတီက ဂျာမနီနိုင်ငံ ဟန်နောမြို့တွင် ဖြစ်ပွားသော သေနတ်ပစ်ခတ်မှုသည် မိမိတို့ပါတီနှင့်မပတ်သက်ကြောင်း ပြောကြားသည်။ ခရစ်ယာန်ဝါတွင်းကာလပြုလုပ်သော နိုင်ငံရေးဆွေးနွေးပွဲများတွင် လက်ရှိအာဏာရ ခရစ်စတင်းဒီမိုကရက်ပါတီ၏ အနာဂတ်ခေါင်းဆောင်မှုအပိုင်းအပေါ် မေးခွန်းထုတ်မှုများနှင့် ဆိုရှယ်ဒီမိုကရက်ပါတီနှင့် ခရစ်စတင်းဒီမိုကရက်ပါတီတို့၏ ဆက်ဆံရေးတို့ကို မေးခွန်းထုတ်ခဲ့ကြသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

အမေရိကန်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ သေနတ်သမားအပါအဝင် ခြောက်ဦးသေဆုံး

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

သေနတ်သမားတစ်ဦးသည် ယမန်နေ့က မိမိကိုယ်ကို အဆုံးမစီရင်မီ အမေရိကန်နိုင်ငံရှိ အကျော်ကြားဆုံး ဘီယာချက်စက်ရုံတစ်ရုံမှ အလုပ်သမားငါးဦးကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက် နေ့လယ်ပိုင်းက အဆိုပါပစ်ခတ်မှုဖြစ်ပွားချိန်တွင် ဝက်စ်ကွန်ဆင်ပြည်နယ် မီလ်ဝေါကီးမြို့ရှိ Molson Coors ဘီယာချက်စက်ရုံဝန်းအတွင်း အလုပ်သမား ၁၀၀၀ ကျော်ရှိနေခဲ့ကြောင်း မြို့တော်ရဲတပ်ဖွဲ့အကြီးအကဲ အယ်လ်ဖွန်ဆိုမိုရေးလ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက သေနတ်ဒဏ်ရာ တစ်ချက်ဖြင့် သေဆုံးနေသည့် သံသယရှိသူ အသက် ၅၁ နှစ်အရွယ် အမျိုးသားတစ်ဦးကို တွေ့ရှိခဲ့သည်ဟု ၎င်းက ပြောသည်။ သေနတ်သမားမှာလည်း ဘီယာချက်စက်ရုံမှ အလုပ်သမားတစ်ဦးဟု မီဒီယာသတင်းများက ဖော်ပြခဲ့ကြသည်။ ပစ်ခတ်မှုအတွင်း စက်ရုံအလုပ်သမားငါးဦးလည်း သေဆုံးခဲ့သည်ဟု မြို့တော်ဝန် တွမ်ဘားရတ်က ပြောသည်။

"ဒီပစ်ခတ်မှုဟာ ကျွန်တော်တို့မြို့တော်အတွက် ပြောမထွက်နိုင်အောင် ဆိုးရွားတဲ့ ဖြစ်ရပ်ဆိုးတစ်ခုဖြစ်ပါတယ်" ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့သည်။ လူသတ်သမားတစ်ဦးက Molson Coors ဘီယာချက်စက်ရုံ၌ သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လူငါးဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း၊ အချို့မှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဆိုင်ရာ သတင်းစာရှင်းလင်းပွဲ၌ သမ္မတဒေါ်နယ်ထရမ့်က ပြောကြားသည်။ သေနတ်သမားကို Coors, Millers အမှတ်တံဆိပ်များ ပိုင်ဆိုင်သည့် ဘီယာချက်ကုမ္ပဏီမှ ထိုနေ့အစောပိုင်းတွင် ရာထူးမှထုတ်ပယ်ခဲ့ကြောင်း ABC News အပါအဝင် အမေရိကန် မီဒီယာအချို့က ဖော်ပြခဲ့သည်။

သေနတ်သမားမှာ ယူနီဖောင်းဝတ်ထားသည့် အလုပ်သမားတစ်ဦးဖြစ်သည်ဟု ဒေသခံလွှတ်တော်အမတ်တစ်ဦးကို ကိုးကား၍ နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ကျော်ထိုက်စိုး

မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိ

မောင်တော ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်း၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီ ၃၅မိနစ်တွင် မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူ အိမ်ထောင်စု လေးစု၊ အမျိုးသား ကိုးဦး၊ အမျိုးသမီး ခုနစ်ဦး လူဦးရေစုစုပေါင်း ၁၆ ဦးအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့လက်ခံဆောင်ရွက်ရာတွင် ရှေးဦးစွာ လုံခြုံရေးတာဝန်ရှိသူများက သတ်မှတ်နေရာ၌ တစ်ဦးချင်းလုံခြုံရေးဆိုင်ရာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ စိစစ်မှတ်တမ်းတင်ခြင်းအား ဆောင်ရွက်ရာတွင် အိမ်ထောင်စု လေးစုရှိ အသက် ၁၀ နှစ်အထက် အမျိုးသမီး လေးဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၀ ဦးတို့အား NV Card ထုတ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်မှာ မွန်းလွဲ ၁ နာရီခွဲတွင် ပြီးစီးခဲ့သည်။

ဆက်လက်၍ ငါးခူရပြန်လည်လက်ခံရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးငွေးမောင်က လှဖိုးခေါင်ယာယီနေရာချထားစခန်းသို့ လွှဲပြောင်းပို့ဆောင်ပေးရာ မွန်းလွဲ ၃ နာရီတွင် ရောက်ရှိကြပြီး လှဖိုးခေါင်စခန်းတာဝန်ခံညွှန်ကြားရေးမှူး ဦးစိုးရွှေအောင်နှင့် စခန်းတာဝန်ရှိသူများက လွှဲပြောင်း/ လက်ခံဆောင်ရွက်ကာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြန်လည်ဝင်ရောက်လာသူ အိမ်ထောင်စု လေးစု၊ လူဦးရေ ၁၆ ဦးတို့သည် ယခင်နေရပ် မောင်တောမြို့နယ် ငန်းချောင်းကျေးရွာမှဖြစ်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ခရိုင်ပြန်/ဆက်)

တောင်ငူမြို့၌ ပရိဘောဂလုပ်ငန်းလုပ်ကိုင်သည့် နေအိမ်အပါအဝင် ဆေးခန်းတစ်ခု မီးလောင်

တောင်ငူ ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့(၁၉)ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်းဘေး ဆည်းဆာပရိဘောဂဆိုင်နှင့် သောသီခိုဆေးခန်းတွင် ယနေ့နံနက် ၁ နာရီ ၅၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် နံနက်အစောပိုင်းက ပရိဘောဂပစ္စည်းအရောင်းဆိုင်တစ်ဆိုင်ရှိ အင်တာနက်ဝိုင်ဖိုင်ပလတ်ခုံအပူလွန်ကဲ၍ မီးလောင်ခဲ့ရာမှ ပရိဘောဂဆိုင်နှင့် အထူးကုဆေးခန်းတို့အား မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအသင်းများ၊ တောင်ငူခရိုင် မီးသတ်စခန်းမှ မီးသတ်ယာဉ် ခြောက်စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၅၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ အုတ်တွင်းမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မဟာမေတ္တာဖောင်ဒေးရှင်းမှ မီးသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ကေတုပရဟိတအသင်းမှ မီးသတ်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခွဲတွင် မီးငြိမ်းခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ တောင်ငူမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

သူရ (တောင်ငူ)

ဖေဖော်ဝါရီ ၂၆ ရက်က ဒဂုံမြောက်မြို့နယ် (၄၂)ရပ်ကွက် မေတ္တာချောင်းကူးလမ်း ဝိသာခါဆွမ်းလောင်းဓမ္မာရုံ၌ ဒဂုံမြောက် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် ဖုန်းဝေဦးက ရပ်ကွက်နေပြည်သူ ၃၀ ခန့်အား သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းအသိပညာပေး ဟောပြောစဉ်။

ကိုဌေး

ဇေယျာဝတီနှင့် ပင်လည်ဘူးမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ဇေယျာဝတီ ဖေဖော်ဝါရီ ၂၇

မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ ရဲအုပ်မိုးလွင်နှင့်အဖွဲ့၊ နယ်မြေခံရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်က မစ္ဆဝါးလီးယားကျေးရွာရှိ ကျော်စိုး (ခ) အနီးကူးမားအိမ်အား ဝင်ရောက်ရှာဖွေရာ ကျော်စိုးအားတွေ့ရ၍ ဆက်လက်ရှာဖွေရာ ဆေးခြောက် ၂ ဒသမ ၆၉၄ ကီလိုဂရမ်၊ စိတ်ကြွဆေးပြား ခြောက်ပြား၊ ဆေးခြောက်ချိန်တွယ်ရာတွင် အသုံးပြုသည့် ဒစ်ဂျစ်တယ်ကတ္တားတစ်လုံး၊ ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

သို့ပါ၍ ဆေးခြောက်နှင့် ဆေးပြားများ လက်ဝယ်ကိုင်ဆောင်တွေ့ရှိသူ ကျော်စိုး(ခ)အနီးကူးမားအား ဇေယျာဝတီရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ပင်လည်ဘူး

အလားတူ ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၅ နာရီခွဲခန့်တွင် နန်းတပ်နယ်မြေ ရဲကင်းစခန်းမှူး ဒုရဲအုပ်အေးကို ဦးစီးသောအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ပင်လည်ဘူးမြို့နယ် ငါးကြင်းအင်းကျေးရွာအနီးရှိ ဒေါ်ခင်သန်းဦး၏လယ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းတဲအတွင်းမှ ဘိန်းဖြူ ၁၇၅ ဂရမ်၊ ငွေကျပ် သိန်း ၆၀ တို့ကို ရှာဖွေတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်သူ ဒေါ်ခင်သန်းဦးအား နန်းတပ်နယ်မြေရဲကင်းစခန်းက မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

■

မော်လမြိုင်မြို့၌ စားသောက်ဆိုင် မီးလောင်

မော်လမြိုင် ဖေဖော်ဝါရီ ၂၇

မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက်၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက စားသောက်ဆိုင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက် ဖက်ခင်းလမ်းရှိ စားသောက်ဆိုင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မွန်ပြည်နယ် မီးသတ်ဦးစီးမှူး ဦးတင်မောင်နီဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ မီးငြှိမ်းသတ်ယာဉ် ၁၂ စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရခြင်းမှာ စားသောက်ဆိုင် မြေညီထပ်ရှိ အခန်းလေစုပ်ပန်ကာ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အတွင်း သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တိုက်ကြီးမြို့နယ် မင်းလှဝကျေးရွာအုပ်စု သပြေတန်းရွာဘုန်းကြီးကျောင်း အရှေ့ဘက် လှိုင်မြစ်ဘေးတွင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား ၇ ဒသမ ၈၉၈၀ တန်၊ အုတ်တွင်းမြို့နယ် ဖြူးကွန်းကြိုးဝိုင်းအကွက် အမှတ် (၄၈/၇၃)အတွင်း တရားမဝင် ကျွန်းသစ်/ခွဲခြမ်း ၁၁ ဒသမ ၈၁၈၀ တန်၊ ယင်းမာပင်မြို့နယ် တရော်ကျင်းကျေးရွာအနီး နေရာ၌ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၈ ဒသမ ၆၀၈၂ တန်၊ ကံမမြို့နယ် ကျောက်ပဒေါင်းကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာနေရာ၌ တရားမဝင် ကျွန်း/ပျဉ်းကတိုး/ ဒီးဒူး/ ဖန်ခါး/ ချဉ်ယုတ်/ နဘဲ/ထောက်ကြံ့/ သင်းဝင်/ သခွပ်/ ဘင်္ဂ/ ရုံး/မျောက်ချော/စင်ပြွမ်း သစ်/ ခွဲသား ၃၅ ဒသမ ၀၅၀၉ တန်၊ ၂၅ ကောင် အင်ဂျင်သုံးလုံးပါ တရား မဝင် သစ်စက် ဆက်စပ်ပစ္စည်းများနှင့် အတူ ပြစ်မှုကျူးလွန်သူ ခြောက်ဦး၊ ဘုတ်ပြင်းမြို့နယ် ရေလည်တောင်ဆီအုန်းခြံအနီး ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကတွတ်ခွဲသား ၄ ဒသမ ၇၅၄၆ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)

■

မြင်းမူမြို့နယ်အတွင်း ယာဉ်နှစ်စီး တိုက်မိ

မြင်းမူ ဖေဖော်ဝါရီ ၂၇။ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာအနီး ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာအနီး မုံရွာ-မန္တလေးကားလမ်း မိုင်တိုင် (၅၉/၁) အနီး၌ သန်းဇော်မျိုး ငွေးပင်တောကျေးရွာနေ မောင်းနှင်လာသောယာဉ်နှင့် မန္တလေးမှ မုံရွာလမ်းမကြီးအတိုင်း ဥက္ကာမင်းမောင်းနှင်ပြီး ဝေနှင်းကိုကိုလိုက်ပါလာသည့် ယာဉ်တို့တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် သန်းဇော်မျိုးတွင် (စိုးရိမ်ရ)ဒဏ်ရာနှင့် ဝေနှင်းကိုကို မဟာအောင်မြေမြို့နယ် မန္တလေးမြို့နေသူနှင့် ဥက္ကာမင်း ဘုရားကြီးရပ်ကွက် မုံရွာမြို့နေသူတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ သန်းဇော်မျိုးအား မြင်းမူရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၉)

ရွေးကောက်ပွဲနှင့် မဟာဗျူဟာစီမံကိန်း

မောင်စာဂ

လုပ်ငန်းတစ်ခုအောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ဆိုလျှင် လုပ်ငန်းအစီအစဉ်တွေ ချမှတ်ရသည်။ စီမံချက်တွေ ရေးဆွဲရသည်။ ကြီးမားလှသော လုပ်ငန်းကြီးများကို ဆောက်ရွက်ရသည့်အခါမှာတော့ သာမန်စီမံချက်များ ရေးဆွဲချမှတ်ရုံလောက်နှင့် မပြည့်စုံနိုင်။ စီမံကိန်းများ ရေးဆွဲရသည်။ ၂၀၂၀ ပြည့်နှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအားလုံးတွင် ကျင်းပသွားမည်။ ကြီးမားလှသော လုပ်ငန်းစဉ်ကြီးဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဟာဗျူဟာစီမံကိန်းကို ရေးဆွဲချမှတ်ထားရှိသည်။ အနှစ်ချုပ်မျှဝေပါရစေ။

မဟာဗျူဟာစီမံကိန်း (၂၀၁၄ - ၂၀၁၈)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၄ ခုနှစ်ကစ၍ ရွေးကောက်ပွဲများ ချောမောအောင်မြင်စွာ ကျင်းပနိုင်ရန် မဟာဗျူဟာစီမံကိန်း (၂၀၁၄ - ၂၀၁၈)ကို ရေးဆွဲချမှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် မဟာဗျူဟာစီမံကိန်း (၂၀၁၄ - ၂၀၁၈) ပါ ရည်မှန်းချက်ပန်းတိုင်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ခဲ့ရာ စီမံကိန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းခန့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

မဟာဗျူဟာစီမံကိန်း (၂၀၁၉ - ၂၀၂၂)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို မျှော်မှန်းလျက် ၂၀၁၉ ခုနှစ်မှစ၍ ဆောင်ရွက်ရန်ရှိသည်များနှင့် ရွေးကောက်ပွဲအပြီး ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမည့်ကာလ ၂၀၂၂ ခုနှစ်အထိ လေးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၉ - ၂၀၂၂) ကို ရေးဆွဲခဲ့သည်။

မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များ

မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များ ၁၁ ချက်ရှိသည်။ အောက်ပါအတိုင်းဖြစ်သည်-

- မဟာဗျူဟာစီမံကိန်း(၁)။ ဥပဒေရေးရာမူဘောင်နှင့် လွှတ်တော်ဆက်ဆံရေး၊
- မဟာဗျူဟာစီမံကိန်း(၂)။ ဝန်ထမ်းများ၏ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ရေး၊
- မဟာဗျူဟာစီမံကိန်း(၃)။ ပြည့်စုံမှန်ကန်သော မဲစာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
- မဟာဗျူဟာစီမံကိန်း(၄)။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ၊
- မဟာဗျူဟာစီမံကိန်း(၅)။ ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း၊
- မဟာဗျူဟာစီမံကိန်း(၆)။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများ ဖြေရှင်းခြင်း၊
- မဟာဗျူဟာစီမံကိန်း(၇)။ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း၊
- မဟာဗျူဟာစီမံကိန်း(၈)။ အားလုံးပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်း၊
- မဟာဗျူဟာစီမံကိန်း(၉)။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်၊
- မဟာဗျူဟာစီမံကိန်း(၁၀)။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း၊
- မဟာဗျူဟာစီမံကိန်း(၁၁)။ စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ရာတွင် ပြင်ပလွှမ်းမိုးမှုမရှိစေဘဲ လွတ်လပ်၍ အမှီအခိုကင်းစွာဖြင့် စီမံဆောင်ရွက်မည်။ မည်သည့်ပါတီ၊ လူပုဂ္ဂိုလ် တစ်ဦးဦးကိုမျှ ဘက်လိုက်ခြင်းမရှိဘဲ . . .

ရွေးကောက်ပွဲစက်ဝန်း

ရွေးကောက်ပွဲစက်ဝန်းဟူသည် ရွေးကောက်ပွဲကာလများဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလများတွင် ရွေးကောက်ပွဲကာလအလိုက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များကို အလွယ်တကူသိရှိနိုင်ရန် စက်ဝန်းပုံသဏ္ဌာန်ဖြင့် ပုံဖော်ရေးဆွဲပြသထားခြင်းဖြစ်သည်။ မဟာဗျူဟာစီမံကိန်း ၁၁ ချက်လုံးသည် သက်ဆိုင်ရာ ရွေးကောက်ပွဲကာလအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များ ဖြစ်သည်။

မဟာဗျူဟာမျှော်မှန်းချက်၊ တာဝန်နှင့် လိုက်နာဆောင်ရွက်မည့် အခြေခံမူများ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဟာဗျူဟာစီမံကိန်းပါ ဆောင်ရွက်ရန်ရှိသည့်အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မျှော်မှန်းချက်၊ တာဝန်နှင့် လိုက်နာရမည့်အခြေခံမူများ ချမှတ်ထားရှိကြောင်း ဤသို့လေ့လာသိရှိရသည်-

မျှော်မှန်းချက်နှင့်စပ်လျဉ်း၍ စစ်မှန်ခိုင်မာသော ဒီမိုကရေစီစနစ်တည်ဆောက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို လွတ်လပ်၍တရားမျှတပြီး တူညီသောအခွင့်အရေးဖြင့် ဘက်လိုက်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ကျင်းပပေးခြင်းဖြင့် အများယုံကြည်လက်ခံလာစေရန် မျှော်မှန်းချက်ထားရှိသည်။

တာဝန်ပိုင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသော အခွင့်အာဏာအရ လွတ်လပ်၍တရားမျှတသော ဘက်မလိုက်သည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အဖွဲ့ဝင်များ၏စွမ်းဆောင်မှုအရည်အသွေး မြှင့်တင်ပေးခြင်း၊ ပြည့်စုံမှန်ကန်သောမဲစာရင်းများပြုစုခြင်း၊ မဲဆန္ဒရှင်များအားပညာပေးခြင်း၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်မည်။ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်။

လိုက်နာဆောင်ရွက်မည့်အခြေခံမူများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ရာတွင် ပြင်ပလွှမ်းမိုးမှုမရှိစေဘဲ လွတ်လပ်၍ အမှီအခိုကင်းစွာဖြင့် စီမံဆောင်ရွက်မည်။ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ခုခု၏ လွှမ်းမိုးမှုမရှိဘဲ ဆောင်ရွက်မည်။ မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကိုမျှ ဘက်လိုက်ခြင်းမရှိဘဲ ဥပဒေနှင့်အညီ တရားမျှတခြင်းကို ဦးတည်ကြီးကြပ်ဆောင်ရွက်မည်။ ရွေးကောက်ပွဲဆိုင်ရာမူဝါဒများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲများ ကျင်းပရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်မည်။

ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ဆောင်ရွက်မည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အစဉ်အမြဲခိုင်မာရှင်သန်စေရန်၊ တိုးတက်နေသော ခေတ်မီနည်းပညာများကိုအသုံးပြု၍ တီထွင်ကြံဆတွေးခေါ်ဆောင်ရွက်မည်။ ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲလုပ်ငန်းများအပေါ် ပြည်သူများ၏ယုံကြည်ကိုးစားမှုမြင့်မားစေရန် ဥပဒေများနှင့်အညီ စီမံဆောင်ရွက်မည်။ ပြည်သူအား ဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း အသိပေးမည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်တွင် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် လွတ်လပ်၍ တရားမျှတသော၊ သိက္ခာရှိသော ရွေးကောက်ပွဲများကို ကျင်းပပေးခြင်းဖြင့် ဒီမိုကရေစီအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေရေး ဆောင်ရွက်မည်။

ရွေးကောက်ပွဲနှင့်အတူ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ် ၁၁ ချက်သည် လွှတ်တော်နှင့်သက်ဆိုင်သည့်အပိုင်း၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သည့်အပိုင်း၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲလေ့လာသူများစသည့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် သက်ဆိုင်သည့်အပိုင်းများ အသီးသီးပါရှိသည်။

စီမံကိန်းလုပ်ငန်းစဉ် ၁၁ ချက်လုံး အောင်မြင်ရေးအတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်းကဏ္ဍ၊ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်းကဏ္ဍနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်းကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်မှုရှိစေဖို့ အလေးထားဆောင်ရွက်ရန်လိုအပ်ပါမည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များ မျှော်မှန်းထားသည့်အတိုင်း အပြည့်အဝအောင်မြင်ဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ မဟာဗျူဟာစီမံကိန်း၏ မျှော်မှန်းချက်နှင့်အညီ-

- ➤ **လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြစ်ပါစေ၊**
- ➤ **တူညီသောအခွင့်အရေးဖြင့် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲကြီးဖြစ်ပါစေ၊**
- ➤ **ရွေးကောက်ပွဲစက်ဝန်းပါလုပ်ငန်းစဉ်များ ချောမောအောင်မြင်ရေးအတွက် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ။**

ငြိမ်းချမ်းရေးအတွက် စစ်ကိုင်းတက္ကသိုလ်တွင် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၇

စတော့ဟုမ်း ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် (IBEC) ဗုဒ္ဓဘာသာ ပညာရေးစင်တာကျောင်းတိုက်အဓိပတိနာယကဆရာတော် ဒေါက်တာအရှင် သောဘိတ ဦးဆောင်၍ ကျောင်းသား ကျောင်းသူများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ပြည်သူများက မြန်မာနိုင်ငံ ငြိမ်းချမ်းဖို့ ကျောင်းသားပြည်သူလက်တွဲစို့ဆိုသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး စုပေါင်းလမ်းလျှောက်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက တက္ကသိုလ်ကျောင်းဝင်းအတွင်း ကျင်းပသည်။

ဆရာတော် ဒေါက်တာအရှင်သောဘိတက "မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေအားလုံး အချင်းချင်းတွေ မညီညွတ်ကြဘဲနဲ့ လက်နက်ကိုင်နေကြရတာတွေ၊ အဲဒီ လက်နက်တွေအစား ငြိမ်းချမ်းရေးသံစဉ်လှိုင်းတွေ တီးခတ်လိုက်တဲ့ လူငယ်တွေရဲ့ရသ ငြိမ်းချမ်းလိုတဲ့ ဆန္ဒတွေကြောင့် မကြာခင်အချိန်အတွင်းမှာ မြန်မာပြည်ကြီး ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော်ကြီး ဖြစ်ပါစေ"ဟု မေတ္တာစကား မြွက်ကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများကလည်း ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာစကားများ အသီးသီးပြောကြားခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက "မငြိမ်းချမ်းလို့မဖြစ်ဘူး"တေးသီချင်းဖြင့် သရုပ်ပြ ဖျော်ဖြေခဲ့ကြသည်။

ဇော်မြင့်နိုင်(ခရိုင်ပြန်/ဆက်)

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဘာသာရပ်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ သချ်ာအသင်း အမျိုးသားနှင့် အမျိုးသမီးတို့ ပထမဆုဆွတ်ခူး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ရန်ကုန်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ(RC)၌ ဗိုလ်လုပွဲ ပွဲစဉ်များ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ကျောင်းသား ကျောင်းသူများ ကွင်းလုံးပြည့် လာရောက်ကြည့်ရှုအားပေးကြသည်။

ဆုများချီးမြှင့်

ဗိုလ်လုပွဲ ပွဲစဉ်၌ အမျိုးသားပြိုင်ပွဲတွင် သချ်ာအသင်းက ရုက္ခဗေဒအသင်းကို ၈၀ မှတ် ၄၈ မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် သချ်ာအသင်းက ICES အသင်းကို ၅၆ မှတ် ၃၆ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။ ပြိုင်ပွဲအပြီး အမျိုးသားပထမဆု သချ်ာအသင်း၊ ဒုတိယ ရုက္ခဗေဒအသင်း၊ တတိယ မြန်မာစာအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ သချ်ာအသင်း၊ ဒုတိယ ICES အသင်း၊ တတိယ ဥပဒေအသင်းနှင့် အကောင်းဆုံးဆုရရှိကြသော အားကစားသမားများအား ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဌာနမှ ပါမောက္ခများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်ပြီး ပထမ တံခွန်စိုက်ဆုရ အမျိုးသားနှင့် အမျိုးသမီး သချ်ာအသင်းအား သချ်ာဌာနမှ ဌာနမှူးပါမောက္ခ ဒေါက်တာချိုဝင်းက ဆုများချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၃ သင်း၊ အမျိုးသမီး ၁၀ သင်း စုစုပေါင်း ၂၃ သင်း ပါဝင်ကြပြီး အမျိုးသားပြိုင်ပွဲတွင် သချ်ာအသင်းက ပထမဆုခြောက်ကြိမ်၊ အမျိုးသမီးအသင်းက လေးကြိမ်ရရှိခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

အထပ်မြင့်အဆောက်အဦများ မီးဘေးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်

မန္တလေး ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး (မီးသတ်ဦးစီးမှူး)ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူးဦးကျော်ဆန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ဒေသအရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များ၊ သန္နေနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း၌ အထပ်မြင့်အဆောက်အဦများ မီးဘေးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက ပိုလန်နိုင်ငံမှဝယ်ယူထားသော အဆင့်မြင့်မီးသတ်ယာဉ်ကြီးများအား ဟိုက်ဒရောလစ်စက်လှေကားကြီးများအသုံးပြု၍ အထပ်မြင့်အဆောက်အဦကြီးများအား ရေပက်ခြင်း၊ အထပ်မြင့် အဆောက်အဦရှိလူများအား ရှာဖွေကယ်ဆယ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

မောင်ပြည်သူ
(မန္တလေး)

❍ **ကျောဖုံးမှ**

"ကျွန်တော်တို့ ဒီနေ့စတင်ပြေးဆွဲမှုအဖြစ် မနက် ၅ နာရီမှာ စတင်ပြေးဆွဲပေးပါတယ်။ စီနီယာ(၁)လို့ခေါ်တဲ့ ပထမဆုံးကားမှာ ခရီးသည် ၄၅ ယောက်လောက် လိုက်ပါသွားပါတယ်။ ဒီစီးပွားရေးတက္ကသိုလ်ဘက်ခြမ်း အဆင်းမှာတော့ အယောက် ၂၀လောက်ပါလာပါတယ်။ လက်ရှိ စတင်ပြေးဆွဲတာဖြစ်လို့ လှိုင်သာယာဘက်ဂိတ်မှာ ၁၅ စီးလောက်ထားရှိပြီး ဒီဘက်မှာတော့ ၁၀ စီးလောက် ထားရှိပြေးဆွဲပေးနေပါတယ်။ လမ်းပိတ်ဆို့မှုအခြေအနေပေါ်မူတည်ပြီး ဟိုဘက်၊ ဒီဘက် ချိတ်ဆက်မိအောင် ယာဉ်တွေကို တစ်စီးချင်းလွှတ်ပေးနေပါတယ်။ ဂိတ်မှာ ကားမရှိတဲ့အခြေအနေ မဖြစ်အောင်လို့ပါ။ နောက်ပိုင်းမှာတော့ ပိုမိုအဆင်ပြေအောင် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါ YBS(101)ယာဉ်လိုင်းသည် ခရီးစဉ်လမ်းကြောင်း ပြေးဆွဲမှုအဖြစ် အနောက်ပိုင်းနည်းပညာတက္ကသိုလ် (လှိုင်သာယာ)မှစတင်ပြီး ဒဂုံရောအဝေးပြေး-သမကုန်း-အနော်ရထာလမ်း - ၁၂၄ - အလယ်ရွာ - (၁၄)လမ်းဆုံ- တညင်းကုန်းလမ်းဆုံ - ခရေပင်လမ်းဆုံ - အမှတ်(၃)လမ်းဆုံ - အောင်မင်္ဂလာအဝေးပြေး- (၆)ကွေ့ - ကန်သာယာ - ခေမာသီလမ်း - ဆေးတက္ကသိုလ်(၂) - ဗိုလ်မှူးဗထူးတံတား - ဂန္ဓာရုံ - ကျောင်းကွေ့ - (၄၄)လမ်းဆုံ - ဗထူးဈေး - (၄၆)မှတ်တိုင် - ဈေးလေး - ဒဂုံတက္ကသိုလ် - ကျန်စစ်သားလမ်း - (၁၂)ဂိတ် - ကျောက်လမ်း - အမှတ်(၂)လမ်း - လိုင်စင်ရုံး - အကောက်ခွန် - အကြော်တဲ - စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ထိ မှတ်တိုင်ပေါင်း ၈၂ မှတ်တိုင် ပြေးဆွဲသွားမည်ဖြစ်ပြီး အပြန်လမ်းကြောင်းအဖြစ် လာလမ်းအတိုင်း မှတ်တိုင်ပေါင်း ၈၅ မှတ်တိုင်ဖြင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)အထိ ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်စီးခများအနေဖြင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)မှ ဆေးတက္ကသိုလ်(၂)အထိ ငွေကျပ် ၂၀၀၊ ဆေးတက္ကသိုလ်(၂)မှ စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)အထိ ငွေကျပ် ၂၀၀ နှင့် ခရီးစဉ် အစ၊ အဆုံးကို ငွေကျပ် ၃၀၀ ဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် သွားလာနေကြသည့် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ခရီးသည်တင်ယာဉ်လိုင်းများကိုသာ မှီခိုအားထား သွားလာနေကြကြောင်း၊ ယာဉ်လိုင်းနံပါတ်ဖြင့် ပြေးဆွဲနေသည့်ယာဉ်လိုင်းပေါင်း ၁၀၁ လိုင်းရှိပြီး ပြေးဆွဲလမ်းကြောင်းပေါင်း ၁၀၀ ကျော် ပြေးဆွဲလျက်ရှိကြောင်း၊ ယာဉ်အစီးရေပေါင်း ၄၄၀၀ ကျော်ဖြင့် ခရီးသွားပြည်သူ ၁ ဒသမ ၉ သန်းခန့်ကို နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း YRTA မှ သိရသည်။

ကိုထက်

❖ **ရောဝတီမှ**

ရခိုင်အသင်းက ၁၂ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ ရတနာပုံ၊ မကွေးနှင့် အား/ကာသိပ္ပံအသင်းတို့က ခြောက်မှတ်စီ၊ ချင်းယူနိုက်တက် အသင်းက လေးမှတ်၊ Southern အသင်းက သုံးမှတ်နှင့် ဇွဲကပင်အသင်းက နှစ်မှတ် ရရှိထားသည်။

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ဟံသာဝတီအသင်းသည် တတိယနေရာမှ ရောဝတီအသင်းနှင့် အဝေးကွင်းပွဲကျပ်ကစားရမည်ဖြစ်ပြီး နှစ်သင်းစလုံးအတွက် အရေးကြီးနေသလို အခြားအသင်းများအတွက်လည်း အရေးပါလျက်ရှိသည်။ ဟံသာဝတီအသင်းအနိုင်ရပါက အမှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်မည်ဖြစ်သလို သရေ သို့မဟုတ် ရှုံးနိမ့်ခဲ့ပါက အခြားအသင်းများနှင့် အမှတ်ကွာဟမှုကျဉ်းမြောင်းပြီး လာမည့်ပွဲများမှာ ပိုမိုအကြိတ်အနယ်ဖြစ်လာဖွယ်ရှိနေသည်။

နာမည်ကြီးရန်ကုန်အသင်းမှာလည်း ကစားပုံမာကျောသည့် ရခိုင်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်ရာ ရှန်းကန်ရနိုင်ပြီး ရောဝတီနှင့် ဟံသာဝတီအသင်း ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်အရေးယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ဟံသာဝတီအသင်းက ရာနှုန်းပြည့်နိုင်ပွဲဖြင့် ဆက်လက်ဦးဆောင်နိုင်မလား၊ ဟံသာဝတီအသင်း၏ နိုင်ပွဲဆက်နေမှုကို ရောဝတီအသင်းက ရပ်တန့်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

❒ **ဂျပန်-အာဆီယံမှ**

အုပ်စုပထမပွဲတွင် ဂိုးပြတ်အနိုင်ရထားသည့် မြန်မာနှင့် တီမောအသင်းတို့ တွေ့ဆုံခြင်းဖြစ်ပြီး အကြိတ်အနယ်ယှဉ်ပြိုင်ကစားကာ ဂိုးသွင်းနိုင်ခြင်းမရှိသောကြောင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရခြင်းဖြစ်သည်။ ပြိုင်ပွဲစည်းမျဉ်းအရ ပွဲချိန်အတွင်း သရေကျနေပါက အရှုံးအနိုင်ပေါ်စေရန် ပင်နယ်တီဖြင့် ဆုံးဖြတ်ခြင်းဖြစ်သည်။ ပြိုင်ပွဲစည်းမျဉ်းအရ ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရသည့်အသင်းမှာ နှစ်မှတ်၊ ရှုံးနိမ့်သည့်အသင်းမှာ တစ်မှတ်ရရှိမည်ဖြစ်သည်။ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာတွင် မြန်မာအသင်းမှ လွင်ဇော်မောင်၊ စည်သူမိုးခန့်နှင့် ညီညီတို့ ဂိုးဝင်အောင် သွင်းယူနိုင်ခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် ကာဂိုရှီမာယူနိုက်တက် ယူ-၁၈ အသင်းက ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒုတိယနေ့အပြီးတွင် အုပ်စု (ခ)၌ မြန်မာအသင်းက ငါးမှတ်၊ တီမောအသင်းက လေးမှတ်၊ ကာဂိုရှီမာယူနိုက်တက် ယူ-၁၈ အသင်းက သုံးမှတ်ရထားပြီး ကမ္ဘောဒီးယားအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဖေဖော်ဝါရီ ၂၈ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ကမ္ဘောဒီးယား အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ကိုရဲ Facebook

မန္တလေးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ စကားရည်လုပြိုင်ပွဲ ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၇

မန္တလေးမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ စဉ်းစားတွေးခေါ်မှု တိုးတက်စေရန်နှင့် ချစ်ကြည်ရင်းနှီးစေရန်ရည်ရွယ်၍ စကားရည်လုပြိုင်ပွဲ 2020 DEBATE ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတက္ကသိုလ်ရှိ အင်း၀(၉)ခန်းမ၌ ကျင်းပသည်။

မန္တလေးတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာစုယဉ်ထွန်းက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် စကားရည်လုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "လူတစ်ယောက်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပတ်ဝန်းကျင်နဲ့ ဗီဇ ဘာပိုအရေးကြီးသလဲ" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူအဖွဲ့ လေးဖွဲ့၊ "ပညာတတ်ဖြစ်ဖို့နဲ့ သူဌေးဖြစ်ဖို့ ဘာပိုအရေးအကြီးသလဲ" ခေါင်းစဉ်ဖြင့် အဖွဲ့လေးဖွဲ့ စုစုပေါင်း ကျောင်းသား ကျောင်းသူ အဖွဲ့ရှစ်ဖွဲ့က ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူအဖွဲ့ရှစ်ဖွဲ့မှ တစ်ဖွဲ့လျှင် သုံးဦးနှုန်းဖြင့် စုစုပေါင်း ၂၄ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

ဈေးကွက်စနစ်များဖွံ့ဖြိုးတိုးတက်ရေး မိတ်ဆက်

မန္တလေး ဖေဖော်ဝါရီ ၂၇

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကုန်ထုတ်စနစ်ဖွံ့ဖြိုးရေးစီမံကိန်း၏ ဈေးကွက်စနစ်များဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ လျှောက်ထားနိုင်မှုအကြောင်း မိတ်ဆက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက Hilton Hotel ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ကျွမ်းကျင်ပညာရှင် ဦးခွန်သိန်းစိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူများက စီမံကိန်းအကြောင်းနှင့် ရန်ပုံငွေလျှောက်ထားမှုဆိုင်ရာများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

USAID ၏ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကုန်ထုတ်စနစ် ဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှစတင်၍ ငြိမ်းချမ်းရေးနှင့်ဒေသတည်ငြိမ်တိုးတက်ရေးအလို့ငှာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကုန်ထုတ်စနစ် ပြောင်းလဲဖွံ့ဖြိုးမှုမှတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ စိုက်ပျိုးရေးဈေးကွက် စနစ်တကျပြောင်းလဲလာမှုများအတွက် ဦးဆောင်နိုင်ရန် ရန်ပုံငွေများ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်သည်။

အရင်းအမြစ်များရှိပြီး စိုက်ပျိုးရေးဈေးကွက်စနစ်များ ခိုင်မာလာစေရန် ပူးပေါင်းရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂလိကလုပ်ငန်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ စသည့်ဈေးကွက်အတွင်း ပါဝင်ပတ်သက်သူများနှင့် အတူတကွလက်တွဲလုပ်ဆောင်မည့်သူများကို အဆိုပြုလျှောက်လွှာခေါ်ယူခြင်းဖြစ်ကာ ယင်းအဆိုပြုလွှာခေါ်ယူမှု ပူးပေါင်းဆောင်ရွက်ခြင်းမှသည် လုပ်ကွက်ငယ်တောင်သူများ အထူးသဖြင့် ဒေသခံတိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လူငယ်များ၏ဈေးကွက်လက်လှမ်းမီမှု၊ စိုက်ပျိုးရေးဝန်ဆောင်မှုများနှင့် သွင်းအားစုများကိုရရှိခြင်းတို့ကို ဟန့်တားနေသည့် အတားအဆီးအခက်အခဲများကို ကူညီဖြေရှင်းသွားမည်ဖြစ်သည်။ **တင်မောင် (မန်းကိုယ်ပွား)**

တစ်ခါသုံးပလတ်စတစ် အသုံးပြုမှုအခြေအနေ လေ့လာဆန်းစစ်ခြင်းစာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲ

မုံရွာ ဖေဖော်ဝါရီ ၂၇

မုံရွာမြို့ရှိ အိမ်ထောင်စုများ၏ တစ်ခါသုံး ပလတ်စတစ်အသုံးပြုမှုအခြေအနေနှင့် လေ့လာဆန်းစစ်ခြင်းစာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

"မုံရွာအဖွဲ့ကလုပ်ထားတဲ့ တစ်ခါသုံးပလတ်စတစ်အိတ်သုံးစွဲမှုနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုဆိုင်ရာ အိမ်ထောင်စုများ၏ သဘောထားအမြင်စာတမ်း မိတ်ဆက်ပြီး တွေ့ရှိချက်တွေ တင်ပြဆွေးနွေးကြတာဖြစ်ပါတယ်။ လူငယ်တွေ သုတေသနလုပ်ဖို့လိုအပ်တယ်ဆိုတာသိသွားဖို့ ကြိုးစားလုပ်ပေးနေတာဖြစ်ပါ တယ်"ဟု ပညာအင်စတီကျူသုတေသနဌာန ဦးဆောင်သူ ဦးသိန်းသန်းဝင်းက ပြောကြားသည်။

စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲတွင် မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသူရဦးက အမှာစကားပြောကြားပြီး KAS မြန်မာ နိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr.Thomas Knirsch က မိတ်ဆက်စကားပြောကြားသည်။

စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲသို့ အရပ်ဘက်အဖွဲ့အစည်းများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့်ပတ်သက်၍ သုံးစွဲသူများ နားလည်သိရှိလာစေရန်ရည်ရွယ်၍ မုံရွာမြို့ရှိ အိမ်ထောင်စုများ၏ တစ်ခါသုံးပလတ်စတစ်အသုံးပြုမှု အခြေအနေနှင့် လေ့လာဆန်းစစ်ခြင်းစာတမ်းကို ပြုစုထားခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)အနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေခြင်းကို မြို့နယ် ၂၂ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိမြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)ရုံးခန်း၌ ပြုလုပ်သော ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က "ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပျံ့နှံ့မှုကာကွယ်ရေးအတွက် ပြည်သူလူထုအကြား အသိပညာဖြန့်ဝေလိုတဲ့ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ Young Insurance ကလည်း မြို့တော်ခန်းမ၊ လှည်းတန်းစင်တာနဲ့ မြန်မာပလာဇာ စတဲ့နေရာတွေမှာ ပါဝင်ကူညီ အားဖြည့်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးအတွက် ပြည်သူလူထုအကြား အသိပညာများတိုးပွားစေရန် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သုံးစွဲနိုင်ရေး သရုပ်ပြခြင်း၊ တစ်ဦးချင်းလိုက်နာရမည့်အချက်များ ပါဝင်သော လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ ဝေငှခြင်းတို့ကို မြို့တော်ခန်းမဝန်းကျင်၌ နှာခေါင်းစည်း ၁၅၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၂ မြို့နယ်တွင် နှာခေါင်းစည်း ၁၀၀၀ စီကို လာမည့် မတ် ၄ ရက်တွင် တစ်ပြိုင်နက်တည်း ဝေငှကာ အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုထက်**

ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး လူမှုမီဒီယာမှာ ပို့စ်တင်ခဲ့တဲ့အတွက် စပါးကွင်းလယ်လူ ဒီလီအလီအား ဘောလုံးအဖွဲ့ချုပ်က တရားစွဲဆို

စပါးအသင်းကွင်းလယ်ကစားသမား ဒီလီအလီဟာ တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး လူမှုမီဒီယာမှာ ပို့စ်တင်ခဲ့တဲ့အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)ရဲ့ တရားစွဲဆိုခြင်းကို ခံခဲ့ရတယ်လို့ သိရပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားဒီလီအလီဟာ အာရှနိုင်ငံသားတစ်ဦးကို သရော်တယ်လို့ ယူဆရတဲ့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနဲ့ပတ်သက်တဲ့ ဟာသတစ်ခုကို Snapchat မှာ ဗီဒီယိုဖိုင်တစ်ခုတင်ထားခဲ့တာ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ ဒီလီအလီအနေနဲ့ သူတင်ထားခဲ့တဲ့ပို့စ်ကို ဖျက်ခဲ့ပြီး အရင်ကတင်ထားခဲ့တဲ့ ပို့စ်နဲ့ပတ်သက်ပြီး တောင်းပန်ကြောင်း တရုတ်လူမှုမီဒီယာဝီဘိုမှာ ဗီဒီယိုဖိုင်တစ်ခုကို တင်ခဲ့တာ ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမားဒီလီအလီဟာ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေကို ချိုးဖောက်ခဲ့တယ်လို့ တွေ့ရှိရတဲ့အတွက် တရားစွဲဆိုခံခဲ့ရတာ ဖြစ်ပါတယ်။



အက်စတွန်ဗီလာအသင်းခေါင်းဆောင် ဂရီယယ်လစ်ရှ်ကို မန်ယူအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေ

မန်ယူအသင်းဟာ အက်စတွန်ဗီလာအသင်းရဲ့ အသင်းခေါင်းဆောင် ဂရီယယ်လစ်ရှ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

မန်ယူအသင်းအနေနဲ့ ဂရီယယ်လစ်ရှ်ကို ပြီးခဲ့တဲ့ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းကတည်းက ခေါ်ယူမယ့်ကစားသမားစာရင်းထဲမှာ ထည့်တွက်ထားခဲ့တာဖြစ်လို့ လာမယ့်နွေရာသီဈေးကွက် စတင်ချိန်မှာ အစောဆုံးခေါ်ယူသွားမယ်လို့လည်း ဆိုပါတယ်။

စပါးအသင်းက ၂၀၁၈ ခုနှစ်အတွင်းမှာ ဂရီယယ်လစ်ရှ်ကို ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ ခေါ်ယူဖို့ စီစဉ်ခဲ့ပေမယ့် အောင်မြင်မှု မရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ မန်ယူအသင်းက ဂရီယယ်လစ်ရှ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် လက်စတာစီးတီးတိုက်စစ်မှူး ဂျိမ်းစ်မက်ဒီဆင်ကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး အခုနှစ်ဘောလုံးရာသီမှာ ဂရီယယ်လစ်ရှ်နဲ့ ဂျိမ်းစ်မက်ဒီဆင်တို့ဟာ အက်စ်တွန်ဗီလာအသင်းနဲ့ လက်စတာစီးတီးအသင်းအတွက် သွင်းဂိုး ကိုးဂိုးစီ အသီးသီး သွင်းယူပေးထားကြတာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားကတော့ မန်ယူအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ ဒီဇင်ဘာလအတွင်းက အိုးထရက်ဖို့ဒ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်ကတည်းက ဂရီယယ်လစ်ရှ်ရဲ့ ခြေစွမ်း

ကို စောင့်ကြည့်ခဲ့ပြီး ခေါ်ယူဖို့ ပြင်ဆင်နေခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဇန်နဝါရီဈေးကွက်အတွင်း ဘရူနိုဖာနန်ဒက်စ်ကို ခေါ်ယူခဲ့ပြီး ဘရူနိုဖာနန်ဒက်စ်က ချယ်လ်ဆီးအသင်းနဲ့ ဝက်ဖို့ဒ်အသင်းတို့ကို အနိုင်ရခဲ့တဲ့ နှစ်ပွဲမှာ တစ်ဂိုးသွင်းကာ နှစ်ဂိုးဖန်တီးပေးထားနိုင်ခဲ့ပါတယ်။ အဲဒီလို ဘရူနိုဖာနန်ဒက်စ် မန်ယူအသင်းကို ရောက်ရှိလာခြင်းဟာ ဂရီယယ်လစ်ရှ်နဲ့ မက်ဒီဆင်တို့ကို ခေါ်ယူမယ့် မန်ယူအသင်းရဲ့ အကျိုးစီးပွားအပေါ် အကျိုးသက်ရောက်မှု ရှိမှာမဟုတ်ဘူးလို့လည်း နည်းပြဆိုးရှားက ဆိုပါတယ်။

ငွေကြယ် - ရေးသားသည်

သတင်းစုံကဏ္ဍ

လေဘေးကြိုတင်ပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်း

ဂန့်ဂေါ

ဂန့်ဂေါမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှု(မြို့နယ်အဆင့်)ကော်မတီနှင့် ဂန့်ဂေါခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူများသည် လေဘေးကြိုတင်ပြင်ဆင်နိုင်ရေးလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ လေဘေးကြိုတင်ပြင်ဆင်နိုင်ရေးအတွက် စိစစ်ရွေးချယ်ထားသည့် ကျေးရွာခုနစ်ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများက လုပ်ငန်းများနှင့်ပတ်သက်၍ လေဘေးကြိုတင်ပြင်ဆင်ရေး တင်ပြဆွေးနွေးကြကြောင်း သိရသည်။

စိန်ကျော်

ကျောင်းသား ကျောင်းသူများအား အဝတ်အထည်များလှူဒါန်း

မယ်စဲ့

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်းရှိဝေးလံခေါင်သီသောကျေးရွာများမှ ကျောင်းသား ကျောင်းသူများအတွက် အဝတ်အထည်နှင့် မုန့်များကို မယ်စဲ့မြို့မကျောင်းတိုက် ဆရာတော်ဦးဩဘေယျနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်က (အမက)နမ့်ဟူးနှင့် မူလွန်(ဟိုဂျစ်)တို့တွင် သွားရောက်လှူဒါန်းသည်။

မယ်စဲ့မြို့မကျောင်းဆရာတော် ဦးဩဘေယျနှင့်အဖွဲ့သည် အမက (နမ့်ဟူး)မှ ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ မူလွန်(ဟိုဂျစ်)မှ ကျောင်းသား ကျောင်းသူ ၈၀ ကျော်တို့အတွက် အဝတ်အထည်၊ ဦးထုပ်၊ ဖိနပ်၊ မုန့်နှင့် ပဲနို့များကို ကျောင်းသား ကျောင်းသူများလက်ဝယ်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

ရော်ဘာအစေးလှီးခြင်း နည်းပညာပေးသင်တန်းဖွင့်

တာချီလိတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအခွင့်အလမ်းတိုးတက်ရရှိကာ လူမှုစီးပွားဖွံ့ဖြိုးရေးရည်ရွယ်၍ တောင်သူပညာပေးသင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ ဦးစီးဌာနရုံးရှိ ခန်းမဆောင်၌ ကျင်းပသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမိုးကျော်စွာဝင်းက မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဦးစီးမှူး ဦးလွှမ်းမိုးသူက ရော်ဘာကုန်သွယ်မှုအခြေအနေနှင့် စီးပွားရေးပေါ်လစီများ၊ Semi-products ထုတ်လုပ်သည့် ရော်ဘာစက်ရုံများအကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၂၀ တို့အား စာတွေ့လက်တွေ့ အစေးလှီးခြင်းများကို ပြသခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

မုန်းချောင်းကမ်းပြိုကာကွယ်ရေး ရေထိန်းရေကာတာတည်ဆောက်မည်

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၇

မကွေးတိုင်းဒေသကြီး ဂါတ်ကုန်းကျေးရွာနေပြည်သူများ မုန်းချောင်းကမ်းပြိုမှုအန္တရာယ်ကင်းဝေးစေရေးအတွက် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်းချောင်းကမ်းပြိုကာကွယ်ရေး ရေထိန်းရေကာတာလုပ်ငန်းများ အကောင်အထည်ဖော် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါရရှိသည့်ကုမ္ပဏီမှ ဖေဖော်ဝါရီ ၂၅ ရက်ကစပြီး လုပ်ငန်းများ အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သိရသည်။

"ဆောင်ရွက်ပေးမယ့် ရေထိန်းရေကာတာ လုပ်ငန်းပမာဏကတော့ Groyne Root တည်ဆောက်ခြင်း အလျားပေ ၁၀၀၀၊ အနံပေ ၇၀၊ သုံးတန်းသွား ကျောက်ကြီးဖြည့်အခြေထိန်း ပေ ၁၀၀၀ နှင့် သုံးတန်းသွား မျောကျောက်ကြီးဖြည့်ရေကာတာပေ ၁၀၀ လေးခု တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကမ်းပြိုကာကွယ်ရေး ရေထိန်း ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါစနစ်နဲ့ N.H.B.C ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်သွားမှာပါ။ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးဖို့နဲ့ လုပ်ငန်းအရည်အသွေးပြည့်မီရေးအတွက် ကျွန်တော်တို့ ဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုဆောင်ရွက်မယ့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပြီးစီးသွားရင်တော့ ပွင့်ဖြူမြို့နယ် ဂါတ်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၂၂၅ စု၊ လူဦးရေ ၁၄၀၀ ခန့် နှစ်စဉ်ကြုံတွေ့နေရတဲ့ မုန်းချောင်းကမ်းပြိုကျမှုအန္တရာယ်ကင်းဝေးသွားစေမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံ အင်ဂျင်နီယာ ဦးသူရိန်ထွန်းက ပြောကြားသည်။

ရဲဝင်းနိုင် (ညောင်ဦး)

နမ္မတူမြို့နယ် နမ္မလချောင်းကူးတံတားကမ်းကပ်ခုံ မိုးမကျမီပြီးစီးစေရန်ဆောင်ရွက်

နမ္မတူ ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် စည်ပင်သာယာရေးဌာနက နမ္မလချောင်းကူးခိုင်ရွှေဝါတံတားကမ်းကပ်ခုံအား ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရေးအတွက် မြေထိန်းနံရံကျောက်ရိုးစီလုပ်ငန်း မိုးမကျမီပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထက်အောင်ဖြိုးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးသက်ထွန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးညီညီလှိုင်တို့က ရှင်းလင်းပြသခဲ့ကြသည်။

စိုင်း(သီပေါ)

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ပညာပေး

လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၇

ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ၌ ပြုလုပ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် World Vision အဖွဲ့တို့သည် ပဲမျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသော အထွက်ကောင်းမျိုးများ စိုက်ပျိုးရန်၊ ရေသွင်း/ရေထုတ်ကောင်းမွန်ပြီး မြေဩဇာထက်သန်သော မြေတွင်စိုက်ပျိုးရန်၊ ဒေသရေမြေ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသောမျိုးကို ရွေးချယ်စိုက်ပျိုးခြင်း၊ မြေဩဇာကို အချိုးကျစိုက်ပျိုးနိုင်ရေးဆိုင်ရာ တောင်သူများအား အသိပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

သဘာဝဘေးအန္တရာယ် တုံ့ပြန်ကာကွယ်ရေး အရေးပေါ်အထောက်အကူပြုပစ္စည်းများ ပေးအပ်

ကျိုက်မရော ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ တုံ့ပြန်ကာကွယ်ရေးအတွက် အရေးပေါ်အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှေးဟောင်းခန်းမ၌ ကျင်းပသည်။

မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ် တုံ့ပြန်ကာကွယ်ရေးအတွက်အရေးပေါ်အထောက်အကူပြုပစ္စည်းများသည် မရှိမဖြစ်လိုအပ်ကြောင်းနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရန် ပြောကြားသည်။

အလှူရှင်VSOmyanmarမှ တာဝန်ခံတစ်ဦးက အရေးပေါ်အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝဘေးအထောက်အကူပြုပစ္စည်းများကို ငပြေမကျေးရွာနှင့် ဦးလေးကျေးရွာအုပ်ချုပ်ရေးမှူးတို့အား တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့သည်။

သဘာဝဘေးအရေးပေါ်ပစ္စည်းများတွင် အသက်ကယ်အင်္ကျီများ၊ ဆေးဝါးမျိုးစုံနှင့် အသက်ကယ်ဖောကွင်းများ၊ စားသောက်ကုန်များ၊ ရေသန့်စက်များအပြင် အခြားထောက်ပံ့ရေးပစ္စည်းမျိုးစုံပါဝင်ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

ရေတာရှည်မြို့နယ်အတွင်း ကျေးရွာနှစ်ရွာမီးလင်းပြီ

ရေတာရှည် ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြစိမ်းရောင်စီမံကိန်းကျေးရွာ နှစ်ရွာတွင် မြစိမ်းရောင်စီမံကိန်းအတိုးရရှိငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် လျှပ်စစ်မီးများစတင်လင်းပြီဖြစ်ကြောင်း သိရသည်။

ကုန်ကြီးကျေးရွာအုပ်စု ကြို့ပင်ထိုက်ကျေးရွာတွင် အတိုးရရှိငွေကျပ် ၆၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၃၀ ဖြင့်လည်းကောင်း၊ ပေါက်ချောင်းကျေးရွာအုပ်စု ကျောက် ချောင်းကျေးရွာတွင် အတိုးရရှိငွေကျပ် ၄၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်၁၈၆ သိန်းတို့ ဖြင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်ကျေးလက်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက မြစိမ်းရောင်ကျေးရွာနှစ်ရွာသို့ကွင်းဆင်းရောက်ရှိခဲ့ကြပြီး ကျေးရွာအလိုက် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုသန်းလွင်

ကမ်းထိန်းပြုပြင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

လေးမျက်နှာ ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ ရှေးဟောင်းသမိုင်းဝင် ထူပါရုံစေတီတော်မြတ်ကြီး ကမ်းပြိုမှုကာကွယ်ရေး ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ဘုရားဓမ္မာရုံကြီး၌ ကျင်းပသည်။

တိုင်းဒေသကြီး/ခရိုင် ရေအရင်းအမြစ်ညွှန်ကြားရေးမှူးများက မြစ်ကမ်းထိန်းသိမ်းရေးသမိုင်းကြောင်းနှင့် ဆောင်ရွက်မည့်အစီအမံများ၊ ဖြစ်ပေါ်နိုင်သည့် အခက်အခဲများနှင့် ဖြေရှင်းသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး Creation ကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာက ကျောက်ဖျာခင်းခြင်းလုပ်ငန်းနှင့် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရွှေမိုး(ပြန်/ဆက်)

COVID-19 ရောဂါကာကွယ်နှိမ်နင်းရေး ဝမ်းတွင်းမြို့တွင် အသိပညာပေးဆွေးနွေး

ဝမ်းတွင်း ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း မိတ္ထီလာခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့တို့ပူးပေါင်း၍ COVID–19 ရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေး ဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက ဝမ်းတွင်းမြို့နယ်အတွင်းရှိ သဘွတ်ကုန်းစံပြကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာငွေငွေဝင်းက COVID–19 ရောဂါအကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လေးခိုင်က ကျေးရွာများအရောက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးရခြင်းများနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထားထားက မိခင်နှင့် ကလေးကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် COVID–19 ရောဂါကာကွယ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ လူထုထပ်သောနေရာများကို ရှောင်ကြဉ်ကြရန်နှင့် မိမိတို့၏ လက်များကို သေချာစွာ ဂရုတစိုက်ဆေးကြောကြရန်၊ ရောဂါကာကွယ်ရန်အတွက် နှာခေါင်းစည်းတပ်ဆင်ရာတွင်လည်း နည်းစနစ်မှန်ကန်စွာ အသုံးပြုတတ်စေရန် လက်တွေ့သရုပ်ပြ ဆွေးနွေးသည်။

ငွေးလှိုင်(ဝမ်းတွင်း)

COVID-19 ကာကွယ်ရေးနည်းလမ်းများ ကျောက်ပန်းတောင်း၌ အသိပညာပေးဟောပြော

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ COVID–19 ကာကွယ်ရေးနည်းလမ်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲက တောင်ခြေကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်ထွေးရီက အမျိုးသမီးကျန်းမာရေးဆိုင်ရာများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် နေ့စဉ်ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ပွေးကျစ်တိုက်နယ် ကျန်းမာရေးဌာနမှ ဦးမျိုးသီဟအောင်(ကြီးကြပ်–၁)က COVID–19 ရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကူးစက်ရောဂါဖြစ်ပွားနိုင်သည့်အခြေအနေများနှင့် ရောဂါကူးစက်ခံရသူ၏ လက္ခဏာများ၊ ရောဂါကူးစက်မှုမခံရအောင် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သားဖွားဆရာမ ဒေါ်ခင်မျိုးချစ်က လက်ဆေးရမည့်နည်းစနစ်များနှင့် နှာခေါင်းစည်းတပ်ဆင်အသုံးပြုရမည့် နည်းလမ်းများကို လက်တွေ့ရှင်းလင်းပြသသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ဓာတုလျှော့ချနည်း စံပြစိုက်ကွက် အောင်မြင်မှုလေ့လာ

မုံရွာ ဖေဖော်ဝါရီ ၂၇

မုံရွာမြို့နယ် တောင်ပလူကျေးရွာတွင် စိုက်ပျိုးသော ကြက်သွန်နီသီးနှံ ဓာတုလျှော့ချနည်းဖြင့် စိုက်ပျိုးသော စံပြစိုက်ကွက်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များ ကွင်းဆင်းလေ့လာခဲ့ကြသည်။

"ကြက်သွန်နီသီးနှံ ဓာတုလျှော့ချနည်းနဲ့ စိုက်ပျိုးတဲ့သီးနှံက အရည်အသွေးအာမခံချက်ရှိသလို စိုက်ပျိုးတဲ့တောင်သူ၊ စားသုံးသူတွေအတွက် ကျန်းမာရေးနဲ့ပတ်သက်လို့ ပိုပြီးကောင်းတယ်။ ကုန်ကျစရိတ်သက်သာတယ်ဆိုတာကို လက်တွေ့သိရှိပြီး လိုက်နာကျင့်သုံးဖို့ ရည်ရွယ်တယ်။ အပင်ဖြစ်ထွန်းမှု၊ ဥကြီးထွားမှုနှုန်းကလည်း ကောင်းတယ်။ အထွက်နှုန်းကတော့ အခုလက်ရှိ အခြေအနေအရ ပြီးခဲ့တဲ့နှစ်က အထွက်နှုန်းထက်သာနိုင်မှာ ဖြစ်တယ်။ အဲဒီလို အရည်အချင်းတွေကို တောင်သူတွေ လက်တွေ့မြင်နိုင်ဖို့အတွက် အခုလို ကွင်းသရုပ်ပြသတာဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အမာကြည်က ပြောသည်။

ယခင်က ဓာတုပိုးသတ်ဆေးများနှင့် သွင်းအားစုများကို အသုံးပြုစိုက်ပျိုးရာမှ ယခုနှစ် ကြက်သွန်နီစိုက်ပျိုးရာသီတွင် ဓာတုပိုးသတ်ဆေးများ၊ သွင်းအားစုများကို လျှော့ချသုံးစွဲပြီး သဘာဝမြေဆွေး၊ ပိုးသတ်ဆေးများကိုသာ အသုံးပြုစိုက်ပျိုးခဲ့ရာ အပင်ဖြစ်နှုန်းနှင့် ကြက်သွန်နီဥကြီးထွားနှုန်းကောင်းမွန်လျက်ရှိသဖြင့် ဒေသခံတောင်သူများသိရှိပြီး ဓာတုလျှော့ချစိုက်ပျိုးခြင်းစနစ်ကို ကိုယ်တိုင်စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေးပညာရှင်များက အခြားဒေသရှိ တောင်သူများသို့ ပြန်လည်ရှင်းလင်းပြောကြားနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်အတွင်း ဆောင်းကြက်သွန်နီကို ဧက ၇၃၀၀ ကျော် စိုက်ပျိုးထားကြောင်း၊ ယခုဓာတုလျှော့ချနည်းဖြင့်စိုက်ပျိုးသော တောင်ပလူကျေးရွာတွင် ဆောင်းကြက်သွန်နီဧက ၅၀၀ ကျော်စိုက်ပျိုးထားရာ ဓာတုလျှော့ချစိုက်ပျိုးနည်းစနစ်ကိုတောင်သူခုနစ်ဦးပိုင် ၁၀ ဧကအား စိုက်ပျိုးထားခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဓေယျာတိုင်း)

သတင်းစုံကဏ္ဍ

တီဘီရောဂါ အခမဲ့ လာရောက်ကုသပေး

ငါ့သရောက်

အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေး တီဘီ Mobile Team မန္တလေး(ဗဟို)က ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီမှစတင်ကာ ငါ့သရောက်မြို့ ပြည်သူ့တိုက်နယ်ဆေးရုံတွင် ဒေါက်တာကျော်သန်းဦး ခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေး တီဘီ Mobile Team မန္တလေး (ဗဟို) အဖွဲ့နှင့်အတူ ညောင်ဦးခရိုင် တီဘီရောဂါတိုက်ဖျက်ရေးဌာန King Leader ဦးထွန်းဝေ(H.A) နှင့် တီဘီရောဂါကုကျန်းမာရေးဝန်ထမ်းများ၊ ငါ့သရောက်မြို့ ဒေါက်တာမျိုးဇော်ဦးဆောင်သည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများသည် တီဘီ Digital TV ဓာတ်မှန်စစ်ဆေးစက်ဖြင့် လူနာ ၁၉၉ ဦးအား ကုသပေးခဲ့ကြောင်း သိရသည်။

ကိုထိန် (ငါ့သရောက်)

နွေရာသီ ရေရှားပါးမှုမဖြစ်ပေါ်ရေး ကွင်းဆင်းစစ်ဆေး

ကလော

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် မြောက်မြေခြားကျေးရွာ၌ နွေရာသီ ရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဦးစီးဌာနမှ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၃ နာရီက ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၊ ရှမ်းပြည်နယ် ကျေးလက်ဒေသဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြောက်မြေခြားကျေးရွာရှိ အိမ်ခြေ ၁၅၀၊ လူဦးရေ ၅၆၅ ဦးအတွက် အလျားပေ ၄၀၊ အနံပေ ၂၀၊ အမြင့်ငါးပေရှိ ယာယီရေစုကန် တည်ဆောက်ပြီး သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည်။

ကျော်ဝင်း(ကလော)

ခြင်းရက်ခြင်းလုပ်ငန်းဖြင့် မိသားစုဝင်ငွေတိုးပွား

ဝန်းသို

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ချမ်းမြသီတာကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နေသော ခြင်းရက်လုပ်ခြင်းလုပ်ငန်းဖြင့် မိသားစုဝင်ငွေ တိုးပွားနေကြောင်း သိရသည်။

ခြင်းရက်လုပ်ခြင်းလုပ်ငန်းအတွက် တစ်ရက်ဝင်ငွေကျပ် ၁၄၀၀၀ ရရှိသဖြင့် အဆင်ပြေလျက်ရှိကြောင်း ခြင်းရက်လုပ်သူ ဒေါ်ဝင်းကြည်က ပြောကြားသည်။

မွေးကြူဇင်

စုပေါင်းသန့်ရှင်းရေးကုသိုလ်ဆောင်ရွက်

နေပြည်တော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ဖွဲ့စည်းတည်ထောင်ထားသည့် နေပြည်တော်မိသားစုပရဟိတအသင်း၏ (၅၉)ကြိမ်မြောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီက ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာရှိ ရာဇဓာနီသာမဏေကျော်ကျောင်းတိုက်အတွင်း ဆောင်ရွက်ခဲ့သည်။

ကုသိုလ်ယူဆောင်ရွက်ရာတွင် ပရဟိတအသင်းဝင် ၄၀ က ကျောင်းတိုက်အတွင်းရှိ အမှိုက်၊ မြက်ပင်များရှင်းလင်းခြင်း၊ ဘုရားရင်ပြင်တော်သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ကုဋီများဆေးကြောပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဖေဖော်ဝါရီ ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကြို့ပင်စခန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးညွန့်နှင့်အဖွဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောစဉ်။

အောင်ဆင့်

ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်စည်များတွင်ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ချိရောင်းချသူများနှင့် သုံးစွဲသူပြည်သူများ ပိုမိုဗဟုသုတရရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အလှကုန်အသင်းနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကုန်အညွှန်းအမှတ်အသား (Labelling)ဖော်ပြခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဆရာစံပလာဇာ၌ ကျင်းပသည်။

"ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတကာကကုန်ပစ္စည်းမျိုးစုံဝင်ရောက်နေတယ်။ ဘာသာစကားမျိုးစုံနဲ့ ကုန်အညွှန်းအမှတ်အသားတွေ ပါရှိတယ်။ ကုန်ပစ္စည်းရဲ့ ကောင်းကျိုးဆိုးကျိုးတွေကို သိရှိနားလည်ဖို့လိုတယ်။ နားမလည်ဘဲသုံးစွဲရင် အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ကုန်ပစ္စည်းတွေမှာ မြန်မာလိုအညွှန်းလေးပါရှိမယ်။ သိရှိမယ်ဆိုရင် စားသုံးသူတွေအန္တရာယ်မဖြစ်တော့ဘဲ အကျိုးရှိရှိအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အဲဒီအတွက် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအလှကုန်အသင်းဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောကြားသည်။

အသိပညာပေးဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်စည်များတွင်ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြသည်။

အေးမင်းသူ

ကလေးသူငယ်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသိပညာပေး

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကျေးရွာနေပြည်သူများတွေ့ဆုံ၍ ကလေးသူငယ်အခွင့်အရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ထန်းတောရိုးကျေးရွာ၌ ကျင်းပသည်။

မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဝင် ဒုတိယမြို့နယ်ဥပဒေအရာရှိဦးရာဇာမင်းမောင်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ညောင်ဦးခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းမာဦးက လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ်တွင် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ကိုနေ (ကျောက်ပန်းတောင်း)

Ph:01-7578044 ,01-7570721

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၃/က)မြေကွက်တည်နေရာ-အမှတ်(၅၃/က)ဟံသာဝတီ(၂၂)လမ်း(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဒေါ် အေးအေးချစ်(တိုင်းအက်ချ်စာနံ- ၂၀၁၅၁၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ် အေးအေးချစ်(မိခင်)ကွယ်လွန်ပြီး ဦးသန်းထွန်း (ဖခင်)ပါကွယ်လွန်သဖြင့် ဒေါ် ယဉ်ဝင်းထွန်း(၁၂/ဥကတ(နိုင်)၀၀၀၇၈၃)ဒေါ် ဇာမင်းထွန်း (၁၂/ဥကတ(နိုင်)၀၀၁၃၁၀)တို့မှ သမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ-(၁/၂၂၃၀/၀၇-၁-၂၀၂၀)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း နှင့် ဝရမ်းမူရင်းတင်ပြ၍ ပိုင်ဆိုင် နှင့် အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ညွန့်ရီ[၁၂/တကန(နိုင်)၀၄၂၄၂၄]၊ အမှတ်(၂၉၆)၊ တာသစ်ရပ်ကွက်၊ ဥက္ကံရွာမကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ သမီးဖြစ်သူ မသင်းသင်းစိုး[၁၂/တကန(နိုင်)၀၄၂၄၂၅]သည် မိခင်၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိ၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ပြီး မိခင်ကြီး၏ ပစ္စည်းများအား ယူဆောင်၍ ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စဝဝကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မိခင် ဒေါ်ညွန့်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နှင်းသဇင်ထွန်း (ဥပဒေဘွဲ့) — **ဒေါ်ဇာခြည်ဝင်း (ဥပဒေဘွဲ့)**
အထက်တန်းရှေ့နေ (စဉ်–၄၁၅၁၁) — **အထက်တန်းရှေ့နေ (စဉ်–၄၅၄၉၀)**

အမှတ်(၅၀၂)၊ (ဂ)ရပ်ကွက်၊ နီလာ(၄)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၅၇၆၆၅၉၉၅

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၁၅–ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၃)ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/ကံဘဲ့၊ လူနေရပ်ကွက်အမှတ်(–)၊ မြေကွက်အမှတ်–၁၁၇/စ၊ ဧရိယာ(၀.၁၁၉)ဧကအနက် တရားဝင်မခွဲမစိတ်ရသေးသော မြေ၏ အလယ်ပိုင်း၊ အကျယ် ပေ(၂၆x ၁၀၅/၈၀)၊ မြေအမျိုးအစား–နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ်– ၆၅၀၀/၂၀၁၁(၁၃–၁၀–၂၀၁၁)အရ မြို့မြေစာရင်း၏ အမည်ပေါက် ပိုင်ရှင်များဖြစ်ကြသည့် ဒေါ်လှလှကြည်(ခ) ဒေါ်ဝင်းဝင်းမာ[၁၂/ရကန(နိုင်)၀၅၁၆၈၅]နှင့် ဒေါ်ထိုက်သူဇာ[၁၂/ရကန(နိုင်)၀၅၁၄၄၄]၊ [၎င်းတို့ကိုယ်စား အမေရိကန်သံရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၁/၁၉–၁–၂၀၁၆ရရှိသူ ဦးလွင်ထူးအောင်၁၂/ရကန(နိုင်)၀၇၂၄၃၄]မှ မိမိတို့ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသန်းဦး — **ဦးသန့်ဇော်**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၇၅) — **တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၄၁)**
အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မိုးစံ (လင်း) ကုမ္ပဏီ
(open daily)(မောနိုးရုံး)မှ အမြန်ရောင်း/ငှားမည်။

၁။ပုသိမ်မြေ ... သာမြို့လမ်းထွက်	(100x55)	မြေ	11000L
၂။တာ/ဥ။ဝေဝေယန္တရာလမ်းမပေါ်	(40x60)	မြေ	9000L
၃။သဘေသာ ... VIP-1,ထွက်(78x72)		မြေ	7100L
၄။စမ်းချောင်းအာရှဝတ်ဝတ်အနီး	(55x60)	မြေ	6500L
၅။ရန်ကင်းဓမ္မာလက်ထော်	(60x65)	2RC	6500L
၆။(၈)မိုင်Junction -8 အနီး	(57½x70)	2RC	5950L
၇။(၇)မိုင်တေးနေယဉ်လမ်း	(35x80)	မြေ	5500L
၈။(၉)မိုင်မရိုမိုင်လမ်းမပေါ်	(44x130)	မြေ	5000L
၉။သာကေတမြို့ညီအိမ်ရာ	(65x80)	မြေ	3900L
၁၀။မ/ဒုံးလင်လှုံလမ်းထွက်(၃၃)w	(60x60)	မြေ	2880L

Facebook Page - မိုးစံလင်းအကျိုးဆောင်ကုမ္ပဏီ မှာလည်း
တွင်လည်း ဝင်ရောက် ကြည့်ရှု နိုင်ပါသည်။
01- 552742, 09 450450977,09 5060940 ,09 5060938

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ မမဦးလမ်း၊ အိမ်အမှတ်(၅၄၆) ပေ(၂၉x၆၅)ရှိ မြေနှင့် မြေပေါ်ရှိ နေအိမ်နှင့်စပ်လျဉ်း၍ ဦးခင်သိန်း၊ ဦးခင်မောင်၊ ဒေါ်တင်လှတို့နှင့် အများသိစေရန်ကြေညာခြင်း

အထက်ပါ မြေနှင့် နေအိမ်သည် ဖခင် ဦးထွန်းစိန် ကွယ်လွန်ပြီးနောက် မိခင် ဒေါ်မြနှင့် သားသမီးများဖြစ်ကြသော (၁) ဦးအောင်မောင်း(ကွယ်လွန်)၊ (၂) ဦးခင်ညွန့်(ကွယ်လွန်)၊ (၃) ဦးခင်သိန်း၊ (၄) ဒေါ်တင်လှ၊ (၅) ဦးခင်မောင်၊ (၆) ဒေါ်ကျင်စိန်၊ (၇) ဦးထွေးသိန်းတို့သည် ၁၅–၁၂–၈၁ ရက်က ညီတူမျှတူ အမွေခွဲဝေခြင်း သဘောတူကတိစာချုပ်ကို မိခင်နှင့် သားသမီးများအားလုံး သဘောတူလျက် လက်မှတ်ရေးထိုးချုပ်ဆိုခွဲဝေခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ ဒေါ်ကျင်စိန်သည် အထက်ပါ မြေနှင့်နေအိမ်ကို အကျိုးခံစားခွဲဝေရရှိပြီး လက်ရှိနေထိုင်လာခဲ့သည်ကို ယခုအခါ ဦးခင်သိန်း၊ ဦးခင်မောင်၊ ဒေါ်တင်လှတို့က အဆိုပါ မြေနှင့်နေအိမ်အား ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းဟု အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ကန့်ကွက်တားမြစ်ခြင်းစာ တင်ပြသည်ဟု သိရပါသည်။

အဆိုပါ မြေနှင့်နေအိမ်သည် ဒေါ်ကျင်စိန် တစ်ဦးတည်းက ခွဲဝေရရှိ ပိုင်ဆိုင်နေထိုင်ကြောင်းသိပါလျက် မဟုတ်မမှန် ကန့်ကွက်တားမြစ်ခြင်း ဖြစ်ပါသဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ၎င်းကန့်ကွက်စာအား ပြန်လည်ရုပ်သိမ်းပေးရန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကျင်စိန်၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စိုးစိုးမိုး LL.B (Advocate) — **ဒေါ်စုစုသက်ဝေ LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၆၈) — **အထက်တန်းရှေ့နေ (စဉ်–၄၇၈၅၂)**
အမှတ်–၂၉၊ ဒုတိယထပ်၊ မဂ္ဂင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၂၅၃၁၁၅၉၁၊ ၀၉–၇၉၁၇၂၁၃၄၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့ပတ်လမ်း၊ မြေကွက်အမှတ် (၁၆၄) A၊ (၁၆၄) B၊ ခ/၁၆၄ မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ငွေဆက်လက်ပေးချေသွားပြီး ပိုင်ရေးဆိုင်ခွင့်ကိစ္စများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်တိုးတိုးကျော် (စဉ်–၈၃၈၇) LL.B,D.B.L တရားလွှတ်တော်ရှေ့နေ
တိုက်(၄၆)၊ ဒုတိယထပ်၊ လမ်း–၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၁၀၇၀၄၂

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၃–ရပ်ကွက်၊ ရဲရင့်အောင်လမ်း၊ တိုက်အမှတ်–၅၂၊ ပထမထပ်(ဘယ်+ညာ) တိုက်ခန်း(၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်သန္တာဦး[၁၂/လမန(နိုင်)၁၀၅၉၄၄]ထံမှ ၁၀–၃–၂၀၁၄ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းကြိုပွဲငှားအရောင်းအဝယ်ကတိပဋိညာဉ်စာချုပ်အရ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးအောင်ဆွေသိုက် [၅/ယမပ(နိုင်)၀၃၇၄၃၀]နှင့် ဒေါ်နန္ဒာအောင်[၉/မရတ(နိုင်)၁၁၂၁၂၂]တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင် စီမံခန့်ခွဲလျက်ရှိပါကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိပါကြောင်းနှင့် အဆိုပါတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်တို့၏ မိတ်ဆွေများသိရှိခြင်းမရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအေးမင်းဇော် — **ဦးကျော်မင်းနိုင်**
အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၉) — **အထက်တန်းရှေ့နေ(စဉ်–၄၈၈၈၀)**
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အောင်မြတ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်ဆောင်ရွက်ရေးအဖွဲ့

၁၁ ညအိပ် ၁၂ ရက်ခရီး Hotel (2) Day (1) 12.03.2020 (2) 16.03.2020
၇ ညအိပ် ၇ ရက်ခရီး (1) 11.04.2020

(မိတ်ဆောင်း မိတ်သစ် ခရီးစဉ်များ ဆက်လက်ရှိပါသည်)

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
09 - 5059821
09 - 43117680

ကိုကျော်နိုင် CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE-အမျိုးမျိုး, SALOON
ကားအမျိုးမျိုးကို ငှားရမ်းပေးပါသည်။
09 515 8803
09 25 358 2510
https://www.facebook.com/kyawpanda

Thitsar Baddhi Travels & Tours Co.,Ltd.
သစ္စာဗောဓိ အိန္ဒိယ–နီပေါဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
MAR 12-20 , APR 10-20 (၁၀) သိန်းခွဲ
MAR 06-21 , MAR 20-04 , APR 03-19 (၁၂သိန်း)
ပြည်တွင်း၊ ပြည်ပ ခရီးစဉ်လက်မှတ်များ၊ India visa , E-visa များလျှောက်ပေးပါသည်။
ဖုန်း- 01 397698 , 09 261411790 , 09 43020857 , 09 455014040

မွေးနေ့ဂါရဝပြုဆုတောင်း

ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်) ၏ ဦးဆောင်နာယကကြီး၊ သုခမ္မမဏိဇောတရေ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၏ ၂၈–၂–၂၀၂၀ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် လိုအင်ဆန္ဒများ ပြည့်ဝပြီး နှောင်နှစ်ပေါင်းများစွာတိုင် ချစ်ဇနီး ဒေါ်အေးမွန်ရှိန်၊ သားသမီးများ၊ မြေးများနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ချမ်းမြေ့စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အမှုဆောင်အဖွဲ့	အမှုဆောင်အဖွဲ့	အမှုဆောင်အဖွဲ့
ကျောက်တံခါးမြို့နယ်	သက်ကြီးအာစရိယ	ကျောင်းအကျိုးတော်ဆောင်အဖွဲ့
အသင်း	ပူဇော်ပွဲ	အထက
(ရန်ကုန်)	ဖြစ်မြောက်ရေး	ကျောက်တံခါး
	ကော်မတီ	
	ကျောက်တံခါး	

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ (Star City)သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း၊ Type(B+)၊ တိုက်အမှတ်(B–5), RC(၁၂)ထပ်ခွဲတိုက်မှ ၄လွှာ၊ အခန်းအမှတ် (၄၀၄)၊ ဧရိယာ(၉၃၈)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလှဘော်[၁၂/မရက(နိုင်)၀၈၁၇၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင့်လွင်[၇/ပခန(နိုင်)၁၄၀၆၁၉]၊ ဒေါ်မော်မော်ရီ[၇/ပခန(နိုင်)၁၄၀၆၂၀]၊ ဦးထက်လွင်မော်[၁၂/စခန(နိုင်)၀၆၉၃၈၇]၊ ဒေါ်တင်စန္ဒီထွဋ်[၁၂/တမန(နိုင်)၁၁၅၆၉၇]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင့်လွင်၊ ဒေါ်မော်မော်ရီ၊ ဦးထက်လွင်မော်နှင့်ဒေါ်တင်စန္ဒီထွဋ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)	တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)	တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၅၅)
Ph:09–450023651	Ph:09–254508917	Ph:09–421157856

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ အမှတ် (၁၅)၊ ကနောင်မင်းသားကြီးလမ်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် (ကြည့်မြင် စက်မှုဇုန်)၊ ဗီ–၅/ ဗီ–၆ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် တွင် တရားဝင်ရုံးစိုက်သော HTUT KYAW PLASTICS COMPANY LIMITED အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ မူလတီထွင်ပိုင်ရှင်သူ အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်။

(မှတ်ပုံတင်အမှတ်–၄/၁၁၇၇/၂၀၀၈)
(မှတ်ပုံတင်အမှတ်–၄/၂၀၀၂ /၂၀၂၀)

[illegible]

HTUT KYAW PLASTICS COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ဆုမွန်အောင်	ဒေါ်စန္ဒြာဦးထွေး
အထက်တန်းရှေ့နေ(စဉ်–၂၆၉၂၄)	အထက်တန်းရှေ့နေ(စဉ်–၄၄၆၀၆)

Partnership in practice between:
Bizlaw Consult Myanmar Co.,Ltd & MYANMAR IP PRO Co.,Ltd
No.527 (B-4), Zayya 18th Street, (10) Ward,
South Okkalapa Township, Yangon 11091, Myanmar.
Office Ph: +959 45678 1114, +959 45678 1115.
Email: bizlaw4@bizlawmyanmar.com, https://bizlawmyanmar.com
ရက်စွဲ။ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ်(၂၃၅+၂၃၆)၊ ဧရိယာ(၈၀ ပေ × ၆၀ ပေ)ရှိသည့် ဒေါ်လှစင်(၁၃/လရန(နိုင်)၀၈၄၃၁၀) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်နှစ်ကွက်တွဲကို နှစ်(၆၀)မြေငှားဂရန်တွင် တရားဝင်အမည်ပေါက်သူ ဒေါ်လှစင်(၁၃/လရန(နိုင်)၀၈၄၃၁၀)က အချုပ်အချယ်ကင်းရှင်းစွာဖြင့် လက်ရှိထား ပိုင်ဆိုင်ပါကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် (LL-B)	ဒေါ်မာန်စွေနိုင် (LL-B)
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)	အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄)
Ph-09-253995848 , 09-798420119	Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃)
မိတ္ထီလာခရိုင်တရားရုံး
၂၀၂၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၀၃

ဒေါ်အမာတင် လျှောက်ထားသူ

ကွယ်လွန်သူ ဦးစိုးမင်းလတ်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့၌ နေထိုင်ခဲ့သော ဦးစိုးမင်းလတ်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်အမာတင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ ခုနှစ်၊ မတ်လ ၁၀ ရက်(၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးစိုးမင်းလတ်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၀ ခုနှစ်၊ မတ်လ ၁၀ ရက် (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂)ရက် နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ လက်မှတ်များကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်အမာတင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မင်းအောင်)
ခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

"Y–POWER ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်သွင်းမြွက်ဟကြေညာပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

အောက်ဖော်ပြပါ Y–POWER ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီတစ်ဦးတည်းမှုပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အေးသာယာလမ်း၊ အမှတ်–၃(စီ)တွင် တည်ထောင်ဖွဲ့စည်းထားသည့် Y AGRO SOLUTION COMPANY LIMITED၊ ကုမ္ပဏီ မှတ်ပုံတင်အမှတ်–၁၂၁၇၁၆၀၅၄ မှ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

Y–POWER

(၂၄၅၈၉/ ၂–၉–၂၀၁၉)

ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမှ တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေးသုံးဆေးအမျိုးမျိုးနှင့် စက်ပစ္စည်းအမျိုးမျိုးတို့တွင် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်သား၏ တံဆိပ်၊ အမည်နှင့် အမှတ်အသားတို့ကို မိမိတို့ကုမ္ပဏီမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ မှီငြမ်း၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားပြုလုပ် ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အတုအပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြရန်နှင့် လုပ်ကိုင်ဆောင်ရွက်အသုံးပြုနေသူများအား တွေ့ရှိပါက မိမိတို့ကုမ္ပဏီ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမှုအတွက် ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်သိမ့်သိမ့်စိုးဟန် (LL.B, DBL)	ဒေါ်ကြာဖြူဝတ်ရည်(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်–၉၆၉၈/၂၇–၂–၂၀၁၄)	(စဉ်–၁၆၀၈၉/၁–၁၀–၂၀၁၉)

LEGAL STEPS LEGAL CONSULTING LIMITED
တိုက်(၁)၊ အခန်း(၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်း(၈)မိုင်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၉၇၇၁၁၁၂၈၁ မှ ၀၉–၉၇၇၁၁၁၂၈၅ ထိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန(ရုံးချုပ်)
လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး နှင့် ဦးစီးဌာနများ၏ လိုအပ်သော စက်သုံးဆီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

စတင်ရောင်းချမည့်ရက်	–	၃–၃–၂၀၂၀ ရက်(အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	–	၃၀–၃–၂၀၂၀ ရက်(တနင်္လာနေ့) ညနေ (၁၆:၀၀) နာရီ
တင်ဒါဖွင့်မည့်ရက်	–	၁–၄–၂၀၂၀ ရက်(တင်ဒါဖွင့်လှစ်မည့် အချိန်အား အကြောင်းကြားပါမည်)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ (နေပြည်တော်)၊ ရုံးအမှတ်(၁၁)တွင် ရုံးချိန်အတွင်း လာရောက်စုံ စမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ
ဖုန်း–၀၆၇–၃၄၀၇၅၈၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၃၂/၇. M.2)၊ အထက(၁)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀.၀၄၇)ဧကရှိ မြေအား မအူပင်မြို့၊ (၆)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၈၂)နေ ဒေါ်သန်းတင်[၁၄/မအပ (နိုင်)၀၀၅၃၂၁]မှ မြေငှားဂရန်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားရန်အတွက် မြေငှားဂရန်စာချုပ်၊ မြေနှင့် အိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့်အညီ မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ်တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မအူပင်မြို့

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့ အမှတ်(၂၁)၊ ရွှေမြေ (၃)လမ်း (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ခင်အောင် (ဘ) ဦးစောအောင်မြင့် ၊ ၁၂/မရကာ(နိုင်) ၁၀၉၂၉၇ ကိုင်ဆောင်သူက အောက်ဖော်ပြပါ ပုံအမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမှုပိုင်အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံ တင်ပြီးဖြစ်ပါသည်။

[illegible]

ဒေါ်ခင်ခင်အောင်
၁၂/မရကာ(နိုင်)၁၀၉၂၉၇
အမှတ်(၂၁)၊ ရွှေမြေ(၃)လမ်း
(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

မြဝတီ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

"ဗုဒ္ဓဂယာ" သို့ မြဝတီ ခရီးသွားလုပ်ငန်းမှ အရေးကြီး အစီအစဉ်များ ဆောင်ရွက်ပေးနေပါပြီ၊

(၁၅ ရက်ခရီးစဉ်) Mar 16

အကြိုက်ရွေးချယ်နိုင်

April 8

April 11

Ph: 01 251229, 09 450600353, 09450600343, 0936738398, 09427323591

Classic Strand Condominium

REAL LIVES REAL STORIES
ordinary people with extraordinary stories

volume - 55
မတ်လ-ထွက်ပြီ
၀၉၉-၇၉-၆၀-၆၀-၁၀၊ ၂၀

■ မြင်းလှည်းသမားဘဝမှတစ်ဆင့် အောင်မြင်သော စီးပွားရေးသမားအဖြစ် ရပ်တည်ပြီးမှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သူ ဗုဒ္ဓဂုဏ်ရည် ဆရာတော်နှင့် ဘဝခရီးလမ်းကို ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းနေကြသူများ

■ ပြည်ပသို့ နိုင်ငံခြားငွေများ ခိုးထုတ်ခဲ့မှုတွင် ပါဝင်ပတ်သက်ခဲ့သူ ကြေးစားလူမိုက် ဇေဒါ ■ အဖေအရင်းကို ပြန်သတ်ခဲ့သူ လူမိုက်ကြီး ■ အနာကြီးရောဂါသည်မိဘနှစ်ပါးမှ မွေးဖွားလာသည့် မိန်းမချောလေး ■ ချစ်တဲ့လုနဲ့ ■ အုန်းသီးဖြင့်ဆေးကုပေးသည့် အကြားအမြင်ဆရာမ

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100

ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊၁၈၊၁၄၊၁၀၊၈) ယောက်စီးနှင့် Saloon,Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

သုံးရာသီ (ဓမ္မဒါန)

မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် ၅၅၀၀၀ိ/-၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း ... ၇၀၀၀၀ိ/- ... ၁၁၀၀၀၀ိ/- ... ရှောင်းသာ-၅၀၀၀၀ိ/- Mar- 6,13, 26

09 420144148, 09 421153797

ကိုရှမ်းလေး ရွှေပေါက်ကံ၊

အုံ့မြှိုးသစ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း

မြေကွက်များဝယ်ယူလိုပါသည်။ 09-250406914

ဒေါက်တာစိုးမြင့်အောင်(ဓါးခယ်မ)

Ph.D (Alternative Medicines)၏

ကမ္ဘာသုံး ဆေးဖက်ဝင် အပင်ထွက် ဆေးဝါးများအကြောင်း သိကောင်းစရာ

စာအုပ် ထွက်ပြီ

ဖို-၅-ကောင် တိုင်းရင်းဆေး

ကြက်သွန်ဖြူ အပါအဝင် ကမ္ဘာသုံးဆေးဖက်ဝင်အပင် (၈)မျိုး၏ ဆေးဖက်ဝင်အာနိသင် အကျိုးသွားများနှင့် ပတ်သက်၍ သုတေသနပြု လေ့လာတွေ့ရှိချက်များကို တင်ပြထားပါသည်။

ရန်အောင်စာပေ၊ ဖုန်း-၀၉ ၅၁၇၉၃၉၇၊ ၀၉ ၇၃၂၄၃၇၅၁

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်
(၂/၂၀၁၉-၂၀၂၀) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်	- ၂၄-၂-၂၀၂၀ ရက်(တနင်္လာနေ့) နံနက် ၉:၃၀ နာရီ
၃။ တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်	- ၁၉-၃-၂၀၂၀ရက်(ကြာသပတေးနေ့) ညနေ ၄:၀၀ နာရီ
၄။ တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်	- ၂၀-၃-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၁၀:၀၀ နာရီ
၅။ တင်ဒါတင်သွင်းစိစစ်ဖွင့်လှစ် ရွေးချယ်မည့်နေရာ	- ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) လမ်းဦးစီးဌာန ဧည့်ရိပ်သာ၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့။

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းဝယ်ယူနိုင်ပါသည်။

ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်
ဖုန်း-၀၅၉-၅၁၀၁၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါလေလံခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ထွက်ရှိလာသော လုပ်ငန်းသုံးဘေးထွက်ပစ္စည်း သတင်းစာစက္ကူ(ရိုက်ပျက်/ဖြူပျက်)များကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ပစ္စည်းအမျိုးအစားများ	- ပြင်သစ်နိုင်ငံထုတ် UPM Brite အမျိုးအစား
(၁) ရိုက်ပျက်	- (၁၃.၁၄)တန်
(၂) စက်မတင်မီပျက်(ဖြူပျက်)	- (၆.၁၀)တန်
(၃) လိပ်ကျန်ပျက်(ဖြူပျက်)	- (၁၀.၄၅၂)တန်
(ခ) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်	- ၂၈-၂-၂၀၂၀ရက်၊ (သောကြာနေ့)
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ	- ၃၅ လမ်းနှင့် ၃၆ လမ်းကြား လမ်း ၇၀ နှင့် ၇၁ လမ်းကြား
(ဃ) တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန်	- ၁၇-၃-၂၀၂၀ ရက်၊ (၁၆:၀၀)နာရီ
(င) တင်ဒါရွေးချယ်မည့်နေ့ရက်နှင့်အချိန်	- ၂၁-၃-၂၀၂၀ ရက်၊ နံနက်(၉:၃၀)နာရီ
(စ) တင်ဒါရွေးချယ်မည့်နေရာ	- မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး၊ အစည်းအဝေးခန်းမ
(ဆ) တင်ဒါလျှောက်လွှာတစ်စုံ ရောင်းချဈေးနှုန်း	- ၂၀၀၀ိ/-

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၂၀၅၉၇၇၅၊ ၀၉-၂၅၆၀၃၀၁၁၀၊ ၀၂-၂၈၄၇၃၉၈ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး
ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန

နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း

ဝ-(154)၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်

Ph:067-421755 ,09-73011078 ,09-73041277

ခေတ်မီကားမျိုးစုံဖြင့်Manual & Auto
နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

မြေကွက်များ ဝယ်လိုသည်

အုံ့ဆိပ်ကမ်း၊ အုံ့တောင်၊ အုံ့မြောက်၊ အုံ့အရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

09400940041
09260664490

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမျိုးတင့် (ဒိုက်ဦး)

အသက်(၉၉)နှစ်

ဒိုက်ဦးမြို့နေ (ဦးဘစိန်-ဒေါ်ဖွားဓုံ)တို့၏ သားကြီး၊ (ဒေါ်အမာ)၏ ခင်ပွန်း၊ ဦးလှမြိုင် ၏ အစ်ကို၊ ဦးဝင်းကြည်-ဒေါ်မြင့်မြင့်၊ ဦးထွန်းအေးချို-ဒေါ်လှလှ၊ ဦးသန်းဦး-ဒေါ်ဂျယ်ရလ်ဒင်း၊ ဦးသန်းအေး-ဒေါ်လဲ့လဲ့ဝင်း၊ (ဦးကျော်ဇေယျ)၊ ဦးခင်မောင်အေး-ဒေါ်နွဲ့ကေသီဝင်း၊ (ဦးကျော်သူရ) တို့၏ ဖခင်၊ မြေး ၁၄ ယောက် တို့၏ အဘိုး၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးသည် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အမှတ်-၄၁-C၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

၂၀-၂-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားသော ဗိုလ်မှူးဝင်းမြင့်(ငြိမ်း) ရေ-၃၂၇၄၊ အပတ်စဉ် (၃၅)စည်သူ ရေကြောင်းကောလိပ် အချိန်ပိုင်းနည်းပြ (ငြိမ်း)အသက်(၇၉)နှစ် ၏ စျာပနတွင် လိုက်ပါပို့ဆောင်ပေးကြသော တပ်မတော်ရေမှ မိသားစုဝင်များ၊ အရာရှိအရာခံများ၊ ရေကြောင်းကောလိပ်မှ နည်းပြဆရာများနှင့် သင်တန်းသားများ၊ စည်သူ(၃၅)မှ အရာရှိကြီးများ၊ တပည့် F.G သင်္ဘောအရာရှိများ၊ Emerald Brewery Myanmar Ltd မှ ဝန်ထမ်းများ၊ လူကိုယ်တိုင်လာရောက်မေးမြန်းကြသော ဆွေမျိုးမိတ်ဆွေများ၊ Facebook နှင့် ဖုန်းမှ မေးမြန်းကြသော ဆွေမျိုးမိတ်ဆွေများ၊ စျာပန အခမ်းအနားသို့ လိုက်ပါပို့ဆောင်သူ ဆွေမျိုး၊ ဓမ္မမိတ်ဆွေများ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

ဦးစောလှိုင် (၈၄)နှစ်

ဦးစီးအရာရှိ (ငြိမ်း)

မင်းကွန်းတောရ၊ ပရိယတ္တိကျောင်းဂေါပကအဖွဲ့နာယက

ရာသက်ပန်အသင်းဝင် အမှတ် (၆၃၈) ဦးစောလှိုင်သည် ၂၆-၂-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပြီးဖြစ်ပါ၍ အသင်းသူ / အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

အိမ်နှင့်ခြံရောင်းမည်

သန်လျင် ထမလုံ၊ ကွက်သစ် ၃၊ ၄-လမ်း၊ သိန်း(၅၀) လျှော့မည်။

ဖုန်း-၀၉-၇၈၇၃၀၃၂၈၂

ကန်ထရိုက်တာ ဦးအေးဟန် (DBN-၀၁၄၇၄၉)နှင့် အခန်းကြိုပွိုင့် ဝယ်ယူသူများနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် (၂၁၆)၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၂၁၆)၊ ဧရိယာ (၂၅x ၅၀)ပေရှိ မြေကွက်ပေါ်တွင် (၂)ခန်းတွဲ (၃ $\frac{၁}{၂}$) ထပ် အဆောက်အအုံ သစ်ဆောက်လုပ်ရန် မြေပိုင်ရှင်များဖြစ်ကြသော ဒေါ်စလီမာ (AG-၂၇၃၇၅၉)၊ ဒေါ်ခင်စောနု (DBN-၀၁၅၁၃၉) တို့နှင့် ကန်ထရိုက်တာ ဦးအေးဟန် (DBN-၀၁၄၇၄၉)တို့သည် ၂၈-၁၀-၂၀၁၃ ရက်တွင် ကန်ထရိုက်စနစ်ဖြင့် တိုက်သစ်ဆောက်လုပ်ခြင်း ကတိစာချုပ်ကိုချုပ်ဆိုပြီးနောက်ပိုင်းတွင် ကန်ထရိုက်တာသည်အဆိုပါအဆောက်အအုံအား ဆောက်လုပ်ဆဲထားခဲ့ပြီး အကြိမ်ကြိမ် ဆက်သွယ်သော်လည်း ဆက်သွယ်၍မရခဲ့ပါ။

ကန်ထရိုက်တာ၏ အကြိမ်ကြိမ်ပျက်ကွက်မှုကြောင့် မြေရှင်များနှင့် ကန်ထရိုက်တာတို့နှစ်ဦးနှစ်ဖက် ချုပ်ဆိုခဲ့ကြသော အဆောက်အအုံ ဆောက်လုပ်ရန် သဘောတူကတိစာချုပ်ကို ဖျက်သိမ်းပြီးဖြစ်ပါသည်။

ကန်ထရိုက်တာ ဦးအေးဟန်ထံမှ တိုက်ခန်းများ ကြိုပွိုင့်ဖြင့် ဝယ်ယူထားခြင်း၊ ပေါင်နှံထားခြင်းများအားလည်းကောင်း၊ လက်ရောက် အပ်နှံခြင်းမရှိဘဲ အရောင်းအဝယ်စာချုပ်ချုပ်ဆိုထားခြင်းများအား လည်းကောင်း၊ကန်ထရိုက်နှင့်သာ ဆက်သွယ်ဖြေရှင်းရန်နှင့် အထက်ပါ မြေပိုင်ရှင် (၂)ဦးမှ အသိအမှတ်ပြု လက်မှတ်ရေးထိုးပေးထားခြင်းမရှိသည့်အတွက် လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြေပိုင်ရှင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဘော်
(လိုင်စင်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO(Swizerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), HGP,R.L,D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 294766 HP: 09-5017044

သစ်တော နဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင် ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး

(၉)နှစ်ပြည့်လွမ်းဆွတ်သတိရအမှျဝေခြင်း

ဦးစိုင်းဆန်ပီး

အသက်(၆၄)နှစ်

(မူဆယ်မြို့)

အနန္တကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားသည်မှာ ၂၈-၂-၂၀၂၀ ရက်တွင် (၉)နှစ်ပြည့်ပြီဖြစ်သော်လည်း အဖေ၏ ဆုံးမစကားများကို အမြဲအောက်မေ့နှလုံးသွင်းလျက်ပါ။ အဖေ့ကျေးဇူးကြောင့် **"အေး"** တို့ မိသားစု အခုအချိန်ထိ အပူအပင်ကင်းစွာနဲ့အဖေ့အရိပ်ကိုခိုလုံနေရဆဲပါ။ အဖေ့ကျေးဇူးတရားများအား အမြဲသတိရ အောက်မေ့လျက်ပါ အဖေ ... အဖေ့အားရည်စူး၍ ၂၈-၂-၂၀၂၀ ရက်တွင် မူဆယ်မြို့၊ နန္ဒဝန်ပရိယတ္တိ စာသင်တိုက် (ရွှေသမင်ကျောင်းတိုက်)၌ သံဃာတော်အပါး (၁၆၀)တို့ကို အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ရန်ကုန်မြို့၊ နီးဘုရားကြီး (၉)မိုင် ရှမ်းကျောင်း၌ သံဃာတော်အပါး(၁၂၀)တို့ကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့စဉ်ပြုပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို အဖေကောင်းရာဘုံဘဝမှ သာခု အနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ဇနီး-ဒေါ်နန်းခင်အေး
သားကြီး-စိုင်းဆိုင်တိုင်း (Htee Kham Co.,Ltd)
သားလတ်-စိုင်းဆိုင်လှိုင်း
သမီး နန်းမိုဟွမ်-စိုင်းဆိုင်လှိုင်း
သမီး- နန်းစံဟွမ်-ကိုဖြိုးမင်းထက်
သားငယ်-စိုင်းဆိုင်ဝမ်း-နန်းနွမ်းမိုင်
မြေး(၁၀)ယောက်

ကျေးဇူးအထူးတင်ရှိခြင်း

မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (MOB)အား ဦးဆောင်လမ်းညွှန်မှုများ ပေးခဲ့ပါသော Founder and Senior Consultant ဦးစိန်ကြည်(ခ)Cheng Shing Chi အသက်(၇၄)နှစ် ကွယ်လွန်သွားခြင်းအတွက် လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ Email များဖြင့်သော်လည်းကောင်း၊ သတင်းစာများတွင်သော်လည်းကောင်း အထူးဝမ်းနည်းကြေကွဲခြင်း သတင်းများ မေးမြန်းခဲ့ပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပြည်တွင်းပြည်ပ မိတ်ဖက်ဘဏ်၊ အဖွဲ့စည်းများ၊ လွမ်းသူ့ပန်းခြင်းများ၊ လှူဖွယ်ပစ္စည်း သက်န်းများအား ပေးပို့ပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပြည်တွင်းပြည်ပ မိတ်ဖက်ဘဏ်၊ အဖွဲ့စည်းများ၊ ရက်လည်ဆွမ်းကျွေး အလှူတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော မိတ်ဆွေများနှင့် မြန်မာအရှေ့တိုင်း ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ အဆင့်မြင့် စီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂-F)၊ မြေကွက်အမှတ်(V-၃၄)၊ ဧရိယာ(၀.၀၄၁)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၇လမ်း၊ အမှတ်(၃၅)ဟုခေါ်တွင်သည့် (၃)ထပ် အဆောက်အအုံနှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို ပိုင်ရှင်များဖြစ်ကြသော ၁။ ဒေါ်လှလှမြင့် [၁၂/မဂတ(နိုင်)၀၂၂၆၁၆]၊ ၂။ ဦးသိန်းစိုးမောင် [၁၂/ရကန(နိုင်)၀၁၅၆၀၄]၊ ၃။ ဒေါ်ကြည်ကြည်လှ [၁၂/မဂတ(နိုင်)၀၂၂၆၁၈]၊ ၄။ ဦးအောင်မြင့်နိုင် [၁၂/မဂတ(နိုင်)၀၆၅၄၃၃] (အမည်ပေါက်ပိုင်ရှင် ဦးအောင်မြင့်အောင်၏သား) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO(Swizerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), HGP,R.L,D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 294766 HP: 09-5017044

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မြ

အသက်(၁၀၈)နှစ်

သူငယ်ချင်း ဦးမျိုးသိမ်း-ဒေါက်တာဌေးဌေးကြည် တို့၏ ဖခင် ဦးမောင်မြ အသက်(၁၀၈)နှစ်သည် ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၇-၉၁)
မြို့ပြအင်ဂျင်နီယာသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းသိန်း(ငြိမ်း)

အသက်(၆၂)နှစ်

ဦးစီးမှူး(လုံ/ဆက်)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စီမံရေးရာဌာနခွဲမှ ဦးစီးမှူး(လုံ/ဆက်) ဦးဝင်းသိန်း အသက်(၆၂)နှစ်(ငြိမ်း)သည် ၂၅-၂-၂၀၂၀ ရက်နေ့တွင် ကွယ်လွန် သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၁၀/ဈ-၂)၊ (၀.၄၅၁) ဧက၊ မြေကွက်တည်နေရာအမှတ်-၉၉၊ စံပါယ်ခြံ(၂)လမ်း၊ (၁၁) ရပ်ကွက်၊ (ဦးစောသာ) အမည်ပေါက်(ဘီ(လ/န-၃၉)၏ အစိတ်အပိုင်း ၄၀ပေx၁၃၅ပေရှိ မြေအား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတရားမကြီးမှုအမှတ်-၁၂/၂၀၀၇ (၉-၄-၂၀၀၇) ချမှတ်ထား သော စီရင်ချက်နှင့် ဒီကရီအရ တရားမဇာရီမှုအမှတ်-၈/၂၀၀၈ (၁-၇-၂၀၀၈)အရ မှတ်ပုံ တင်အရောင်းအဝယ် ကတိစာချုပ်အမှတ်-၂၆၁၁/၁၈-၇-၂၀၀၈ ဖြင့် ဝယ်ယူခဲ့သူ ဦးကြည်စိန်(ခ)ဦးမောင်မောင်ထွေး [၁/မကန(နိုင်)၀၁၅၂၄၃]က အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းတာရန်အတွက် တရားရုံးအမိန့်မှုရင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တို့ကို တင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်-၁၃၃၅၂/၂၀၀၈(၂၂-၁၂-၂၀၀၈)ဖြင့် ရရှိသူ ဒေါ်မကြူ[၁၃/တကန(နိုင်) ၀၅၀၀၆၁]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ၂၆-၈-၂၀၁၉ ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာမူရင်း၊ ပါဝါနှင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းတာရန်အတွက် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒုတိယဗိုလ်မှူးကြီး ပေါ်ခန်သန်း (ARNOLD-ငြိမ်း)

(လေ-၁၁၂၅)
ဒုတိယဝန်ကြီး (ငြိမ်း)
အလုပ်သမားနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ငြိမ်း)၊ သမဝါယမဝန်ကြီးဌာန

အသက် (၉၃) နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မွေလ်ဇောလ်ကျေးရွာနေ (Subedar Major Pu Thawng Za Kai-Retd-Pi Lian Khaw Niangh)တို့၏ဒုတိယသား၊ (ဦးစိန်-ဒေါ်စောညွန့်)တို့၏သားသမက်၊ (Pi Lun Za Cing-Pu Thang Za Dal), (Pi Ciin Khaw Lian-Pu Khup Za Sawm),(Pi Khen Do Cing-Pu Khup Khual), (Pi Ning Khaw Lian-Pu Kam Khaw Thang), (Pi Gin Khaw Cing-Pu Thang Khaw Kai), (Pi Ciin Khan Cing-Pu Son Kap Lian), Col Khen Za Moong-Retd-(Pi Lun Khen Cing)တို့၏ညီ/မောင်၊ (Pi Cing Za Don-Pu Gin Do Lian), (Pu Zel Khaw Lian-Pi Vung Khan Niang), Pi Lian Za Man-Pu Thual Za Thangတို့၏အစ်ကို၊ [ဒေါ်အေးအေးသန်း@ Pi Niangh Khan Niang] ၏ ချစ်လှစွာသောခင်ပွန်း၊ Nu Niang Khaw Zam @ ဒေါ်ဥမ္မာသန်း-[ဗိုလ်မှူးကြီးတင်ဝင်း(လေ)]၊ Nu Cing Za Lian @ ဒေါ်နုနု-(ဦးဇော်ဦးဆွေ)၊ Nu Zam Sian Niang @ ဒေါ်ငွေငွေ-ဦးအောင်ကြီး၊ Nu Lian Ngaih Lun @ ဒေါ်အေးအေးကျင်-ဦးသိန်းစိုး၊ Pa Kai Khan Lian @ ဦးတင်ထွဋ်- Nu Cing Khan Lian @ ဒေါ်သင်းမြတ်မြတ်ဝင်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ [ဗိုလ်ချုပ်ကိုကြီး(လေ-ငြိမ်း)]-ဒေါ်တင်တင်ညိုတို့၏ညီ/မောင်၊ (ဦးကျော်)-ဒေါ်နီနီ၊ (ဒေါ်သန်းရီ)၊ ဗိုလ်ချုပ်သူရစောဖြူ(လေ-ငြိမ်း)-ဒေါ်စိန်စိန်တို့၏ညီ/မောင်၊ [ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(လေ-ငြိမ်း)]-ဒေါ်တင်တင်စိန်၊[ဗိုလ်ကြီးကိုကိုလတ်(လေ)]၊ ဦးဝင်းမြင့်-ဒေါ်သင်းသင်းအေးတို့၏အစ်ကို၊ ဦးဇော်ဝင်းထွဋ်၊ ဒေါ်ရတနာဝင်း၊ ဦးဆွေဟိန်း၊ ဦးထွန်းထွန်းနိုင်-ဒေါ်ချမ်းငြိမ်းဇော်၊ ဦးစိုင်းဖြိုးကျော်-ဒေါ်လွင်မေသူ၊ ဦးချမ်းအေးဝင်း-ဒေါ်မေစုမွန်ဝင်း၊ ဦးသန်းအောင်-ဒေါ်သီရိရဲအောင်၊ ဦးသူရစိုး-ဒေါ်မေမဉ္ဇူ၊ မောင်သန့်ဘုန်းမြတ်သူ၊ မောင်ဖွဲ့ဇေယျာဝင်း၊ မသွန်းသွယ်ဝင်းတို့၏ချစ်လှစွာသောအဘိုး၊ မြစ် ကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၈-၂-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင် သင်္ဂြိုဟ် မည် ဖြစ် ပါကြောင်း ရပ် ဝေးရပ် နီးဆွေမျိုးမိတ် သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။ (ဦးတင်ထွဋ်-ဒေါ်သင်းမြတ်မြတ်ဝင်းတို့၏နေအိမ်၊ အမှတ်-၆၀/ဘီ၊ အောင်တော်မူလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နှင့် ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်း၊ မောနွေလဘုရားကျောင်းတို့မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါက်တာညိုညိုထွန်း

သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး
နာယက-ရေစကြို (မြို့နယ်အသင်း-မန္တလေး)

အသက် (၇၆) နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၇၅)၊ (၂၈)လမ်း၊ (၇၃)လမ်းနှင့် (၇၄) လမ်းကြားနေ (ဆရာကြီး ဦးထွန်းမောင်-ဆရာမကြီး ဒေါ်ငြိမ့်)တို့၏သမီး၊ ဒေါ်တင်အောင်(အလပြ-ငြိမ်း)၊ [ဒေါ်နီနီထွန်း(မြို့နယ်ပညာရေးမှူး-ငြိမ်း)]တို့၏ညီမ၊ ဒေါ်ချိုချိုထွန်း(သ/မ ဦးစီး-ငြိမ်း)၊ ဒေါ်ဝါဝါထွန်း(အထက-၁၆)၊ ဦးကျော်မိုးထွန်း(ဒုညွှန်မှူး၊ အခြေခံပညာ)-ဒေါ်နွယ်နွယ်ဦး၊ ဦးဇော်မိုးထွန်း(မူအုပ်၊ အမက-သလဲကုန်း)-ဒေါ်နွယ်နွယ်ဝင်း(ထခွဲ-၂၇)၊ ဒေါ်ပိုပိုတို့၏ကျေးဇူးရှင်အစ်မကြီး၊ ဦးအောင်ကျော်မိုး-ဒေါ်ခိုင်လင်းမြင့်(Euro-Nippon Co.,Ltd)၊ မောင်ရဲရင့်ထက်၊ မောင်ကောင်းမြတ်ဇော်၊ မရွှန်းနေခြည်(အထက-၁၆)တို့၏အဒေါ်၊ မောင်ပြည်ငြိမ်းစေ(အထက-၁၆)၏အဘွားသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

Dr.ခင်ဇော် (BDS.RGN)

အသက်(၆၇)နှစ်

မိုးကုတ်မြို့

မိုးကုတ်မြို့၊ ထင်းရှူးခြံရပ်နေ (ဦးအောင်ဘ-ဒေါ်ရှင်)တို့၏ သား၊ (ဦးသက်တင်)၊ ဒေါ်သိန်းသိန်းတို့၏ သားသမက်၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၇)၊ ခနသုခကွန်ဒိုနေ မပွင့်သက်ခင်ဇော်၊ ကိုဟိန်းသက်ခင်ဇော်-မဇင်မီအောင်၊ ကိုသန့်သက်ခင်ဇော် တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မယုလင်းလက်၊ မယွန်းယုယ၊ မောင်သော်စစ်ဟန်၊ မချစ်ခွန်းချို၊ မောင်ဟိန်းနန္ဒအောင် တို့၏ ချစ်လှစွာသော အဘိုး၊ ဒေါ်ဝါဝါသက်တင် ၏ ချစ်လှစွာသော ခင်ပွန်း Dr.ခင်ဇော်သည် ၂၇-၂-၂၀၂၀ ရက် ညနေ ၄:၅၀ နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၂၀ ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သင်္ဂြိုဟ်မည့် အချိန်ကို ထပ်မံ ကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

(၄)နှစ်ပြည့် အောက်မေ့သတိရခြင်း

၂၈-၂-၂၀၂၀

ဆရာမ ဒေါ်ခင်ပြုံး (အထက-၁)သန်လျင်(ငြိမ်း)

အသက်(၆၉)နှစ်

(ကျီးသဲ၊ သန်လျင်)

ဒေါ်လေးရဲ့- ကောင်းမြတ်သောစိတ်ထား၊
မေတ္တာပန်းရနံ့---ဝေနေတုန်းကလည်း---မွှေးပျံ့ခဲ့
ကြွေလွင့်သွားတော့လည်း---မွှေးပျံ့ဆဲပါ
လစဉ်၊ နှစ်စဉ်၊ ရည်စူးပြုသမျှကောင်းမှုကုသိုလ်များကို
ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ပါဒေါ်လေး
ဒေါ်လေးရဲ့ မေတ္တာ၊ စေတနာ၊ အကြင်အနာများကို
အစဉ် အောက်မေ့သတိရလျက်---

ချစ်တူမ - **ကိုထင်ကျော်လွင်-မမီမီထွန်းဇော်**
ချစ်မြေးများ - **ဇော်ရဲမာန် နဝမတန်း(A)၊ အထက(၂) သန်လျင်**
ယူမီလွင် အဋ္ဌမတန်း(A)၊ အထက(၂) သန်လျင်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဟန်

ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

အသက် (၆၂) နှစ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MITV မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဟန် (၆၂) နှစ်သည် ၂၆-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း

အနိစ္စ

ဦးစိုးမြင့်

လက်ထောက်အင်ဂျင်နီယာမှူး-ငြိမ်း၊
ဆောက်လုပ်ရေးဝန်ကြီးဌာန

အသက် (၈၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ တိုက်(၁)၊ အခန်း(၁၀၂)၊ ကမာကြည် ကမ်းသာယာအိမ်ရာနေ (ဦးထွန်းအောင်-ဒေါ်သန်းညွန့်)တို့၏ သား၊ (ဒေါ်မြင့်မြင့်ကြည်)၏ခင်ပွန်း၊ ဦးမြတ်စိုး-ဒေါ်မိုးသီတာ၊ ဦးသက်စိုး-ဒေါ်တင်တင်သော်၊ ဒေါ်မေစန္ဒာစိုး၊ ဦးစန်းလှိုင်-ဒေါ်ဝင်းသီတာစိုးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးစိုးမြင့် သည် ၂၆-၂-၂၀၂၀ ရက် ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကြည်မောင်

ဒုတိယဥက္ကဋ္ဌ၊ ပန်းတဉ်းတန်းအရဏ်တော်ဝတ်အသင်း၊ ကြည့်မြင်တိုင်မြို့နယ်

အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ပန်းတဉ်းတန်းလမ်း၊ အမှတ်(၆၂၅)နေ (ဦးဘချစ်-ဒေါ်ဆင်)တို့၏သား၊ (ဦးမောင်ဟန်-ဒေါ်တင်မြ)တို့၏သားသမက်၊ ဒေါ်လှလှ၏ခင်ပွန်း၊ ဦးဇော်ဝင်း(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ထွေးထွေးမြင့်၊ (ဦးဇော်မင်း)-ဒေါ်စန်းစန်းနု၊ ဦးမောင်မောင်ထွေး-ဒေါ်မိမိခိုင်၊ ဦးထွန်းထွန်း-ဒေါ်မိုးမိုးခိုင်၊ ဦးတိုးတိုး-ဒေါ်ဝင်းဝင်းမေ၊ ဦးတင်ဦး-ဒေါ်ထွေးထွေးခိုင်တို့၏ဖခင်၊ မြေး ၁၆ ယောက်၊ မြစ် သုံးယောက်တို့၏ဘိုးဘိုးကြီး ဦးကြည်မောင်သည် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျောင်းအောင်

မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားဟောင်း

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ်(၁၄၃၅)၊ တပင်ရွှေထီးလမ်းနေ (ဦးတင်-ဒေါ်ငွေစိန်)တို့၏ သား၊ (ဦးကျောင်းမောင်)၊ ဦးအောင်ဝင်းတို့၏ အစ်ကို၊ ဒေါ်အေးရွှေ ၏ ခင်ပွန်း၊ ဦးကျော်ထူးအောင်-ဒေါ်သွယ်သွယ်နှင်းတို့၏ ဖခင်၊ မောင်အာကာထူးအောင်၊ မဝင့်မြတ်သွယ် တို့၏ အဘိုး ဦးကျောင်းအောင်သည် ၂၇-၂-၂၀၂၀ ရက် မွန်းလွဲ ၂:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး ရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တိုးတိုးစိန်

မြန်မာ့အာမခံလုပ်ငန်း (ငြိမ်း)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ မြောက်ကွမ်းခြံ(၂)လမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ အခန်း(၀၀၉)၊ တိုက်(၄၄/၅၆)နေ (ဦးစိန်မောင်-ဒေါ်တာ)တို့၏ သမီး၊ ဦးမြတ်ထွန်း (Grand Guardion Tokio Marine General Insurance Co.,Ltd.)၏ ဇနီး၊ (ဦးမြင့်အောင်-ဒေါ်ခင်ညို့ဝင်း)၊ ဦးလှိုင်စွန်း၊ ဒေါ်စိန်စိန် တို့၏ ညီမ၊ ဦးငွေလှိုင်-ဒေါ်ဖြူဖြူစိန်၊ (ဒေါ်သန်းသန်းစိန်)၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်တင်တင်စိန် (ဒဂုံတက္ကသိုလ်)တို့၏ အစ်မ ဒေါ်တိုးတိုးစိန် သည် ၂၇-၂-၂၀၂၀ ရက် နံနက် ၆:၃၅ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဇော်မျိုးအောင် (တောင်သာ)

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁၄၅)၊ သင်းဝင်လမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ (ဦးတင်အောင်)-ဒေါ်မြမြသန်း တို့၏ သားငယ်၊ ဦးသန်းစိုး-ဒေါ်ပပမိုး၊ ဒေါ်သင်းသင်းခိုင်တို့၏မောင်၊ တောင်သာမြို့နေ ဦးလှညွန့်-ဒေါ်အေးသောင်းတို့၏ သားသမက်၊ မောင်ငြိမ်းချမ်းသာ၊ မရှုပါမြင့် တို့၏ ဦးလေး၊ ဆရာမ ဒေါ်ခင်မိအေး၏ ခင်ပွန်း၊ မောင်ရဲရင့်မောင် ၏ ဖခင်သည် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ပန်းချီဆရာကြီး ဦးတင်ဦး (Roxy တင်ဦး)

အသက်(၉၄)နှစ်

ဒေါ်ချိုချိုမာ (Financial Controller)၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ပန်းချီဆရာကြီး ဦးတင်ဦး (Roxy တင်ဦး) အသက်(၉၄)နှစ် သည် ၂၄-၂-၂၀၂၀ ရက် နံနက် ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Krislite Group of Company
Lighting Specialist Co.,Ltd
Myanmar Ease Net Co.,Ltd
Kalaw Heritage Hotel

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊
လမ်း၊ တံတား ဒါယိကာမကြီး

ဒေါ်ကျင်လှ (မြောင်းမြ)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေ Capt: ဦးငွေမြင့် (အတွင်းရေးမှူး၊ ရွှေပါရမီ ဖောင်ဒေးရှင်း)၏ ကျေးဇူးရှင်မိခင်ကြီးသည် ၂၆-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရွှေဝင်း-ဒေါ်မျိုးမျိုးနွယ်ထွန်း
RIO Shipping Bangkok

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဇောတိကမဟာထေရ်

သိက္ခာတော် (၆၆) ဝါ၊ သက်တော် (၈၆) နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ သလိန်ပြင်ကျေးရွာ၊ ဇိနာလင်္ကာရ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဖြစ်တော်မူသော ဘဒ္ဒန္တဇောတိကမဟာထေရ် သိက္ခာတော် (၆၆) ဝါ၊ သက်တော် (၈၆) နှစ်ရှိသည် (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) ၂၅-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်း ကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃/၁၄ ရက်) ၂၁/၂၂-၃-၂၀၂၀ ရက်တွင် အန္တိမအဂ္ဂိစျာပနပူဇော်သဘင် ဆင်ယင်ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း တပည့်ဒါယကာ/ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

SM ဂနီ (ခ) ဦးမြဝင်း

အသက်(၉၄)နှစ်

စက်မောင်း(ပ)ငြိမ်း ယန္တရားတပ်ခွဲ (တောင်)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ယန္တရားရိပ်သာဝင်း၊ အမှတ်(၅/၁)နေ (ဦးဘာဘာ-ဒေါ်ရာဘီယာ)တို့၏ သား၊ ပြည်မြို့၊ ပုဆိုးတန်းလမ်းနေ (မော်လဝီဆရာအစ်-ဒေါ်သန်း)တို့၏ သားသမက်၊ ဒေါ်ခင်မြင့်မြင့် ၏ ခင်ပွန်း၊ ဒေါ်ထားထားဦး၊ ဟာဂျီမဒေါ်ခင်သက်ဦး၊ ဦးမောင်မောင်ဦး-ဒေါ်ခင်မြင့်ကြည်၊ ဒေါ်ခင်မို့မို့ဦး တို့၏ ဖခင်၊ မခင်သက်ထားစံ၊ မောင်ဟိန်းထက်နိုင် တို့၏ အဘိုး သည် ၂၄-၂-၂၀၂၀ ရက် ည ၉:၂၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၅-၂-၂၀၂၀ ရက်တွင် ဇဟိုရ်အပြီး ရေဝေးစွန္နီကဘာရ်စတန်၌ဒါဖနာ ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

နော်စေးခူ

အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီအုန်ကုန်းလမ်း၊ အမှတ်(၄၂၁/ခ)နေ (ဦးရွှေဦး-ဒေါ်ငွေဇင်)တို့၏သမီးထွေး၊ သိက္ခာတော်ရ ဆရာတော် ဦးစောကွယ်ထူး (ခ) ဦးစိုင်းဒေါင်း (ဗေနေဇာအသင်းတော်-မော်လမြိုင်)၏ တစ်ဦးတည်းသောညီမသည် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၂-၂၀၂၀ (စနေနေ့) နံနက်၉နာရီတွင်နေအိမ်၌ဝတ်ပြုဆုတောင်းပြီးရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်နှင်းတင်

အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၂၀)၊ (၁၄၆)လမ်းနေ (ဦးအောင်ချစ်စိန်)၏ဇနီး၊ ဦးမင်းဇင်ဦး-ဒေါ်နှင်းနန္ဒာချစ်တို့၏မွေးသမိခင်၊ မောင်မင်းသွေးခန့်၏အဘွားသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ ရက် ညနေ ၃ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဆွေဦး (B.E-Civil, 1975)

အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀)၊ သုံးလွှာ၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ (ဦးစိန်မောင်ရီ-ဒေါ်လေးရှင်)တို့၏သမီးကြီး၊ ဦးဘသန်းချိန်၏ချစ်လှစွာသောဇနီး၊ ဒေါ်သင်းသင်းမြတ်-ဦးသန်းထွန်း၊ ဒေါ်ခင်ခင်အေး-ဦးမြင့်သိန်း၊ ဦးစိုးလှထွန်း-(ဒေါ်အေးအေးသန်း)၊ ဦးမင်းညို-ဒေါ်စိုးစိုးမိုးတို့၏ အစ်မကြီး၊ ဒေါ်စုလှိုင်ချိန်၊ ဦးမျိုးမင်းသူ-ဒေါ်မေမြင့်ဝင်းတို့၏မိခင်၊ မအေးမြတ်ကြည်ဖြူ၏အဘွားသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၁:၂၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

နော်လူစီဖေါ (၆၈) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ရွှေဘကုန်းလမ်း၊ အမှတ်(မ/၆)နေ [Mr.စီဖေါ-Mrsစီဖေါ (ခ) ဒေါ်အဲလား]တို့၏သမီး၊ (စောဗစ်တာမျိုး)၏ချစ်လှစွာသောဇနီး၊ (စောတော်မီမျိုးဝင်း)၊ စောဝီလျံအောင်မျိုးဝင်း-ကက်သရင်းဒေါ်ရှိန်းအွယ်၊ စောမီကီအောင်ကျော်မျိုး၊ စောဂီလီဝင်းမင်းမျိုး (ခ) ဘတင်(KMSS Ygn)တို့၏ချစ်လှစွာသောမိခင်၊ Paulinus ရှိန်းမျိုးအောင်၊ John ရှိန်းမျိုးနိုင်တို့၏ချစ်လှစွာသောအဘွား၊ ဦးနို့ဝယ်ဖေါ၊ (ဦးဖရန်စစ်ဖေါ)၊ (ဦးဂျိုးဇက်ဖေါ)၊ (ဦးဒေးဗစ်ဖေါ)တို့၏ညီမ၊ ဒေါ်ရေဂျီနာဖေါ-ဦးလောရီတို့၏အစ်မ နော်လူစီဖေါသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၂-၂၀၂၀ (စနေနေ့) နံနက် ၉ နာရီတွင် စိန်ပီတာနှင့် စိန်ပေါလ်ဘုရားရှိခိုးကျောင်း(အင်းစိန်)တို့၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

YBS ယာဉ် ၂၅ စီးကျော်ဖြင့် တက္ကသိုလ်လေးခုအား စတင်ချိတ်ဆက်ပြေးဆွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

YBS ယာဉ်လိုင်းသစ်တစ်ခုဖြစ်သည့် YBS(101)ယာဉ်လိုင်းသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်အစောပိုင်းမှစတင်၍ တက္ကသိုလ်လေးခုအား ချိတ်ဆက်ပြေးဆွဲပေးသည်။ အဆိုပါ YBS(101) ယာဉ်လိုင်းအား Omni Focus ကုမ္ပဏီက တက္ကသိုလ်လေးခုဖြစ်သည့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ဆေးတက္ကသိုလ်(၂)၊ ဒဂုံတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တို့ကို အစီးရေ ၂၅ စီးကျော်ဖြင့် စတင်ချိတ်ဆက်ပြေးဆွဲပေးနေခြင်းဖြစ်သည်။

YBS(101) ယာဉ်လိုင်းစတင်ပြေးဆွဲမှုအခြေအနေနှင့်ပတ်သက်၍ စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ဘက်ခြမ်းမှ ဂိတ်တာဝန်ခံ ကိုမောင်မောင်က စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍

ထူးခြားသည့် ညအပူချိန်များ	
၂၇-၂-၂၀၂၀	
ဟားခါး	၆ ဒီဂရီစင်တီဂရိတ်
မင်းတပ်	၇ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၈ ဒီဂရီစင်တီဂရိတ်
ဖလမ်း	၈ ဒီဂရီစင်တီဂရိတ်
တီးတိန်	၈ ဒီဂရီစင်တီဂရိတ်
တွန်းဇံ	၈ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ	
၂၇-၂-၂၀၂၀	
ပူတာအို	သုည ဒသမ ၆၇ လက်မ
ခန္တီး	သုည ဒသမ ၅၁ လက်မ
တွန်းဇံ	သုည ဒသမ ၄၇ လက်မ
ပင်လည်ဘူး	သုည ဒသမ ၄၇ လက်မ
ဟုမ္မလင်း	သုည ဒသမ ၃၉ လက်မ
မိုးညှင်း	သုည ဒသမ ၃၅ လက်မ
ရမ်ကလောင်း	သုည ဒသမ ၃၂ လက်မ
ဖလမ်း	သုည ဒသမ ၂၈ လက်မ

ရောဝတီနှင့် ဟံသာဝတီအသင်းတို့ အားပြိုင်မည့် MNL ပြိုင်ပွဲ ပွဲစဉ် (၈)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈)ကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ပိုင်းမှအသင်းများ၏ အားပြိုင်မှု၊ အသင်းကြီးများ၏ ရုန်းကန်မှု၊ အမှတ်လိုနေသည့်အသင်းများ၏ မထင်မှတ်သည့် စွမ်းဆောင်ရည်များကို တွေ့မြင်ရဖွယ်ရှိနေသည်။

ပွဲစဉ် (၈) အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မန္တလာသီရိကွင်း၌ အား/ကာသိပွဲအသင်းနှင့် ဇွဲကပင်အသင်း၊ ဖေဖော်ဝါရီ ၂၉ ရက်တွင် ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် ဟံသာဝတီအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရတနာပုံအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် မကွေးအသင်း၊ မတ် ၁ ရက်တွင် ဝေဘာလီကွင်း၌ ရခိုင်အသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၇) အပြီးတွင် ဟံသာဝတီအသင်းက ၂၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်နှင့် ရောဝတီအသင်းက ၁၇ မှတ်စီ၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၃ မှတ်၊ စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❖

ဇယားထိပ်ဆုံးမှ ဦးဆောင်နေသည့် ဟံသာဝတီအသင်း။

ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း တီမောကို ပင်နယ်တီဖြင့် အနိုင်ရ

ဂျပန်-အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် ရလဒ်ကောင်းနေသည့် မြန်မာ ယူ-၁၉ အသင်း။

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဂျပန်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့မြန်မာစံတော်ချိန် နံနက်ပိုင်းက ဂျပန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၉ အသင်းသည် တီမောကို ပင်နယ်တီတွင် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် တီမောအသင်းနှင့်တွေ့ဆုံခဲ့ပြီး ပွဲချိန်အတွင်း ဂိုးမရှိသရေကျနေသောကြောင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ မြန်မာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❒

ကြေးမုံ ယနေ့ဖတ်စရာ

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၆

COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

စာမျက်နှာ » ၈

ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ်လအတွင်း ဂျပန်နိုင်ငံရှိ ကျောင်းအားလုံးပိတ်ထားရန်စီစဉ်

စာမျက်နှာ » ၁၃

မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ » ၁၄

သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာအချုပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာများကို အချပ်ပိုစာမျက်နှာ (က)တွင် ဖော်ပြထားပါသည်။

DOOSAN Used Excavator နှင့် Wheel Loader များ
အရစ်ကျရောင်းချပေးမည် . . .

လုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်နေသော DOOSAN အမှတ်တံဆိပ် Reconditioned နှင့် Used Excavator, Wheel Loader များ သုံးစွဲပြီး စက်နာရီ 1,000 hrs ကျော်မှ နာရီ 10,000 hrs ကျော်အထိ စက်ယန္တရားများကို ဝယ်ယူသုံးစွဲမည့် Customer များ အဆင်ပြေစေရန် အရစ်ကျ ရောင်းချပေးသွားပါမည်။

HTUN NAY WUN

Block No. 246 (Q-1), Corner of Mingyi Mahar Min Khaung Street & Myin Wun U Aung Thu Street, Hlaing Tharyar Industrial Zone - 2, Hlaing Tharyar Township, Yangon. Email : info@htunnaywun.com.mm Website : www.htunnaywun.com.mm
ဆက်သွယ်ရန် ရန်ကုန် - 09 7997 77 561, 09 4282 10 007 | မန္တလေး - 09 4500 55 699, 09 4580 31 999

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာမိုမိုသန့် ပါမောက္ခ(ဌာနမှူး) သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် ဦးစွာမြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ ဖြစ်တယ်။

ကိုလိုနီခေတ်ကိုလေ့လာမယ်ဆိုရင် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံ၊ အမျိုးသားစိတ်ဓာတ် ပြန်လည်နိုးကြားလာတဲ့အပိုင်းဖြစ်တဲ့ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဆိုပြီး လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီးမေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာ့အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့အဖွဲ့အစည်းက ဂျီစီဘီအေ(ခေါ်)မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားခဲ့တယ်။ အဲဒီကာလနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးတွေရဲ့ ကုမ္ဘာရီအသင်းတွေကလည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့ မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းကတော့ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးရဲ့ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံမှာ ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းအကြောင်းရင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။

မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်(ခရစ်နှစ် ၁၉၃၈ ခုနှစ်)အတွင်း ပေါ်ပေါက်လာတဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံ ဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ဖို့ နီးကပ်လာတဲ့အချိန်လည်းဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အတွက် မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာအချက်မူနဲ့ လွတ်လပ်ရေးရဖို့ ပိုမိုဆောင်ရွက်လာရာက ဗမာ့ထွက်ရပ်ဂိုဏ်း ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာ ဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀ မှ ၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးဆင်နွှဲတဲ့အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ- ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်ကတော့ ဖက်ဆစ်ဂျပန်တော်လှန်ရေး(၁၉၄၂-၁၉၄၅)ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲဖို့ ဖန်တီးပေးလာတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဆိုပြီး အပိုင်းလိုက်လေ့လာဖို့ လိုပါတယ်။

လွတ်လပ်ရေးအရယူခြင်းအပိုင်းကို လေ့လာရာမှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံလူထုအစည်းအဝေး၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ်ဆိုပြီး လေ့လာဖို့လိုတယ်။

ကိုလိုနီခေတ်ရဲ့ယေဘုယျအခြေအနေကို လေ့လာရာမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေးနဲ့ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့ကမကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်း ကျင့်သုံးခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးကာလအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေး ပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကိုလည်း ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ရဲ့ ယေဘုယျအခြေအနေကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကို လေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ်ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းမှုများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံနဲ့ တရုတ်ဖြူကိုမင်တန်ကျူးကျော်မှုတွေအကြောင်းကို လေ့လာရမှာ ဖြစ်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ကာလ ဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရ ပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့ဆောင်ရွက်ချက်တွေကို လေ့လာသင့်တယ်။

၁၉၆၀ မှ ၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်ပြီး အဲ့ဒီအစိုးရ လက်ထက်အခြေအနေတွေက တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်။

လွတ်လပ်ပြီးခေတ်မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိကာလကတော့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ခေတ်ဖြစ်တယ်။ ဒီကာလတွေရဲ့ ယေဘုယျအခြေအနေတွေဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒ့ါအပြင် ၁၉၈၈ နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်တဲ့ သိကောင်းစရာတွေကို တင်ပြသွားပါမယ်။ ရှေးဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့ အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းကို လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေကတစ်ဆင့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တို့ကို လေ့လာဖို့လိုပါမယ်။ ဂျာမနီ အင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်တွေကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာတွေပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရတဲ့ အခြေအနေကို ရောက်ခဲ့ရတယ်ဆိုတာကို သိရှိဖို့လိုအပ်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ ပေါ်ပေါက်လာတဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးအကြောင်းကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံပေါ်ပေါက်လာခြင်း ဖြစ်တယ်။ ရုရှားနိုင်ငံအကြောင်း လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်ပြီး အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုတွေ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဆိုပြီး ဒေသအလိုက်လေ့လာသင့်တယ်။

အိန္ဒိယအကြောင်းလေ့လာရာမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်ရဲ့ဆွာရဂျ် ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုတွေကို အပိုင်းလိုက်လေ့လာရမှာ ဖြစ်တယ်။ အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုတွေကိုလည်း နိုင်ငံအလိုက် သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေ့ရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုအပိုင်းမှာ ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကို အခြေခံတဲ့ အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဆိုပြီး နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရတဲ့ အခြေခံအကြောင်းရင်းတွေကို သီးခြားခေါင်းစဉ်ခွဲတွေနဲ့ လေ့လာဖို့လိုတယ်။

ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုတွေမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကိုသိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကို သိမ်းပိုက်ခြင်းတို့ကို တစ်ခုချင်းလေ့လာရမှာ ဖြစ်တယ်။ အဲဒီကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ဦးတည်လာတဲ့ အခြေခံအကြောင်းရင်းတွေဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ ကျူးကျော်လိုက်ရာကတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့သမိုင်းဖြစ်စဉ်တစ်ခု ဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ အမေရိကန်ဦးဆောင်တဲ့အုပ်စုကို အနောက်အုပ်စု(သို့) အရင်းရှင်အုပ်စု(သို့) လက်ယာအုပ်စုလို့ ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ စတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး သူဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု(သို့) ကွန်မြူနစ်အုပ်စု(သို့) လက်ဝဲအုပ်စုလို့ ခေါ်တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့၊ စစ်ရေးအရပူးပေါင်းဆောင်ရွက်ဖို့ ကြိုးပမ်းလာကြတယ်။ ဒီကြိုးပမ်းချက်တွေရဲ့ရလဒ်အဖြစ်နဲ့ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့၊ အန်ဇတ်၊ အရှေ့တောင်အာရှစာချုပ်အဖွဲ့၊ ဗဟိုစာချုပ်အဖွဲ့များ ဖွဲ့စည်းပေါ်ပေါက်လာကြတယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံတွေမှာ ကွန်မြူနစ်စနစ်အခြေခံတဲ့ စီးပွားရေးစီမံကိန်းတွေချမှတ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းတွေလည်း ပေါ်ပေါက်လာတယ်။

နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ဘယ်လိုခြိမ်းခြောက်ခဲ့သလဲဆိုတာကို လေ့လာသင့်တယ်။

ဆိုရှယ်လစ်ရုရှားနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်တွေဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးမှာ အာရှနိုင်ငံများဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ ဖွံ့ဖြိုးတိုးတက်လာပုံကိုလည်း လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ ဒုတိယကမ္ဘာစစ်အပြီး အရှေ့တောင်အာရှနိုင်ငံသစ်များ ပေါ်ပေါက်လာခြင်းနဲ့ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုတွေကို လေ့လာသိရှိရမှာဖြစ်တယ်။

အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)၊ မြန်မာနိုင်ငံနဲ့ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနဲ့ ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနဲ့ မဟာမဲခေါင်ဒေသခွဲဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ကျောင်းသူ ကျောင်းသားများကို မှာချင်တာကတော့

၁။ သမိုင်းကိုလေ့လာရာမှာ သမိုင်းစဉ်ဆက်စပ်မှုကို သိထားပြီး လေ့လာရန်

၂။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။

၃။ ခေါင်းစဉ်ရွေး၍ မလေ့လာရန်

၄။ ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်နဲ့

၅။ မေးခွန်းကိုသေချာဖတ်ပြီး မေးတဲ့အပိုင်းကိုသာ ဖြေဆိုရန်ဖြစ်ကြောင်း မှာကြားလိုပါတယ်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့မေးခွန်းဟာ အပိုင်း(က)၊ အပိုင်း(ခ)၊ အပိုင်း(ဂ)၊ အပိုင်း(ဃ)ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်းအပိုင်း(က)မှာ နံပါတ် ၁။(က)၊ ၁။(ခ)ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။(က)မေးခွန်းက "အောက်ပါ ကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။"ဟူ၍ ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅)ပုဒ်၊ စုစုပေါင်း (၁၀)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်ဟာ (၁)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀)မှတ်ဖြစ်တယ်။

မေးခွန်း ၁။(ခ)တွင် "အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ)တို့ အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါ။"ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅)ပုဒ်၊ စုစုပေါင်း (၁၀)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်ဟာ(၁)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀)မှတ်ဖြစ်တယ်။

မေးခွန်းအပိုင်း(ခ)ဟာ "အောက်ပါတို့အနက်မှလေးပုဒ်ကို မှတ်စုတိုရေးပါ။"ဖြစ်တယ်။ မြန်မာ့သမိုင်း (၄)ပုဒ်နှင့် ကမ္ဘာ့သမိုင်း (၄)ပုဒ်တို့ ပါဝင်တယ်။ နှစ်သက်ရာ(၄)ပုဒ်ကို ဖြေဆိုရန်ဖြစ်ပါတယ်။ တစ်ပုဒ်ရမှတ်မှာ (၅)မှတ်ဖြစ်ပြီး (၂၀)မှတ်ဖိုး ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်းအပိုင်း(ဂ)မှာ "အောက်ပါတို့အနက်မှ နှစ်ပုဒ်ကိုဖြေဆိုပါ။" ဖြစ်တယ်။ မြန်မာ့သမိုင်းမေးခွန်းရှည်များဖြစ်ပြီး စုစုပေါင်း (၄)ပုဒ်ပါရှိမှာဖြစ်တယ်။ ယင်း(၄)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်းအပိုင်း(ဃ)မှာ "အောက်ပါတို့အနက်မှ နှစ်ပုဒ်ကိုဖြေဆိုပါ။" ဖြစ်တယ်။ ကမ္ဘာ့သမိုင်းမေးခွန်းရှည်များဖြစ်ပြီး စုစုပေါင်း (၄)ပုဒ်ပါရှိမှာဖြစ်တယ်။ ယင်း(၄)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀)မှတ် ဖြစ်တယ်။

ကျောင်းသူ ကျောင်းသားများကို အကြံပြုချင်တာကတော့ သမိုင်းဘာသာရပ်ကိုလေ့လာရာမှာ ပြဋ္ဌာန်းစာအုပ်ကို ကြေညက်စွာ အလေးပေးလေ့လာဖို့ လိုအပ်ပါတယ်။ အဲဒီလိုလေ့လာမယ်ဆိုရင် ကျောင်းသူ ကျောင်းသားများအတွက် အခက်အခဲမရှိဘဲ ဖြေဆိုနိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထားရမည်ဖြစ်ပြီး ၎င်းမှထိုသို့ခန့်ထားမှုကို သဘောတူကြောင်း တရားရုံးသို့ စာဖြင့်ရေးသားတင်ပြမှသာ ခန့်အပ်ခြင်း အတည်ဖြစ်စေရမည်-

(၁) စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသည့်သူက အမည်စာရင်းတင်သွင်းသူ၊

(၂) ထိုသို့အမည်စာရင်းတင်သွင်းထားခြင်းမရှိလျှင် တရားရုံးက ခန့်အပ်သည့် တရားဝင်ပစ္စည်းထိန်း။

(ဂ) မည်သည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကိုမျှ ခန့်အပ်နိုင်ခြင်းမရှိပါက တရားရုံးသည် တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်နိုင်သည်။

တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်သည့် လုပ်ငန်းစဉ်

၁၆၈။ (က) တရားရုံးသည် တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါက ၎င်းသည် မြီရှင်များအကျိုးအတွက် မြီရှင်များအစည်းအဝေးကို အောက်ပါကိစ္စရပ်များအလို့ငှာ ခေါ်ယူရမည် -

(၁) တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခြင်းအား အတည်ပြုခြင်း၊

(၂) တရားဝင်ပစ္စည်းထိန်းအစား လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူတစ်ဦးအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ရွေးချယ်ခန့်ထားရန်။

(ခ) တရားဝင်ပစ္စည်းထိန်းသည် ပုဒ်မခွဲ(က) အရ ခေါ်ယူသည့် မြီရှင်များအစည်းအဝေးကို နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ဆင့်ဆိုခေါ်ယူကျင်းပရမည်ဖြစ်ပြီး ၎င်းအားခန့်အပ်သည့်နေ့၏နောက်နေ့မှ ၂၁ ရက်ထက် နောက်မကျစေဘဲ အစည်းအဝေးကို ကျင်းပရမည်။

(ဂ) ဤပုဒ်မအရ ခန့်အပ်ထားသည့် တရားဝင်ပစ္စည်းထိန်းက ကုမ္ပဏီတွင် မြီရှင်များအစည်းအဝေးအား ဆင့်ဆိုခေါ်ယူကျင်းပရန် လုံလောက်သည့် ဘဏ္ဍာငွေကြေးမရှိဟု သုံးသပ်ဆုံးဖြတ်ပါက ပုဒ်မခွဲ (က) နှင့် (ခ) အား လိုက်နာဆောင်ရွက်ရန် မလိုအပ်စေရ။

ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို အစားထိုးရန် အစည်းအဝေးခေါ်ယူခြင်း

၁၆၉။ (က) တရားဝင်ပစ္စည်းထိန်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားကြောင်းကို အများပြည်သူသို့ အသိပေးအကြောင်းကြားစာ ထုတ်ပြန်သည့်နေ့၏ နောက်နေ့မှ ၂၈ ရက်အတွင်း ကုမ္ပဏီစုစုပေါင်းကြွေးမြီ၏ အနည်းဆုံး တစ်ဆယ်ရာခိုင်နှုန်းနှင့်အထက်ပိုင်ဆိုင်သော မြီရှင်များက စာဖြင့်ရေးသားတောင်းဆိုလျှင် ထိုစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ အစည်းအဝေးကို အောက်ပါရည်ရွယ်ချက်များအလို့ငှာ ဆင့်ခေါ်ရမည်-

(၁) ၎င်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားခြင်းကို အတည်ပြုရန်၊

(၂) ကုမ္ပဏီနှင့်စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ်ဆောင်ရွက်ရန် အရည်အချင်းရှိသူတစ်ဦးအား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိနေရာတွင် အစားထိုးရွေးချယ်ခန့်ထားရန်။

(ခ) ပုဒ်မခွဲ (က) အရ အစည်းအဝေးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက အဆိုပါစာဖြင့် ရေးသားတောင်းဆိုချက်အား လက်ခံရရှိသည့်နေ့၏နောက်နေ့မှ ၁၄ ရက်အတွင်း ခေါ်ယူရမည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှင့်တစ်ဆက်တည်း တရားရုံးက ခန့်အပ်ခြင်း

၁၇၀။ တရားရုံးက စာရင်းရှင်းလင်းဖျက်သိမ်းရန်အမိန့်ကို ချမှတ်ခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေး မန်နေဂျာ၊ အစီအစဉ်ကြီးကြပ်သူ၊ သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ခန့်ထားခြင်းကို ရပ်ဆိုင်းသွားစေပါက တရားရုံးသည် သင့်လျော်မည်ဟုယူဆလျှင် ထိုသူအား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဆက်လက်ခန့်အပ်နိုင်သည်။

စုံစမ်းစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများ

စာရင်းရှင်းလင်းဖျက်သိမ်းမှုကို ဆိုင်းငံ့ရန်အခွင့်အာဏာ

၁၇၁။ (က) တရားရုံးသည် စည်းကမ်းချက်များသတ်မှတ်၍ ဖျက်သိမ်းသည့်လုပ်ငန်းစဉ်ကို ချက်ချင်း သို့မဟုတ် သင့်လျော်သည့်အချိန်တွင် ဆိုင်းငံ့သည့်အမိန့် ချမှတ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချပြီးနောက် မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ မြီရှင်တစ်ဦးဦး သို့မဟုတ် ကြွေးမြီပေးဆပ်ရသူကဖြစ်စေ ဆိုင်းငံ့မိန့်ချမှတ်ပေးရန် လျှောက်ထားသည့်အခါ ၎င်းတို့က စာရင်းရှင်းလင်းဖျက်သိမ်းရေး လုပ်ငန်းစဉ်များအား ဆိုင်းငံ့သင့်ကြောင်း ကျေနပ်လက်ခံအောင် သက်သေထင်ရှားပြနိုင်လျှင် တရားရုံးသည် ဆိုင်းငံ့သည့်အမိန့်ကို ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ဤပုဒ်မအရ အမိန့်မချမှတ်မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား အဆိုပါ ဆိုင်းငံ့မှုနှင့်သက်ဆိုင်သည်ဟု ယူဆသည့် အချက်အလက်နှင့် အကြောင်းအရာများပါဝင်သော အစီရင်ခံစာတစ်စောင်ကို တရားရုံးသို့တင်ပြစေရန် ညွှန်ကြားနိုင်သည်။

အခန်း(၅)

နောက်ဆက်တွဲ အကျိုးဆက်များ

စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များ

၁၇၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ပြီးနောက်-

(က) ကုမ္ပဏီအားဖျက်သိမ်းပြီးသည်အထိ ကုမ္ပဏီ၏အခြေအနေနှင့် လုပ်ပိုင်ခွင့်တို့သည် ဆက်လက်တည်ရှိသည်။

(ခ) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေသည့် လိုအပ်သမျှသော လုပ်ငန်းဆောင်ရွက်မှုမှတစ်ပါး ကျန်သည့်လုပ်ငန်းဆောင်ရွက်ချက် အရပ်ရပ်တို့ကို ရပ်စဲရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သဘောတူခွင့်ပြုထားသည်မှတစ်ပါး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပါက ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတွင် သဘောတူခွင့်ပြုထားသည်မှတစ်ပါး ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များသည် ရပ်စဲသွားစေရမည်။

(ဃ) ကုမ္ပဏီ သို့မဟုတ် ယင်း၏ပစ္စည်းနှင့်စပ်လျဉ်း၍ တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် တရားရုံးကသတ်မှတ်သည့် စည်းကမ်းသတ်မှတ်ချက်များအရမှတစ်ပါး မည်သည့်အရေးယူဆောင်ရွက်မှု သို့မဟုတ် လျှောက်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုမျှဆောင်ရွက်ခြင်း သို့မဟုတ် စတင်ခြင်းမပြုရ။

(င) တရားရုံး၏အမိန့်ဖြင့် ဆောင်ရွက်သည်မှတစ်ပါး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအား စီမံခန့်ခွဲဆောင်ရွက်ချက်များသည် ပျက်ပြယ်စေရမည်။

(စ) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ပြီးနောက်မှ ကုမ္ပဏီ သို့မဟုတ် ယင်း၏ပိုင်ဆိုင်မှုတို့အား ဝရမ်းစွဲကပ်ခြင်း၊ ပိုင်ဆိုင်မှုကိုသိမ်းယူခြင်း၊ ပစ္စည်းကို ဝရမ်းဖမ်းယူသိမ်းဆည်းခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းဟူသမျှသည် ပျက်ပြယ်စေရမည်။

(ဆ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ပြီးနောက်မှ ပြုလုပ်သည့် အစုရှယ်ယာလွှဲပြောင်းမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ လွှဲပြောင်းခြင်းမဟုတ်လျှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် ပြုလုပ်သော လွှဲပြောင်းမှုမျိုးမဟုတ်လျှင် ထိုအစုရှယ်ယာ လွှဲပြောင်းမှုနှင့် ထိုသို့လွှဲပြောင်းမှုကြောင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ အခြေအနေ အဆင့်အတန်းအား ပြောင်းလဲမှုဟူသမျှသည် ပျက်ပြယ်စေရမည်။

ဤပုဒ်မ ပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အာမခံအကျိုးခံစားခွင့်များကို ထိခိုက်ခြင်း မရှိစေရ။

ကုမ္ပဏီပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်း

၁၇၃။ စာရင်းရှင်းလင်းဖျက်သိမ်းရန်အမိန့်ချမှတ်ပြီးနောက် သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်ထားပြီးနောက်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီပိုင်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ရန် အလားအလာရှိသည့် ပစ္စည်းများအားလုံးကို ၎င်း၏ထိန်းသိမ်းမှုအောက် သို့မဟုတ် ကြီးကြပ်မှုအောက်တွင် ထားရှိရမည်။

ကုမ္ပဏီပိုင်ပစ္စည်းများသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားခြင်း

၁၇၄။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လျှောက်ထားလျှင် တရားရုံးသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ၎င်း၏ကိုယ်စား ယုံမှတ်အပ်နှံခံရသူက ထိန်းသိမ်းထားသည့် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရာထူးအလျောက်အမည်ဖြင့် ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားစေရန် အမိန့်ချနိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

အတည်ပြုခြင်းနှင့် ဝရမ်းစွဲကပ်ခြင်း၏ အကျိုးသက်ရောက်မှု

၁၇၅။ (က) မြီရှင်က ကုမ္ပဏီ၏မြေနှင့်ကုန်ပစ္စည်းများအပေါ် ဒီကရီကိုအတည်ပြုရာတွင်သော်လည်းကောင်း၊ ၎င်းမြီရှင်အား ပေးရန်ရှိသည့် ကြွေးမြီတစ်ရပ်အရ ဝရမ်းစွဲကပ်ပြီးနောက် အတည်ပြုဆောင်ရွက်ရာတွင်သော်လည်းကောင်း ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိုစတင်ပြီး မြီရှင်သည် ထိုသို့မစတင်မီ ဒီကရီ အတည်ပြုခြင်း သို့မဟုတ် ဝရမ်းစွဲကပ်ခြင်းကို ပြီးဆုံးအောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အဆိုပါဒီကရီအကောင်အထည်ဖော်ဆောင်ရွက်ခြင်း သို့တည်းမဟုတ် ဝရမ်းစွဲကပ်ခြင်း၏ အကျိုးအမြတ်ကို မြီရှင်က ရရှိခံစားပိုင်ခွင့်မရှိစေရ။

(ခ) သို့ရာတွင်-

(၁) မြီရှင်သည် ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကို အဆိုပြုရန်အတွက် ဆုံးဖြတ်ချက်ပြုလုပ်ရန် ခေါ်ယူသည့် အစည်းအဝေး၏ အကြောင်းကြားစာကိုရပြီးဖြစ်လျှင် ပုဒ်မခွဲ (က) ၏ ရည်ရွယ်ချက်အလို့ငှာ ဖျက်သိမ်းမှုစတင်သည့်ရက်အတွက် မြီရှင်က အကြောင်းကြားစာရရှိခဲ့သည့်ရက်ကို အစားထိုးရမည်၊

(၂) ဒီကရီအတည်ပြုသူအရာရှိက ကုမ္ပဏီ၏ကုန်ပစ္စည်းတစ်ခုခုအား ရောင်းချသည်ကို သဘောရိုးဖြင့် ဝယ်ယူမိသူသည် ယင်းပစ္စည်းနှင့်စပ်လျဉ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဆန့်ကျင်၍ ခိုင်မာသော ပိုင်ဆိုင်ခွင့်ကို ရရှိစေနိုင်သည်၊

(၃) မြီရှင်အားအနိုင်ပေးသည့် ဒီကရီနှင့်စပ်လျဉ်း၍ တရားရုံးသည် သင့်သည်ထင်သည့် အတိုင်းအတာနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ပုဒ်မခွဲ (က) အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အပ်နှင်းထားသည့် အခွင့်အရေးများကို ပယ်ဖျက်နိုင်သည်၊

(၄) ဒီကရီအရ မြီရှင်ရရှိသည့်အကျိုးအမြတ်အား ပုဒ်မ ၃၆၁ ပါ ပြဋ္ဌာန်းချက်အရ ပယ်ဖျက်နိုင်သည်။

(ဂ) ဤဥပဒေ၏ ပြဋ္ဌာန်းချက်အလို့ငှာ-

(၁) ကုန်ပစ္စည်းများအပေါ် အတည်ပြုဆောင်ရွက်ခြင်းအား သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချခြင်းဖြင့် ပြီးဆုံးသည်၊

(၂) ကြွေးမြီကို ဝရမ်းစွဲကပ်ခြင်းသည် ကြွေးမြီရရှိသည့်အခါ ပြီးဆုံးသည်၊

(၃) မြေအပေါ် အတည်ပြုဆောင်ရွက်ခြင်းသည် သိမ်းယူခြင်း သို့မဟုတ် ပစ္စည်းထိန်း ခန့်အပ်ခြင်းပြုလုပ်ချိန်တွင် ပြီးဆုံးသည်။

တရားရုံးအမိန့်အရ သို့မဟုတ် အခြားလုပ်ထုံးလုပ်နည်းအရ အတည်ပြုဆောင်ရွက်သူ အရာရှိ၏တာဝန်များ

၁၇၆။ ကုမ္ပဏီ၏ ကုန်ပစ္စည်းများကို ဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် သိမ်းဆည်းရယူထားပြီး ယင်းတို့အားမရောင်းချမီ သို့မဟုတ် အတည်ပြုဆောင်ရွက်မှုမပြီးဆုံးမီ ဒီကရီအတည်ပြုသူအရာရှိထံသို့ ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ပြီးကြောင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီးကြောင်း သို့မဟုတ် ဆန္ဒအလျောက်ဖျက်သိမ်းခြင်းပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်ပြီးကြောင်း အကြောင်းကြားစာအား ဆင့်ဆိုအတည်ပြုပြီးပါက အောက်ပါတို့သည် သက်ဆိုင်စေရမည်-

(က) ဒီကရီအတည်ပြုသူအရာရှိသည် လိုအပ်သည့်အခါ ဒီကရီအတည်ပြု ဆောင်ရွက်ရန်အတွက် သိမ်းဆည်းရယူထားသည့် ကုန်ပစ္စည်းနှင့် သိမ်းဆည်းရမိသည့် သို့မဟုတ် လက်ခံရရှိသည့် ငွေကြေးတစ်စုံတစ်ရာကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးအပ်ရမည်၊

(ခ) ပုဒ်မခွဲ(က)အရ ကုန်ပစ္စည်းနှင့် ငွေကြေးများအပေါ် ဒီကရီအတည်ပြုဆောင်ရွက်ရာ၌ ဒီကရီအတည်ပြုသူအရာရှိက ကုန်ကျခဲ့သည့်ငွေကြေးအား ရယူနိုင်ရန်အတွက် ပုဒ်မခွဲ(က) အရ လက်ခံရရှိသည့် ကုန်ပစ္စည်းနှင့် ငွေကြေးအပေါ်တွင် အာမခံအကျိုးခံစားခွင့်များရရှိမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါကုန်ကျခဲ့သည့် ငွေကြေးအား ပေးချေနိုင်စေရန်အတွက် ကုန်ပစ္စည်းများ သို့မဟုတ် ယင်း၏ လုံလောက်သောအပိုင်းကို ရောင်းချနိုင်သည်၊

(ဂ) မြီရှင်အားအနိုင်ပေးသည့် ဒီကရီနှင့်စပ်လျဉ်း၍ တရားရုံးသည် သင့်သည်ထင်သည့်အတိုင်းအတာနှင့် စည်းကမ်းချက်များ သတ်မှတ်ကာ ဤပုဒ်မအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား အပ်နှင်းထားသည့် အခွင့်အရေးများကို ပယ်ဖျက်နိုင်သည်။

အခန်း(၆)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်များ

၁၇၇။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အဓိကကျသည့် တာဝန်များမှာ ကုမ္ပဏီက ရပိုင်ခွင့်ရှိသည့် သို့မဟုတ် ရပိုင်ခွင့်ရှိနိုင်သည့် ပစ္စည်းများအားလုံးကို ၎င်း၏အုပ်ထိန်းမှု သို့မဟုတ် ၎င်း၏ ထိန်းချုပ်မှုအောက်သို့ရောက်ရှိရန် တတ်စွမ်းသမျှ ဆောလျင်စွာ ဆောင်ရွက်ကာ ကုမ္ပဏီ၏ မြီရှင်များကို ခွဲဝေပေးပြီးနောက် ပိုလျှံပါက ရပိုင်ခွင့်ရှိသူများအား ခွဲဝေပေးရန်ဖြစ်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဤဥပဒေအရ သတ်မှတ်သည့် ကန့်သတ်ချက်ဘောင်အတွင်း ကုမ္ပဏီ၏ ပိုင်ဆိုင်သည့်ပစ္စည်းများ စီမံခန့်ခွဲမှုနှင့် ယင်းတို့ကို မြီရှင်များအကြား ခွဲဝေပေးမှုကို ၎င်း၏ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆန္ဒများကို ဖြည့်ဆည်းရန်ရည်ရွယ်၍ အထွေထွေအစည်းအဝေးများကို ဆင့်ခေါ်နိုင်သည်။ ထို့အပြင် မြီရှင်များမှ ညွှန်ကြားလျှင်ဖြစ်စေ ကြွေးမြီတန်ဖိုး၏ ဆယ်ပုံတစ်ပုံထက်မနည်းကို ပိုင်ဆိုင်သော မြီရှင်များက ထိုသို့ဆောင်ရွက်ရန် စာဖြင့်ရေးသားတောင်းဆိုလျှင်ဖြစ်စေ အစည်းအဝေးခေါ်ယူပေးရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတွင် တာဝန်ရှိသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စုံစမ်းစစ်ဆေးခြင်း

၁၇၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို စုံစမ်းစစ်ဆေးရန် တာဝန်ရှိပြီး ၎င်းက သင့်သည်ထင်မြင်လျှင် မှတ်ပုံတင်အရာရှိထံ အစီရင်ခံစာတင်ပြနိုင်သည်-

(၁) ကုမ္ပဏီက မအောင်မြင်လျှင် မအောင်မြင်သည့် အကြောင်းများ၊

(၂) ယေဘုယျအားဖြင့် ကုမ္ပဏီအားစတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်သည့်ကိစ္စရပ်များနှင့် ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များ။

စာမျက်နှာ ၈ သို့ ❍

❍ စာမျက်နှာ ၁ မှ

(ခ) စုံစမ်းစစ်ဆေးမှု၏ အတိုင်းအတာသည် ထိုစုံစမ်းစစ်ဆေးမှုအတွက် ကုမ္ပဏီက ငွေကြေးကုန်ကျခံနိုင်မှု၊ မြီရှင်များ၏ငွေကြေးပြန်လည်ရရှိနိုင်မှုအပေါ် ထိုကုန်ကျစရိတ်၏သက်ရောက်မှု အလားအလာနှင့် အကျင့်သိက္ခာပျက်ပြားမှုနှင့်သက်ဆိုင်သော သက်သေခံအထောက်အထားများအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ သိရှိနားလည်မှု သို့မဟုတ် ငွေကြေးပြန်လည်ရယူနိုင်ရန် လုပ်ငန်းစဉ်များ၏ ခိုင်လုံမှုပမာဏတို့အပေါ်တွင် မူတည်စေရမည်။

(ဂ) အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည့် အချက်အလက်များသည် မည်သည့်စစ်ဆေးစီရင် ဆောင်ရွက်မှုလုပ်ငန်းစဉ်တွင်မဆို ဦးစွာအမြင်အားဖြင့် ခိုင်မာသည့် သက်သေခံချက်ဖြစ်သည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အထွေထွေလုပ်ပိုင်ခွင့်များ

၁၇၉။ (က) ဤပုဒ်မနှင့်မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ကုမ္ပဏီကို အကျိုးရှိစွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေး သို့မဟုတ် အကျိုးရှိစွာ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရေးအတွက် လိုအပ်သည်ဟုယူဆသည့် အတိုင်းအတာအထိ ကုမ္ပဏီ၏ လုပ်ငန်းများကို ဆက်လက်လည်ပတ်စေခြင်း၊

(၂) အခန်း (၇) ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ မည်သည့်မြီရှင် အတန်းအစားကိုမဆို အပြည့်အဝ ငွေပြန်လည်ပေးဆပ်ခြင်း၊

(၃) မြီရှင် သို့မဟုတ် မြီရှင်ဖြစ်ကြောင်း အဆိုပြုသူ သို့မဟုတ် ကုမ္ပဏီထံမှ နစ်နာကြေး တောင်းဆိုသူ သို့မဟုတ် တောင်းဆိုခွင့်ရှိသူ(ယင်းစကားရပ်တွင် လက်ရှိ သို့မဟုတ် အနာဂတ်တွင် သို့မဟုတ် သေချာသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော သို့မဟုတ် ရရှိနိုင်သည်ဟု မျှော်မှန်းသော နစ်နာကြေးများလည်း ပါဝင်သည်)က ကုမ္ပဏီသို့ တောင်းခံခြင်း သို့မဟုတ် ကုမ္ပဏီမှ ပေးဆောင်ရန် တာဝန်ရှိလာနိုင်သော ကိစ္စရပ်များကို ညှိနှိုင်းဖျန်ဖြေခြင်း သို့မဟုတ် စီမံဆောင်ရွက်ပေးခြင်း၊

(၄) တောင်းဆိုမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများနှင့် အခြားသော နစ်နာကြေးတောင်းဆိုမှုများအားလုံး (ယင်းစကားရပ်တွင် လက်ရှိ သို့မဟုတ် အနာဂတ်တွင် သို့မဟုတ် သေချာသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော သို့မဟုတ် ရရှိနိုင်သည်ဟု မျှော်မှန်းသော နစ်နာကြေးများလည်း ပါဝင်သည်)အတွက် ကုမ္ပဏီနှင့် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ သို့မဟုတ် အခြားမြီစားအကြား ညှိနှိုင်းဖျန်ဖြေပေးခြင်း၊ ကုမ္ပဏီစာရင်း ရှင်းလင်းဖျက်သိမ်းခြင်း၊ ပိုင်ဆိုင်သည့် ပစ္စည်းကို တစ်နည်းနည်းနှင့် ထိခိုက်မှုရှိစေသည့် သို့မဟုတ် ဆက်စပ်သည့် အငြင်းပွားမှုများအပေါ် ညှိနှိုင်းဖျန်ဖြေပေးခြင်းတို့အပြင် ထိုတောင်းဆိုမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများနှင့် အခြားသော နစ်နာကြေးတောင်းဆိုမှုများနှင့်စပ်လျဉ်းပြီး အပြည့်အဝ ဆောင်ရွက်ပေးခြင်း။

(ခ) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ကုမ္ပဏီကိုယ်စား တရားစွဲဆိုမှုအပေါ် ခုခံချေပခြင်း၊

(၂) ၎င်း၏ တာဝန်များကို ကူညီဆောင်ရွက်နိုင်ရန် ရှေ့နေငှားရမ်းခွင့် ရှိခြင်း၊

(၃) ကုမ္ပဏီ၏ပိုင်ဆိုင်မှုများအားလုံး သို့မဟုတ် မည်သည့်အစိတ်အပိုင်းကိုမဆို ရောင်းချခြင်း သို့မဟုတ် အခြားနည်း စီမံခန့်ခွဲခြင်း၊

(၄) ကုမ္ပဏီ၏ကိုယ်စားနှင့် ကုမ္ပဏီ၏အမည်ဖြင့် စာချုပ်စာတမ်းများ၊ ပြေစာများနှင့် အခြားစာရွက်စာတမ်းများကို လက်မှတ်ရေးထိုး ချုပ်ဆိုခြင်းနှင့် ဤကိစ္စအလို့ငှာ လိုအပ်ပါက ကုမ္ပဏီ၏ တံဆိပ်တုံးကို အသုံးပြုခြင်း၊

(၅) ကုမ္ပဏီပိုင်ပစ္စည်းကို အာမခံအပေါင်အနှံအဖြစ်ထားလျက်ဖြစ်စေ၊ မထားဘဲဖြစ်စေ လိုအပ်သည့် ချေးငွေများကို ရယူနိုင်ခြင်း၊

(၆) ကြွေးမြီဆပ်ရန်တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အခြားမြီစားထံမှ ၎င်းပေးဆပ်ရန် တာဝန်ရှိသည့် ကြွေးမြီကို ပေးဆပ်စေရန် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(၇) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ကိုယ်တိုင်မဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကိုယ်တိုင်မဆောင်ရွက်သင့်သည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်စေရန် အေးဂျင့်ခန့်အပ်ခြင်း၊

(၈) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ယင်း၏ပိုင်ဆိုင်မှုများကို ပိုင်းခြားခွဲဝေပေးရန်အလို့ငှာ ဆောင်ရွက်ရန် လိုအပ်သည့် ကုမ္ပဏီကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခြင်း။

(ဂ) တရားရုံး သို့မဟုတ် မြီရှင်များကော်မတီ သို့မဟုတ် မြီရှင်များ၏ အတည်ပြုချက်ရှိသည်မှအပ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေများတွင် သတ်မှတ်ထားသော အနည်းဆုံးပမာဏထက် ကျော်လွန်တောင်းခံလာသည့် ကြွေးမြီအတွက် စေ့စပ်ညှိနှိုင်းဖျန်ဖြေပေးခြင်း မပြုရ။

(ဃ) ပဋိညာဉ်တစ်ရပ်သည် ၆ လအတွင်း ရပ်စဲသွားနိုင်ခြင်း သို့မဟုတ် အတည်ပြု ဆောင်ရွက်နိုင်ခြင်းရှိစေကာမူ တရားရုံး၏ သို့မဟုတ် မြီရှင်များကော်မတီ၏ သို့မဟုတ် မြီရှင်များ၏ အတည်ပြုချက်ရှိလျှင်မှတစ်ပါး ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီ၏ကိုယ်စား ပဋိညာဉ်တစ်ရပ်အား ၆ လထက် ကျော်လွန်၍ ချုပ်ဆိုပေးခြင်း မပြုရ။

(င) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကျိုးကြောင်းဆီလျော်သည့် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ စာအုပ်စာတမ်းများကို စစ်ဆေးပိုင်ခွင့်ရှိသည်။

(စ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေပဲ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ၎င်း၏ကိုယ်ပိုင်ဆင်ခြင်တုံ တရားနှင့်အညီ ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များနှင့် ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲခြင်းနှင့် ပိုင်းခြားခွဲဝေခြင်း ပြုရမည်။

(ဆ) ဤဥပဒေအရအာဏာများကို ကျင့်သုံးသောစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်နေသူထံသို့ ကုမ္ပဏီပိုင်ပစ္စည်းကို ခွဲဝေပေးအပ်ခြင်းပြုလုပ်ခဲ့လျှင် မြီရှင်များကော်မတီ(ရှိလျှင်)သို့ ယင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ အသိပေးအကြောင်းကြားစာ ပေးပို့ရမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံတင်ပြရန်တာဝန်

၁၈၀။ (က) ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ပြီးနောက် တစ်နှစ်အတွင်း ဆောင်ရွက်ပြီးစီးခြင်း မရှိသေးပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ပုံစံအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊ ရောက်ရှိနေသည့် အခြေအနေတို့ပါဝင်သည့် အစီရင်ခံစာတစ်စောင် ရေးသားပြုစု၍ မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ(က)အရ အစီရင်ခံစာကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြီးဆုံးသွားသည်အထိ နှစ်စဉ် တင်ပြရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ဤပုဒ်မကို လိုက်နာရန်ပျက်ကွက်ပါက-

(၁) မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်ရမည်၊

(၂) တရားရုံးသည် ၎င်းအား သတ်မှတ်ထားသည့်ကာလအတွင်း အစီရင်ခံစာ တင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ရာထူးလစ်လပ်ခြင်း

၁၈၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်-

(က) ၎င်း၏ ရာထူးတာဝန်မှ နုတ်ထွက်နိုင်သည်၊

(ခ) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိမှု ရပ်စဲသွားချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဆောင်ရွက်ခြင်းမှ နုတ်ထွက်ရမည်၊

(ဂ) အပြီးသတ်အစည်းအဝေးကျင်းပပြီးနောက် ၎င်း၏ အစီရင်ခံစာ တင်ပြရန် တာဝန်အား ကျေနပ်လက်ခံသည်အထိ တတ်နိုင်သမျှ ဆောင်ရွက်၍ ပြီးစီးသွားချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ်မှ ဆောလျင်စွာ နုတ်ထွက်ရမည်၊

(ဃ) သေဆုံးလျှင် ရာထူးတာဝန်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း

၁၈၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ရာထူးမှထုတ်ပယ်ပြီး အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် အခြားသူအား အစားထိုးခန့်အပ်နိုင်သည်-

(က) ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ဤကိစ္စအလို့ငှာ အထွေထွေအစည်းအဝေး ကျင်းပပြီး ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်း၊

(ခ) မြီရှင်များ၏ဆန္ဒအလျောက် သို့မဟုတ် တရားရုံး၏အမိန့်အရ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းဖြစ်ပါက နည်းလမ်းတကျကျင်းပသည့် မြီရှင်များ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊

(ဂ) မည်သည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်မဆို ထိုသို့ထုတ်ပယ်ရန်အကြောင်း သက်သေထင်ရှားပြနိုင်၍ တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်း။

လစ်လပ်နေသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ရာထူးဖြည့်စွက်ခန့်ထားခြင်း

၁၈၃။ လစ်လပ်နေသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ ရာထူးကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြည့်စွက်ခန့်ထားနိုင်သည်-

(က) ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ဤကိစ္စအလို့ငှာ အထွေထွေအစည်းအဝေးကျင်းပပြီး ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်း၊

(ခ) မြီရှင်များ၏ဆန္ဒအလျောက် သို့မဟုတ် တရားရုံး၏အမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ ကျင်းပသော မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊

(ဂ) မည်သည့်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်မဆို တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်း၊

(ဃ) တစ်ဦးထက်ပိုသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများရှိသည့်အနက် တစ်ဦးမှ နုတ်ထွက်ခြင်းဖြစ်ပါက ကျန်ရှိသူ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများ၏ဆန္ဒအရ အစားထိုးခန့်အပ်ခြင်း။

ကုမ္ပဏီက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်မှုမပြုခြင်း သို့မဟုတ် အမည်စာရင်း မတင်ပြခြင်း

၁၈၄။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစဉ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ခြင်းမပြုရသေးလျှင် သို့မဟုတ် မည်သူကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဆောင်ရွက်နေခြင်းမရှိလျှင် ဒါရိုက်တာများသည် ၎င်းတို့၏ အခွင့်အာဏာကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျင့်သုံးနိုင်သည်။

(ခ) သို့ရာတွင် ဒါရိုက်တာများသည် အောက်ပါကန့်သတ်ထားသော ရည်ရွယ်ချက်များတွင် တရားရုံး၏ ခွင့်ပြုချက်မပါသော်လည်း ကျင့်သုံးနိုင်သည်-

(၁) မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ပုဒ်မ ၁၅၆ (မြီရှင်များအစည်းအဝေး)၊ ပုဒ်မ ၁၅၇ (ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ကြေညာချက်)တို့နှင့် ကိုက်ညီမှုရှိသည့် အတိုင်းအတာအထိ လိုက်နာဆောင်ရွက်ရန်၊

(၂) ပျက်စီးလွယ်သည့် ကုန်ပစ္စည်းများအား စီမံခန့်ခွဲဆောင်ရွက်ရန်၊

(၃) ကုမ္ပဏီပိုင်ပစ္စည်းများကို ကာကွယ်ရန်အတွက် လိုအပ်သည့်ကိစ္စရပ်များ ဆောင်ရွက်ရန်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တာဝန်မှ စွန့်လွှတ်ခြင်း

၁၈၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏တာဝန်မှ ရပ်စဲသွားသည့်အခါဖြစ်စေ၊ နောက်ဆုံးအပြီးသတ်ခွဲဝေခြင်း (ရှိလျှင်) ပြီးစီး၍ အပြီးသတ်အစည်းအဝေးကို ကျင်းပပြီးစီးသွားလျှင်ဖြစ်စေ ကုမ္ပဏီနှင့်စပ်လျဉ်း၍ မိမိ၏တာဝန်ရှိမှုများမှ စွန့်လွှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲရာတွင် နည်းလမ်းတကျ ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ကျင့်ဝတ်ကို လိုက်နာခဲ့ခြင်း ရှိ မရှိကို ထည့်သွင်းစဉ်းစားရမည်။ သို့ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် ပြုမူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍-

(၁) အရေးကြီးသည့် အချက်အလက်များကို လိမ်လည်လှည့်ဖြားခြင်းရှိခဲ့ကြောင်း သို့မဟုတ် ဖျောက်ဖျက်ခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းရှိခဲ့ကြောင်း သက်သေထင်ရှားပါက ထိုခွင့်ပြုခဲ့သည့်အမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်၊

(၂) ပုဒ်မ ၂၁၇ အရ အရေးယူခြင်းကို မထိခိုက်စေရ။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်အား တရားရုံးသို့ လျှောက်ထားခြင်း

၁၈၆။ တစ်ဦးတစ်ယောက်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာခဲ့လျှင် ထိုသူသည် တရားရုံးသို့လျှောက်ထားနိုင်ပြီး တရားရုံးမှ ကြားနာပြီးနောက် ထိုဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

ခန့်အပ်ထားမှုကို အကျိုးသက်ရောက်စေသည့် လာဘ်ပေးလာဘ်ယူပြုရန် ဖြားယောင်းခြင်း

၁၈၇။ တစ်ဦးတစ်ယောက်သည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် မြီရှင်တစ်ဦးဦးအား တန်ဖိုးရှိသော အဖိုးစားနားတစ်ခုခုကို အောက်ပါတို့အတွက် ပေးလျှင် သို့မဟုတ် ပေးရန် သဘောတူညီလျှင် သို့မဟုတ် ပေးရန် ကမ်းလှမ်းလျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်နှစ်ဆယ့်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်-

(က) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ၎င်းအား ခန့်အပ်စေရန် သို့မဟုတ် အမည်စာရင်းတင်သွင်းစေရန် သို့မဟုတ်

(ခ) အခြားသူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်စေရန် သို့မဟုတ် ထိုသူအား အမည်စာရင်းတင်သွင်းစေရန် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းပေးခြင်းအား ပိတ်ပင်တားဆီးရန်။

အခန်း(၇)

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေကြောင်း အသိပေးကြေညာခြင်း

၁၈၈။ (က) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေပါက အောက်ပါကိစ္စရပ်များ၌ ထိုသို့ ဆောင်ရွက်နေကြောင်း ဖော်ပြပါရှိရမည်-

(၁) ကုမ္ပဏီ၊ ကုမ္ပဏီကိုယ်စား သို့မဟုတ် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ကုမ္ပဏီပိုင်ပစ္စည်းများကို စီမံခန့်ခွဲသူ သို့မဟုတ် ပစ္စည်းထိန်းတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ၊

(၂) ကုမ္ပဏီ၏ဝက်ဘ်ဆိုက်များ။

(ခ) ပုဒ်မခွဲ(က)အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ ဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုသည်။

စာမျက်နှာ ဃ သို့ ❍

❍ စာမျက်နှာ ၈ မှ

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သည့် သို့မဟုတ် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် ကုမ္ပဏီအရာရှိ၊ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ ကုမ္ပဏီပိုင်ပစ္စည်းများကို စီမံခန့်ခွဲသူ သို့မဟုတ် ပစ္စည်းထိန်းအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်

၁၈၉။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ပြီးနောက် ၎င်းသည် ကုမ္ပဏီကိစ္စများနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များအား ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံပေးပို့ရန်အတွက် စာဖြင့်အကြောင်းကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)နှင့်စပ်လျဉ်း၍ နည်းဥပဒေများတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည်-

(၁) စာဖြင့်ရေးသားသောအကြောင်းကြားစာ၏ပုံစံ၊

(၂) ဆက်နွယ်သည့်ပုဂ္ဂိုလ်များ၊

(၃) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်၏ပုံစံနှင့် ယင်းပုံစံတွင်ပါရှိရမည့် အချက်များ။

(ဂ) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ တင်ပြရန်တာဝန်ရှိသူသည် စာဖြင့်ရေးသားပေးပို့သည့် အကြောင်းကြားစာကို ရရှိသည့်နေ့မှ ၂၁ ရက်အတွင်း ထိုထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) မည်သူမဆို ဤပုဒ်မပါ တာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

မြီရှင်များကော်မတီအား ဖွဲ့စည်းခြင်း

၁၉၀။ (က) မည်သည့်မြီရှင်များအစည်းအဝေးတွင်မဆို မြီရှင်များက သင့်သည်ထင်မြင်လျှင် ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကို ကျင့်သုံးရန်ဖြစ်စေ၊ ဤဥပဒေအရ ဆောင်ရွက်ရမည်တို့ကို ဆောင်ရွက်နိုင်ရန်ဖြစ်စေ မြီရှင်များကော်မတီကို ဖွဲ့စည်းနိုင်သည်။

(ခ) နည်းဥပဒေများတွင် ကော်မတီအတွက်ဖြစ်စေ၊ ကော်မတီနှင့်ဆက်စပ်လျက်ဖြစ်စေ မြီရှင်များကော်မတီဖွဲ့စည်းမှု၊ ကော်မတီအစည်းအဝေးကျင်းပခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် မဲပေးပုံတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းနိုင်သည့်အပြင် ကော်မတီ၏ နောက်ထပ်လုပ်ငန်းတာဝန်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

မြီရှင်များက စာအုပ်စာတမ်းများကိုကြည့်ရှုစစ်ဆေးခြင်း

၁၉၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီးသည့် မည်သည့်အချိန်တွင်မဆို မြီရှင်နှင့် ကြွေးမြီဆပ်ရန်တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသော စာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်းမရှိစေရ-

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

တရားရုံးသို့ လျှောက်ထားခြင်း

၁၉၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏ လမ်းညွှန်ချက်ရယူရန် လျှောက်ထားနိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူ တစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှ ပေါ်ထွက်လာသည့် ပြဿနာတစ်ရပ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ထိုပြဿနာအပေါ် လမ်းညွှန်ချက်ပေးလျှင် သို့မဟုတ် ပြဿနာကိုဆုံးဖြတ်ပေးလျှင် တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ကျေနပ်ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း စည်းကမ်းသတ်မှတ်ချက်များသတ်မှတ်၍ လျှောက်ထားချက် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည် ထင်မြင်သည့် အမိန့်ချမှတ်နိုင်သည်။

တရားရုံး၏ ထပ်ဆင့်အာဏာများ

၁၉၃။ ဤဥပဒေအရ တရားရုံးအား အပ်နှင်းထားသည့် အခွင့်အာဏာများသည် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီစားတို့အား တရားစွဲဆိုရန် အခွင့်အာဏာတစ်ခုခုကို ကန့်သတ်ခြင်း မဟုတ်ဘဲ ဖြည့်စွက်ခြင်းသာဖြစ်သည်။

ခွဲဝေရမည့် ဦးစားပေးအစီအစဉ်များ

ကြွေးမြီဦးစားပေးအဆင့်တူညီခြင်း

၁၉၄။ ဤဥပဒေအရ အခြားကြွေးမြီဦးစားပေးအစီအစဉ် သတ်မှတ်ထားခြင်းမှအပ ကုမ္ပဏီစာရင်း ရှင်းလင်းဖျက်သိမ်းခြင်းတွင် သက်သေထင်ရှားပြသပြီး ကြွေးမြီများနှင့် တောင်းခံမှုများသည် တူညီသောအဆင့်ရှိသည်။ ကုမ္ပဏီတွင် အပြည့်အဝပေးချေရန်အတွက် လုံလောက်သော ပိုင်ဆိုင်မှုမရှိလျှင် အချိုးကျ ခွဲဝေပေးရမည်။

ကုမ္ပဏီပိုင်ပစ္စည်းများ ခွဲဝေပေးခြင်း

၁၉၅။ ဤအပိုင်းအရ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ကုမ္ပဏီပိုင်ပစ္စည်းများကို အောက်ပါအတိုင်း ခွဲဝေရမည်-

(က) သက်ဆိုင်ရာအခန်းတွင် ပြဋ္ဌာန်းထားသော ဦးစားပေးတောင်းခံမှုများကို ကနဦးပေးချေခြင်း၊

(ခ) ဒုတိယအနေဖြင့် ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ကုမ္ပဏီကပေးရန်ရှိသည့် ကြွေးမြီများကို ဦးစားပေးအဆင့်တူညီစွာခွဲဝေပေးခြင်း၊

(ဂ) တတိယအနေဖြင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အခြားနည်းဖော်ပြထားခြင်းမရှိလျှင် ကုမ္ပဏီတွင်ပါဝင်သူများအကြား ၎င်းတို့၏ အခွင့်အရေးများနှင့် အကျိုးအမြတ်များအရ ခွဲဝေပေးခြင်း။

ဦးစားပေးတောင်းခံမှုများကို ပေးချေခြင်း

၁၉၆။ (က) ဤပုဒ်မတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) **လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏စရိတ်များ** ဆိုသည်မှာ ၎င်းက စနစ်တကျကျခံခဲ့ရသော ကုန်ကျစရိတ်များကိုဆိုသည်။

(၂) **လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ အခကြေးငွေ** ဆိုသည်မှာ ၎င်းရပိုင်ခွင့်ရှိသော လုပ်အားခငွေများကို ဆိုသည်။

(၃) **သက်ဆိုင်သော ဝန်ထမ်း** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များမှအပ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီကာလတွင် ထိုကုမ္ပဏီ၏ ဝန်ထမ်းများကို ဆိုသည်-

(ကက) ဒါရိုက်တာ၊

(ခခ) ယခင်ဒါရိုက်တာ။ (ယခင်ဒါရိုက်တာ ဆိုသည်မှာ ဒါရိုက်တာရာထူးမှ ရပ်စဲသွားချိန်မတိုင်မီအထိ ကုမ္ပဏီ၏ ဒါရိုက်တာ တာဝန်ထမ်းဆောင်ခဲ့သူ)

(၄) **ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြွေးမြီများ** ဆိုသည်မှာ အပိုင်း(၅)လုပ်ငန်းစဉ် သို့မဟုတ် အပိုင်း(၆) လုပ်ငန်းစဉ်မှ ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသွားသည့် ကုမ္ပဏီတစ်ခုက ထိုလုပ်ငန်းစဉ်တစ်လျှောက် ကုန်ကျခဲ့ပြီး ပေးချေခဲ့ခြင်းမရှိသော ကြွေးမြီတို့ကို ဆိုလိုသည်။

(၅) **ကုမ္ပဏီနှင့် သက်ဆိုင်သည့်လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကိုဆိုသည်-

(ကက) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊

(ခခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အချိန်၌ ကုမ္ပဏီသည် အပိုင်း(၅)အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင် ယင်း၏ ပြန်လည်ထူထောင်ရေးမန်နေဂျာ၊

(ဂဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အချိန်၌ ကုမ္ပဏီသည် အပိုင်း(၆)အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင် ယင်း၏ ပြန်လည်ထူထောင်ရေးအကြံပေး။

(၆) **သက်ဆိုင်ရာဝန်ထမ်းများ၏ ရပိုင်ခွင့်** ဆိုသည်မှာ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသော အမျိုးအစားများတွင် အကျုံးဝင်ပြီး ထိုရပိုင်ခွင့်များအား အပိုင်း(၅) သို့မဟုတ် အပိုင်း(၆)အရ ဆောင်ရွက်ခဲ့သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွင်း ပေးချေခဲ့ခြင်းမရှိလျှင် ထိုရပိုင်ခွင့်များကိုလည်း ဆက်စပ်သော ဦးစားပေးအစဉ်တွင် ထည့်သွင်းရခြင်းကို ဆိုသည်။

(ခ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အောက်ဖော်ပြပါ ကြွေးမြီနှင့်တောင်းခံမှုများကို ကုမ္ပဏီ၏ပေးရန်ရှိသော အာမခံအကျိုးခံစားခွင့်မရရှိသည့် ကြွေးမြီ သို့မဟုတ် တောင်းခံမှုများထက် ဦးစားပေးလျက် အောက်ပါအစဉ်အတိုင်း ပေးချေရမည်-

(၁) ဦးစွာ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ ကုန်ကျစရိတ်များ၊

(၂) ထို့နောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို တရားရုံးမှ ခန့်အပ်ခဲ့ခြင်းဖြစ်ပါက ထိုအမိန့်ရရှိရန် လျှောက်ထားခြင်းအတွက် ကုန်ကျခဲ့သော တရားရုံးစရိတ်များ၊

(၃) ထို့နောက် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ ဝန်ဆောင်စရိတ်၊

(၄) ထို့နောက် ကုမ္ပဏီမှ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ အလုပ်လုပ်ကိုင်ခဲ့သော သက်ဆိုင်သည့် ဝန်ထမ်းများအား ပေးရန်ရှိသည့် လုပ်အားခနှင့် လစာများ သို့မဟုတ် အခြားသော ဝန်ဆောင်စရိတ်များ၊

(၅) ထို့နောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ အလုပ်လုပ်ကိုင်ခဲ့သော သက်ဆိုင်သည့် ဝန်ထမ်းများအား ပေးရန်ရှိသည့် ခွင့်ရက်ဆိုင်ရာ ရပိုင်ခွင့်များ၊

(၆) ထို့နောက် သက်ဆိုင်သောဝန်ထမ်းများအား ပေးရန်ရှိသည့် အလုပ်မှရပ်နားခြင်းဆိုင်ရာ ရပိုင်ခွင့်များ၊

(၇) ထို့နောက် သက်ဆိုင်သောဝန်ထမ်းများအား ပေးရန်ရှိသည့် လုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှုတို့နှင့် စပ်လျဉ်းသည့် လျော်ကြေးငွေများ၊

(၈) ထို့နောက် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြွေးမြီများ၊

(၉) ထို့နောက် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အခြားသော ကြွေးမြီများ။

(ဂ) ပုဒ်မခွဲ(ခ)တွင် ရည်ညွှန်းထားသော ကြွေးမြီများအနက် အတန်းအစားတူညီသော ကြွေးမြီများသည် ဦးစားပေးအဆင့်တူညီပြီး ကုမ္ပဏီတွင်ပေးချေရန်အတွက် လုံလောက်သော ပိုင်ဆိုင်မှုမရှိသည်မှအပ အပြည့်အဝပေးချေရမည်။ လုံလောက်မှုမရှိလျှင် အချိုးကျ ခွဲဝေပေးမည်။

ကြွေးမြီများအပေါ် တင်ရှိသည့်အတိုး

၁၉၇။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် သက်သေထင်ရှားပြသထားသည့် ကြွေးမြီများကို ပေးဆပ်ပြီးနောက် ကျန်ရှိသည့် ပိုငွေ တစ်ရပ်ရပ်ကို ကုမ္ပဏီသည် အခြားသောကိစ္စ တစ်ခုခုအတွက် အသုံးပြုခြင်းမပြုမီ စာရင်းရှင်းလင်းဖျက်သိမ်းမှုစတင်ခဲ့သည့် ကာလများအတွင်း ထိုသက်သေထင်ရှားပြသထားသည့် ကြွေးမြီအတွက် တင်ရှိနေသည့်အတိုးကို ပေးဆပ်ရမည်။

(ခ) ဤပုဒ်မပါ အတိုးအား အဆင့်အတန်းသတ်မှတ်ရာတွင် မူရင်းကြွေးမြီများသည် ဦးစားပေးအဆင့်အတန်းတူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ အတိုးငွေအား ဦးစားပေးအဆင့်အတန်း တူညီစွာသတ်မှတ်ရမည်။

(ဂ) ကြွေးမြီတစ်ခုခုနှင့်စပ်လျဉ်း၍ ဤပုဒ်မအရ ပေးရမည့်အတိုးနှုန်းသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှလွဲ၍ ယင်းကြွေးမြီအတွက် သတ်မှတ်သည့် အတိုးနှုန်းဖြစ်သည်။ ထိုသို့သတ်မှတ်ချက်မရှိပါက နည်းဥပဒေများတွင် သတ်မှတ်ထားသည့် အတိုးနှုန်းဖြစ်သည်။

ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်း

၁၉၈။ (က) ဤပုဒ်မပါ ကြွေးမြီအဆင့်သီးခြားသတ်မှတ်ခြင်း ဆိုသည်မှာ မြီရှင်၏သဘောတူညီချက်အရ ကုမ္ပဏီကပေးဆပ်ရမည့် သတ်မှတ်ကြွေးမြီတစ်ရပ် သို့မဟုတ် ယင်းကြွေးမြီ၏ အစိတ်အပိုင်း တစ်ရပ်ရပ်ကို သတ်မှတ်အတိုင်းအတာတစ်ခုအထိ ပေးဆပ်ပြီးမှသာလျှင် အခြားသောကြွေးမြီတို့အား ပေးဆပ်စေခြင်းကိုဆိုသည်။

(ခ) ပုဒ်မခွဲ (က) အရ မြီရှင်တစ်ဦး၏ ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်းကြောင့် ထိုသဘောတူညီချက်တွင် ပါဝင်ခြင်းမရှိသည့် သို့မဟုတ် ထိုသဘောတူညီချက်နှင့် သက်ဆိုင်ခြင်းမရှိသည့် မြီရှင်အား နစ်နာခြင်းဖြစ်စေသည့် အတိုင်းအတာမှတစ်ပါး ဤအပိုင်းတွင်ပါဝင်သည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ ထိုသို့ ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

အာမခံပဋိညာဉ်စာချုပ်များမှ ရရှိငွေများကို လျှောက်ထားခြင်း

၁၉၉။ (က) ကုမ္ပဏီသည်တတိယပုဂ္ဂိုလ်အတွက်သူတစ်ပါးထိခိုက်မှုအာမခံကို အာမခံကုမ္ပဏီနှင့် အာမခံစာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ကုမ္ပဏီကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖြစ်စေ၊ အာမခံကုမ္ပဏီမှပေးလျော်သည့် အာမခံကြေးကို လက်ခံရရှိပါက ထိုအာမခံကြေးကို ရရှိနိုင်ရန်အတွက် ကုန်ကျခဲ့သော ကုန်ကျစရိတ်ကို နုတ်ပယ်လျက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါထိခိုက်နစ်နာသည့် တတိယပုဂ္ဂိုလ်ထံပေးရန် တာဝန်များအား ပုဒ်မ ၁၉၆ ပါ အခြားကြွေးမြီများထက် ဦးစားပေး၍ ပေးချေရမည်။

(ခ) အာမခံကုမ္ပဏီက ကုမ္ပဏီသို့ပေးရန် တာဝန်ရှိသော လျော်ကြေးပမာဏသည် ကုမ္ပဏီက ထိခိုက်နစ်နာသည့် တတိယပုဂ္ဂိုလ်ထံပေးရန် တာဝန်ရှိသည့်ပမာဏထက် လျော့နည်းနေပါက ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ထိုတတိယပုဂ္ဂိုလ်မှရရန်ကျန်ရှိသည့် ငွေအား ရပိုင်ခွင့်အခွင့်အရေးကို ပိတ်ပင်ခြင်းမရှိစေရ။

ကြွေးမြီနှင့် တောင်းဆိုမှုများကို စီရင်ခြင်း

သက်သေခံအထောက်အထားပြသရန် ခွင့်ပြုသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုများ

၂၀၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းမှုတိုင်းတွင် ကုမ္ပဏီစာရင်း ရှင်းလင်းဖျက်သိမ်းမှုစတင်ခြင်းမပြုမီ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကုမ္ပဏီကပေးဆပ်ရန်ရှိသည့် ကြွေးမြီများနှင့် တောင်းဆိုမှုများသည် လက်ရှိ သို့မဟုတ် အနာဂတ်အတွက် ဖြစ်သည်၊ တိကျသေချာမှုရှိသည် မရှိသည်၊ စုံစမ်းပေါ်ပေါက်သည် သို့မဟုတ် နစ်နာကြေးအတွက် ခိုင်လုံသော အနေအထားရှိသည် စသည်တို့ကို သက်သေခံအထောက်အထားအဖြစ် တင်ပြရန် ခွင့်ပြုနိုင်သည်။

(ခ) ကုမ္ပဏီကပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် ကုမ္ပဏီအပေါ် တောင်းဆိုမှုများသည် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ချိန် သို့မဟုတ် စတင်ပြီးနောက်ပိုင်းမှ ပေါ်ပေါက်လျှင် ဖျက်သိမ်းမှုပြုနေသည့် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို သက်သေခံအထောက်အထားအဖြစ် အောက်ပါအခြေအနေများတွင် တင်ပြခွင့်ပြုနိုင်သည်-

(၁) ပြန်လည်ထူထောင်ရေးဆောင်ရွက်ခဲ့သည့်အချိန် သို့မဟုတ် ကုမ္ပဏီသည် အပိုင်း(၅) သို့မဟုတ် အပိုင်း(၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ဆောင်ရွက်နေသည့်အချိန်တွင် အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ခဲ့ခြင်း၊

(၂) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် ဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ခြင်းမပြုမီ တစ်ဆက်တည်းအချိန်တွင်ကုမ္ပဏီသည် ထိုပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ဆောင်ရွက်နေဆဲဖြစ်ခြင်း၊

(၃) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်အတွင်း ထိုတောင်းဆိုမှု သို့မဟုတ် တာဝန်ရှိမှုကို ပေးချေခဲ့မှု မရှိခြင်း။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတို့က ကုမ္ပဏီသို့ပေးရန် တာဝန်ရှိသည့် ကြွေးမြီပမာဏအားလုံးကို ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ပေးချေခြင်းမပြုသေးပါက ယင်းကြွေးမြီနှင့်စပ်လျဉ်းပြီး ကုမ္ပဏီကိုဆန့်ကျင်၍ သက်သေခံအထောက်အထား တင်ပြခွင့်မပြုရ။

စာမျက်နှာ ၄ သို့ ❍

○ စာမျက်နှာ ဃ မှ

ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများနှင့်စပ်လျဉ်း၍ သက်သေခံအထောက်အထားတင်ပြခြင်း

၂၀၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မြီရှင်များအားလုံး သို့မဟုတ် တစ်ဦးဦးကို ကုမ္ပဏီအပေါ်ရှိ ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသရန် ဆင့်ခေါ်သည့်အခါတွင် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါ ဆင့်ခေါ်ခြင်းခံရသည့် ထိုမြီရှင်များသည် နည်းဥပဒေများအရ သတ်မှတ်ထားသည့်ပုံစံတွင် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားကို သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပူးတွဲလျက် သတ်မှတ်သည့်အချိန်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသစေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ မည်သည့်အချက်ကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆင့်ခေါ်ခြင်းမရှိသဖြင့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုအား သက်သေထင်ရှားပြသခွင့်ကို ပိတ်ပင်ခြင်း မရှိစေရ။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မခွဲ (က) အရ သက်သေထင်ရှားပြသရန် မဆင့်ခေါ်ခဲ့ခြင်းကြောင့် ယင်းကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို ငြင်းပယ်ခြင်း မပြုရ။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီနှင့်စပ်လျဉ်းသည့်ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို ဆုံးဖြတ်ပေးရမည်။

(ဃ) တစ်ဦးတစ်ယောက်၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ဤပုဒ်မနှင့်အညီ ဆုံးဖြတ်ချက်ချပြီးနောက်တွင် ထိုသူက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးသို့ လျှောက်ထားနိုင်သည်။

အပြန်အလှန်သွင်းငွေနှင့် ခုနှိမ်ခြင်း

၂၀၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်နေသည့် ကြွေးမြီမပေးဆပ်နိုင်သော ကုမ္ပဏီနှင့် ယင်းကုမ္ပဏီထံမှ ကြွေးမြီရရန်ရှိသူ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်ပြုလုပ်ထားသူ ပုဂ္ဂိုလ်တို့အကြား အပြန်အလှန်ငွေပေးသွင်းမှု၊ အပြန်အလှန်ငွေထုတ်ယူမှု သို့မဟုတ် အခြားသော အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများရှိသည့်အခါတွင်–

(၁) ငွေစာရင်းဆိုသည်မှာ ထိုအပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တစ်ဘက်မှ အခြားတစ်ဘက်သို့ ပေးရမည့်အရာဟု မှတ်ယူရမည်၊

(၂) တစ်ဘက်မှ ပေးချေရမည့်ပမာဏသည် အခြားတစ်ဘက်မှ ပြုလုပ်ပေးရမည့် ပမာဏ တစ်ခုခုမှ ခုနှိမ်ရမည်၊

(၃) ငွေစာရင်း၏လက်ကျန်ငွေကို ကုမ္ပဏီကပေးရန် သို့မဟုတ် ရရန်ရှိသည်တို့အတွက် သက်သေခံအထောက်အထားအဖြစ် တင်ပြစေနိုင်သည်။

(ခ) လူတစ်ဦးသည် ကုမ္ပဏီသို့ငွေပေးသွင်းချိန် သို့မဟုတ် ကုမ္ပဏီမှ ငွေရရှိချိန်၌ ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်ကြောင်း သိရှိပြီးဖြစ်လျှင် ထိုသူသည် ဤပုဒ်မအရ ခုနှိမ်ပေးရန် တောင်းဆိုခွင့်မရှိစေရ။

အချိန်မီ သက်သေထင်ရှားမပြနိုင်သည့် မြီရှင်များကို ဖယ်ထုတ်ရန် အခွင့်အာဏာ

၂၀၃။ တရားရုံးသည် မြီရှင်များက ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြရန် အချိန်ကာလ သတ်မှတ်ပေးနိုင်သည်။ သတ်မှတ်ကာလအတွင်း သက်သေထင်ရှားမပြနိုင်လျှင် ယခင်က သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီများကို ခွဲဝေပေးရာတွင် ထိုမြီရှင်အား ဖယ်ထုတ်ရမည်။

အာမခံအကျိုးခံစားခွင့်ရမြီရှင်က ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြခြင်း

၂၀၄။ (က) ဤပုဒ်မသည် ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီအပေါ် သက်သေခံအထောက်အထား တင်ပြမှုနှင့် သက်ဆိုင်စေရမည်။

(ခ) ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံ အကျိုးခံစားခွင့်ရမြီရှင်သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေ၏ အခြားသောပြဋ္ဌာန်းချက် သို့မဟုတ် ကြွေးမြီတစ်ရပ်အား သက်သေထင်ရှားပြသခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်မှလွဲ၍ အာမခံအကျိုးခံစားခွင့်ရှိသည့် ကြွေးမြီတစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားနည်းအားဖြင့် သက်သေခံအထောက်အထား တင်ပြနိုင်ခွင့်မရှိစေရ။

(ဂ) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ကြွေးမြီနှင့်စပ်လျဉ်းသည့် သက်သေခံအထောက်အထား တင်ပြရာတွင် စာဖြင့်ရေးသား တင်ပြရမည်။

(ဃ) ယေဘုယျအားဖြင့် အာမခံအကျိုးခံစားခွင့်ရမြီရှင်က မြီရှင်များအကျိုးအတွက် ၎င်း၏ အာမခံအကျိုးခံစားခွင့်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ စွန့်လွှတ်ပေးအပ်ခဲ့လျှင် အဆိုပါ မြီရှင်သည် အာမခံထားသည့်ကြွေးမြီ၏ ပမာဏတစ်ခုလုံးအတွက် သက်သေခံအထောက်အထား တင်ပြနိုင်သည်။

(င) အာမခံအကျိုးခံစားခွင့်ရမြီရှင်က အာမခံပစ္စည်းကို ထုခွဲရောင်းချခဲ့ပြီး အဆိုပါ ထုခွဲရောင်းချမှုသည် သဘောရိုးဖြင့် သင့်တော်သည့် နည်းလမ်းများအရ ဆောင်ရွက်ခဲ့ကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျေနပ်လျှင် မြီရှင်သည် ထုခွဲရောင်းချခဲ့ရာမှ ရရှိခဲ့သည့် အသားတင်ပမာဏကို နှုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏအတွက် သက်သေခံအထောက်အထား တင်ပြနိုင်သည်။

(စ) မြီရှင်သည် အာမခံပစ္စည်းကို ထုခွဲရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးအပ်ခြင်း မပြုရသေးပါက ယင်း၏တန်ဖိုးကို ခန့်မှန်းတင်ပြနိုင်ပြီး ထိုသို့ခန့်မှန်းထားသည့် တန်ဖိုးကိုနုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏအတွက်ကိုသာ သက်သေခံအထောက်အထား တင်ပြနိုင်သည်။

(ဆ) ပုဒ်မခွဲ(စ)အရ ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြရာတွင် အာမခံပစ္စည်း၏ အသေးစိတ်အချက်အလက်များနှင့် ခန့်မှန်းတန်ဖိုးပါဝင်ရမည်။

(ဇ) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြရာတွင် မြီရှင်သည် အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးကိုနုတ်ပြီး ကျန်ရှိသည့်ပမာဏကိုသာ တင်ပြခဲ့ခြင်းဖြစ်ပါက မြီရှင်သည် ခန့်မှန်းတန်ဖိုးကို ပြောင်းလဲပြင်ဆင်ရန်အလို့ငှာ ကြွေးမြီနှင့်စပ်လျဉ်းသည့် သက်သေခံအထောက်အထားကို နောင်တွင် ပြောင်းလဲပြင်ဆင်တင်ပြနိုင်သည်။

(ဈ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မခွဲ(ဇ)အရ ကြွေးမြီ သက်သေခံ အထောက်အထားပြင်ဆင်ခဲ့သည့် မြီရှင်သည် ရပိုင်ခွင့်ရှိသည့် ပမာဏထက်ပို၍ရရှိပါက နှောင့်နှေးမှုမရှိဘဲ ပိုနေသည့် ပမာဏကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပြန်ပေးရမည်။

(ည) ကုမ္ပဏီကိုဖျက်သိမ်းရာတွင် ကြွေးမြီသက်သေခံအထောက်အထား ပြင်ဆင်ခဲ့သည့် မြီရှင်သည် ထိုပြင်ဆင်ထားသည့် ကြွေးမြီသက်သေခံ အထောက်အထား၏ ပမာဏထက် နည်း၍ရရှိပါက ဆက်လက်ခွဲဝေမည့် ငွေပမာဏအနက်မှ ထိုလျော့နည်းသည့် ပမာဏကို နောင်လာမည့်ခွဲဝေမှုများ ပြုလုပ်ခြင်းမပြုမီ ဖြည့်စွက်ရပိုင်ခွင့်ရှိသည်။ သို့ရာတွင် မြီရှင်သည် ကြွေးမြီအထောက်အထား ပြင်ဆင်ချက်မတိုင်မီက ပြုလုပ်ခဲ့သည့် ခွဲဝေမှုတွင် အကျိုးသက်ဆိုင်ခွင့် မရှိစေရ။

(ဋ) အာမခံအကျိုးခံစားခွင့်ရမြီရှင်က ကြွေးမြီသက်သေခံ အထောက်အထားတင်ပြရာတွင် အာမခံခန့်မှန်းတန်ဖိုး ထုတ်နုတ်ပြီးနောက် ကျန်ရှိသည့်ပမာဏကို တင်ပြခဲ့ခြင်းဖြစ်ပြီး အဆိုပါအာမခံပစ္စည်းကို ထုခွဲရောင်းချရာ၌ ခန့်မှန်းတန်ဖိုးအတိုင်းရရှိခဲ့ခြင်းမရှိလျှင် ထိုခန့်မှန်းတန်ဖိုးနေရာ၌ အမှန်တကယ်ရောင်းချခဲ့သည့် အသားတင်ငွေကို အစားထိုးရမည်ဖြစ်ပြီး ထိုဆောင်ရွက်ချက်သည် ပုဒ်မခွဲ(ဇ)နှင့် (ည)တို့အရ ကြွေးမြီ သက်သေခံအထောက်အထား ပြင်ဆင်ခဲ့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အာမခံပစ္စည်းများအနက်မှ ဆက်စပ်ဝန်ထမ်းများ၏ ဦးစားပေးမှုအစီအစဉ်

၂၀၅။ ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ ဤပုဒ်မနှင့် သက်ဆိုင်စေရမည်ဖြစ်ပြီး ပုဒ်မ ၁၉၆ ပါ သက်ဆိုင်သည့်ဝန်ထမ်းများက ရရန်ရှိသော ဦးစားပေးရပိုင်ခွင့်များကို အခြားနည်းဖြင့် ပေးချေနိုင်ခြင်းမရှိပါက အာမခံအကျိုးခံစားခွင့်ရှိသူ၏ အာမခံကို ထုခွဲရောင်းချ၍ ရရှိသော အသားတင်ငွေအနက်မှ အဆိုပါ ဝန်ထမ်းများရရန်ရှိသောငွေကို အာမခံအကျိုးခံစားခွင့်ရှိသော ပုဂ္ဂိုလ်ထက် ဦးစားပေး၍ ပေးချေရမည်။

ဝန်ထုပ်ဝန်ပိုးဖြစ်သည့်ပစ္စည်းကို တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာခွင့်

၂၀၆။ (က) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းကို လက်ရောက်ရယူထားခဲ့လျှင် သို့မဟုတ် ရောင်းချရန်ကြိုးစားခဲ့လျှင် သို့မဟုတ် ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ရှင်၏အခွင့်အရေးများကို အခြားနည်းဖြင့် အသုံးပြုခဲ့ပြီးဖြစ်လျှင်ပင် ဤပုဒ်မအရ ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းတစ်ခုခုကို တာဝန်မယူကြောင်း နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်ပုံစံနှင့်အညီ အကြောင်းကြားစာ ပေးပို့ငြင်းဆိုနိုင်သည်။

(ခ) ဤပုဒ်မအလို့ငှာ အောက်ပါတို့သည် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ပစ္စည်းဖြစ်သည်–

(၁) အကျိုးအမြတ်မရှိသော ပဋိညာဉ်စာချုပ်၊

(၂) မရောင်းချနိုင်သော သို့မဟုတ် အလွယ်တကူရောင်းချခြင်း မပြုနိုင်သော ကုမ္ပဏီပိုင် ပစ္စည်းများ သို့မဟုတ် ငွေကြေးပေးရန် တာဝန်တင်ရှိလာစေနိုင်သည့် သို့မဟုတ် အခြားဝန်ထုပ်ဝန်ပိုး ဖြစ်လာစေသည့် ပြုလုပ်မှုတစ်ခုခု။

(ဂ) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်သည်–

(၁) ထိုသို့ ထုတ်ဖော်ကြေညာသည့်နေ့မှစ၍ ကုမ္ပဏီတွင်ရှိမည့် အခွင့်အရေးများ၊ အကျိုးစီးပွားများနှင့် တာဝန်ရှိမှုများသည် ယင်းသို့ ထုတ်ဖော်ကြေညာသည့် ပစ္စည်း သို့မဟုတ် ပစ္စည်းနှင့် ဆက်နွှယ်၍ စတင်အကျိုးသက်ရောက်စေရမည်။

(၂) သို့ရာတွင်ကုမ္ပဏီအား တာဝန်ရှိမှုတစ်ခုခုမှစွန့်လွှတ်ရန် ရည်ရွယ်ချက်အလို့ငှာ လိုအပ်သည့် အခါမှတစ်ပါး အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို မထိခိုက်စေရ။

(ဃ) အောက်ပါအခြေအနေများတွင် ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ တာဝန်မယူကြောင်း အကြောင်းကြားစာအား ထုတ်ဆင့်ပေးပို့ခြင်း မပြုရ–

(၁) ပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ၎င်းမတိုင်မီ စာရင်းရှင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူများထံသို့ စာဖြင့်ရေးသား၍ ၎င်းက တာဝန် ရှိ၊ မရှိ ဆုံးဖြတ်ပေးရန် လျှောက်ထားခဲ့ခြင်း၊

(၂) ဤပုဒ်မအရ ပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်းပြီး ထိုသို့ လျှောက်ထားမှုကို ပြုလုပ်သည့်နေ့မှ စတင်၍ ၂၈ ရက် ကာလ သို့မဟုတ် တရားရုံးက ထပ်မံတိုးမြှင့်သော အချိန်ကာလကို ကျော်လွန်ကုန်ဆုံးခဲ့သည့်တိုင်အောင် တာဝန်မယူကြောင်းကြေညာချက်အား ထုတ်ဆင့်မှုမပြုခဲ့ခြင်း။

(င) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်ထုတ်ပြန်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုရှိသူ မည်သူ့ကိုမဆို ၎င်းဆုံးရှုံးခဲ့မှု သို့မဟုတ် နစ်နာမှု၏ အတိုင်းအတာတစ်ခုအထိ ၎င်းအား ကုမ္ပဏီ၏မြီရှင်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ထိုသူ၏ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် သက်သေခံ အထောက်အထားအဖြစ် တင်ပြနိုင်သည်။

ငှားရမ်းသည့်ပစ္စည်းအပေါ် တာဝန်မယူကြောင်း ငြင်းဆိုခြင်း

၂၀၇။ (က) ငှားရမ်းထားသည့် ပစ္စည်းတစ်ခုခုအပေါ် တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် လူမွဲထံမှ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအသီးသီးထံသို့ တာဝန်မယူကြောင်း ငြင်းဆိုချက်မိတ္တူကို ပေးပို့ထားခြင်းမရှိပါက အကျိုးသက်ရောက်မှု မရှိစေရ။

(ခ) ထို့အပြင် ဤပုဒ်မခွဲအရ နောက်ဆုံးငြင်းဆိုချက်မိတ္တူ ပေးအပ်သည့်နေ့မှ ၁၄ ရက်အတွင်း ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၀၉ အရ တင်ပြလျှောက်ထားမှုမရှိပါက အကျိုး သက်ရောက်မှုမရှိစေရ။ သို့ရာတွင် ယင်းကဲ့သို့လျှောက်လွှာကို ပြုလုပ်ပြီးသော်လည်း တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် အကျိုးသက်ရောက်ရမည်ဟု တရားရုံးက ညွှန်ကြားနိုင်သည်။

(ဂ) တရားရုံးက ပုဒ်မ ၂၀၉ ပုဒ်မခွဲ (က) အရ ညွှန်ကြားသည့်အခါ ထိုပုဒ်မအရ ချမှတ်ပေးသည့် အမိန့်အပြင် အငှားချထားခြင်းနှင့်စပ်လျဉ်းသည့် အမြဲစွဲကပ်ထားသည့် ပစ္စည်းများ၊ အိမ်ငှား၏ တိုးတက်အောင်ဆောင်ရွက်မှုနှင့် အငှားချထားမှုမှ ပေါ်ပေါက်လာသည့် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း အမိန့်ချမှတ်နိုင်သည်။

တာဝန်မယူကြောင်းငြင်းဆိုခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ သာမန်အခွင့်အာဏာများ

၂၀၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပုဒ်မ ၂၀၆ အရ ပစ္စည်းကို တာဝန်မယူကြောင်း ငြင်းဆိုသည်နှင့်တစ်ပြိုင်နက် ဤပုဒ်မနှင့် ပုဒ်မ ၂၀၉ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) တရားရုံးသို့အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးကလျှောက်ထားနိုင်သည်–

(၁) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းတွင် အကျိုးသက်ဆိုင်မှုရှိသည်ဟု တောင်းဆိုသူ၊

(၂) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ကြေညာချက်အရ ကင်းလွတ်ခွင့်ရသည့် တာဝန်မျိုးမဟုတ်သော တာဝန်တစ်ရပ်ရပ်တင်ရှိနေသူ။

(ဂ) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းကို အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံ အပ်နှင်းရန် သို့မဟုတ် လွှဲပြောင်းပေးအပ်ရန်အတွက် ဤပုဒ်မအရ လျှောက်ထားသည့်အခါ တရားရုံးသည် သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်–

(၁) ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခံရသူ၊

(၂) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၂)တွင် ဖော်ပြထားသည့် တာဝန်ရှိမှုကို လိုက်နာရသူ သို့မဟုတ် ထိုသူ၏ယုံမှတ်အပ်နှံခံရသူ။

(ဃ) တာဝန်မယူကြောင်း ကြေညာချက်နှင့်စပ်လျဉ်းပြီး လိုက်နာရသူတစ်ဦးကို လျော်ကြေးပေးရန် ရည်ရွယ်၍ ပြုလုပ်ပါက တရားမျှတမည်ဟု ထင်မြင်သည်မှတစ်ပါး တရားရုံးသည် ပုဒ်မခွဲ(ဂ) အရ အမိန့်ချမှတ်ခြင်းမပြုရ။

(င) တာဝန်မယူကြောင်းငြင်းဆိုမှုကြောင့် တစ်ဦးတစ်ယောက်ခံစားရသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု၏အတိုင်းအတာကို ပုဒ်မ ၂၀၆ ပုဒ်မခွဲ (င) အရ ဆန်းစစ်ရာတွင် ဤပုဒ်မအရ ချမှတ်သည့် အမိန့်တစ်ရပ်၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစား ရမည်။

(စ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံ ပစ္စည်းအပ်နှင်းသည့်အမိန့် ချမှတ်ပါက ပစ္စည်းသည် တရားဝင်လွှဲပြောင်းရောက်ရှိသွားပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ပေးကမ်းခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ဖြင့် ဆက်လက် ဆောင်ရွက်ရန် မလိုအပ်စေရ။

ငှားရမ်းထားသည့်ပစ္စည်းကို တာဝန်မယူကြောင်းငြင်းဆိုခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အခွင့်အာဏာများ

၂၀၉။ (က) အောက်ပါသတ်မှတ်ချက်များ ပြုလုပ်သည်မှတစ်ပါး၊ တရားရုံးသည် ကုမ္ပဏီထံမှ ထပ်ဆင့် အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအသီးသီးထံသို့ အငှားချထားသည့် ပစ္စည်းကို အပ်နှံစေရန် ပုဒ်မ ၂၀၈ အရ အမိန့်ချမှတ်ခြင်းမပြုရ။ ထိုသူသည်–

(၁) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်တွင် အငှားစာချုပ်အရ ကုမ္ပဏီက တာဝန်ရှိသည့်အတိုင်း တူညီသော တာဝန်ရှိမှုများ၊ တာဝန်ယူမှုများကို မဆန့်ကျင်စေရ၊

(၂) လိုအပ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့် အချိန်တွင် အငှားစာချုပ်အား တစ်ဦးတစ်ယောက်ကို တာဝန်ပေးပါက ထိုသူက တာဝန်ရှိလာမည့်တူညီသော တာဝန်ရှိမှုများနှင့် တာဝန်ယူမှုများကို မဆန့်ကျင်စေရ။

(ဆက်လက်ဖော်ပြပါမည်)

ဆယ်တန်း / IGCSE အောင်မြင်ပြီးသူများအတွက် Oxford Brookes University (UK) မှ BA (Hons) Business & Management ဘွဲ့ရရှိမည့် (၃)နှစ်အစီအစဉ်ကို STRATEGY FIRST UNIVERSITY တွင်သာ စရိတ်သက်သာစွာဖြင့် နိုင်ငံခြားမသွားဘဲ ရယူနိုင်မှာဖြစ်ပါသည်။ Oxford Brookes University သည် QS World's Ranking 2020 စစ်တမ်းအရ Business & Management ဘာသာရပ်သင်ကြားမှု အပိုင်းတွင် ကမ္ဘာ့အဆင့် ၅၁ နှင့် ၁၀၀ ကြားရှိသော ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည်။

အောင်မြင်သောစီမံခန့်ခွဲမှု ဘာသာရပ်များကိုလေ့လာ သင်ကြားရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင် / မန်နေဂျာ တစ်ဦးအဖြစ် ရပ်တည်နိုင်ရန် ပြင်ဆင်မှုများ ရရှိပါမည်။

ပထမနှစ် အတန်းသစ်ကို ရန်ကုန်၊ မန္တလေး ကျောင်းများတွင် မတ်လ (၃၀) ရက်နေ့ စမည်။

ဝင်ခွင့်သတ်မှတ်ချက်များ	
ဆယ်တန်းအောင် (သို့) Pearson နှင့် Cambridge မှ ချီးမြှင့်သော IGCSE အောင်လက်မှတ်ရရှိထားသူများကိုသာ ဝင်ခွင့်လက်ခံပေးသွားမည်ဖြစ်ပါသည်။	
ကျောင်းစရိတ်ကို အရစ်ကျပေးသွင်းနိုင်သည့် အစီအစဉ်များလည်း ရှိပါသည်။	ဂုဏ်ထူးရ ဘာသာရပ်အလိုက် (၁၅) သိန်းအထိ သင်တန်းကြေးကင်းလွတ်ခွင့်ရှိသည်။

Myaynigone Teaching Centre(1) - Yangon
#8, Ground Floor, Pan Chan Tower, Bagayar Road, San Chaung Township, Yangon.
Mingalar Mandalay Teaching Centre(1)
#Block 4, Unit 8, Mingalar Mandalay, 73rd Road,
Corner of Thazin and Ngu Shwe War Road, Mandalay.

Call Now :
09 76543 8000

ဆရာကြီး ဦးမျိုးမြင့်ထွန်း၏ (၁၉၁) ကြိမ်မြောက် ဝိပဿနာပညာ မိတ်ဆက်သင်တန်း

တရားရိပ်သာမဝင်နိုင်သူများ၊ မိမိ၏စီးပွားရေးလုပ်ကိုင်ရင်း၊ မိသားစုတာဝန်ထမ်းဆောင်ရင်း အိမ်တွင် တရားအားထုတ်နိုင်ရန် ရုပ်-နာမ်-ကံ-ဝဋ်သုံးပါး၊ သတိပဋ္ဌာန်လေးပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ဝိပဿနာ တရားများကို ဓမ္မဒါနသင်ပြပေးမည်ဖြစ်ပါသောကြောင့် မည်သူမဆို စာတွေ့လက်တွေ့ အခမဲ့ တက်ရောက်သင်ကြားနိုင်ပါသည်။

နေ့ရက် - ၁-၃-၂၀၂၀ ရက်မှ ၁၀-၃-၂၀၂၀ ရက်အထိ
အချိန် - မွန်းလွဲ ၁:၀၀နာရီ မှ ၄:၀၀နာရီအထိ (ကားပါကင်ရှိ)
နေရာ - မူလသံယုတ်ကျောင်းတိုက်၊ ကြားတောရလမ်း၊ (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)နှင့် ကမ္ဘာအေးဘုရားလမ်းမီးပွိုင့်ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(၈၊ ၁၂၊ ၂၈၊ ၂၉၊ ၃၆၊ ၉၅၊ ၈၇၊ ရန်ကုန်လေဆိပ်) ဗဟန်း (၃)လမ်းဆင်းပါ။
ဖုန်း - ၀၉-၄၂၀၁၈၅၃၈၆၊ ၀၉-၂၆၃၆၉၀၀၆၂

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် 'ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး'အသိဖြင့် ပြည်သူလူထုအကြား အားကစားလှုပ်ရှားမှု ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာနှင့် ဓာတ်ပုံ ပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဆောင်းပါး (၈၃)ပုဒ်၊ ဝတ္ထုတို(၄၆)ပုဒ်၊ ကဗျာ(၆၈)ပုဒ်နှင့် ဓာတ်ပုံ (၄၂၇)ပုံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်များ၏**ဆောင်းပါး**ပြိုင်ပွဲတွင် **ဒေါ်ရွှေရွှေမြင့် (ရွှေလေညင်း)**က **ရောဂါကင်းလို့ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြပါစို့**ဖြင့် **ပထမ၊ မာလာဦး**က **ရောဂါကင်းလို့ကျန်းမာဖို့နေ့စဉ်လမ်းလျှောက်ကြပါစို့**ဖြင့် **ဒုတိယ၊ မိုမို့အောင်သန်း(ဥပဒေ)**က **နိုင်ငံ့အားကစားမြှင့်တင်ရန် လူထုအားကစားကို အခြေခံ**ဖြင့် **တတိယ၊ ဇော်မင်းဋ္ဌေး(ထားဝယ်)၊ ဒေါ်ခင်အုန်းမြင့် (မယ်မွေး-ပညာရေး)၊ ဒေါ်မေနှင်းသန့်(နှင်းပွင့်ဖြူ)၊ ဦးဝင်းတင် (မဟော်ဂနီ)၊ ရောမောင်**တို့က **နှစ်သိမ့်ဆု၊ ဝတ္ထုတို** ပြိုင်ပွဲတွင် **ဦးဇော်လင်း (လင်းထက်-အင်းတော်ကြီး)**က **ပီတိစား၍အားရှိသည်**ဖြင့် **ပထမ၊ ခင်လပြည့်ဝန်း**က **နှင်းပုံရိပ်လွှာ**ဖြင့် **ဒုတိယ၊ ဒေါ်မေစိမ်းဝင်း(ကောင်းကင်မေ -စီးပွားရေးတက္ကသိုလ်)**က **ပန်းနုရောင်ဝေ့ါကင်းရှုးလေး**ဖြင့် **တတိယ၊ ဒေါ်သဉ္ဇာမိုး(သဉ္ဇာလှိုင်-လားရှိုး)၊ ဦးထိန်လင်း(လင်းအရုဏ်ဦး-ပဲခူး)၊ ဦးစိုးမိုးကျော်(နွေကံ့ကော်-မြို့လှ)၊ ဦးမြင့်မောင်(မောင်စူးရှ-အနောက်ရိုးမ)၊ တင်မိုးအေး**တို့က **နှစ်သိမ့်ဆု၊ ကဗျာ**ပြိုင်ပွဲတွင် **ဒေါ်မြင့်မြင့်သန်း (မြင့်-ရွှေဘို)**က **နိုင်ငံ့အားကစားမြှင့်တင်ရန် လူထုအားကစားကိုအခြေခံ**ဖြင့် **ပထမ၊ မဆောင်းသဇင် (သမီးပျို)**က **ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး**ဖြင့် **ဒုတိယ၊ ဦးဋ္ဌေးလှိုင်(ခန့်ကျော်ထင်လှိုင်-လှိုင်ကော်)**က **ဒီဇင်ဘာလူထု လမ်းလျှောက်ပွဲမှသည်**ဖြင့် **တတိယ၊ ဦးခင်မောင်ထွန်း(မင်းသွေးနွယ်-ဇီးကုန်း)၊ ဦးမျိုးဝင်း(ဘိုမျိုး-ရွှေဘို)၊ ဦးညိုဝင်း(မောင်မိုးလှိုင်-သစ္စာမြေ)၊ ဦးကျော်နိုင်(လုလင်-မှော်ဝန်းမြေ)၊ ဦးထွန်းအောင်ကျော်(စွမ်းဝေ-ဇီးကုန်း)**တို့က **နှစ်သိမ့်ဆု၊ ဓာတ်ပုံ**ပြိုင်ပွဲတွင် **ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)**က **ပထမ၊ ဋ္ဌေးဝင်း(ရမ္မာဝတီ)**က **ဒုတိယ၊ Dr. မြတ်ဇော်ဟိန်း**က **တတိယ၊ အောင်ကျော်ထွန်း (ပုသိမ်ကြီး)**က **နှစ်သိမ့်ဆု(၁)**နှင့် **နှစ်သိမ့်ဆု(၂)၊ မျိုးမင်းကြွယ် (ရွှေတောင်ကြား)**က **နှစ်သိမ့်ဆု(၃)၊ အထူးဆုများ**အဖြစ် **မျိုးမင်းကြွယ်(ရွှေတောင်ကြား)၊ စိုင်းအောင်မြတ်(တောင်ကြီး)၊ သန်းလှိုင်ဦး၊ Dr. မြတ်ဇော်ဟိန်း၊ နိုင်ထူးအောင်၊ အောင်မြတ်မင်း(ပြန်/ဆက်)၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)** တို့က အသီးသီးဆွတ်ခူးရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားအား ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း အားကစားနှင့် ကာယပညာဦးစီးဌာန နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါ၍ ဆုပေးပွဲကျင်းပမည့်ရက်အား ဆုရရှိသူများထံ ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်း နံပါတ် **၀၆၇-၈၁၀၄၃၃၄၊ ၀၆၇-၈၁၀၄၃၃၅၊ ၀၉-၂၀၀၂၁၉၆** တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးသန်းထွေး+ဒေါ်သန်းသန်းမြင့်
ရှယ်ယာပိုင် တီဗွီ (1)
ကားမောင်း၊ စက်ပြင်သင်တန်း
* မြောက်ဒဂုံဗိုလ်အောင်ဇေယျလမ်း၊ U 9၊ (၄၈)ရပ်ကွက်။
09-443047755, 09-443322177, 09-443235757,
* သိမ်ဖြူကားကတ်ဆက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
01-201188, 09-443047744, 09-443047766
* (218)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်၊ တာမွေမြို့နယ်။ 01-549764, 01-545155
* အမှတ်(3-F) ကန်တော်မွန်အိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ ဓမ္မအိမ်ရာရှေ့၊ သဃ်န်းကျွန်း။ 01-573986, 01-573988

Myanmar Alibaba Car Rental Company Limited မှ ကားမျိုးစုံကို ရေရှည်ငှားရမ်းရန် အလိုရှိပါသည်

လူကြီးမင်းတို့၏ ကားမျိုးစုံကို နှစ်ရှည်ငှားရမ်းရန်အတွက် ဆန္ဒရှိပါက ကျွန်ုပ်တို့၏ ကုမ္ပဏီကို ဆက်သွယ်နိုင်ပါသည်။

Honda Fit နှင့် Pro Box ကားများကို အဓိကထား ဦးစားပေးမည်။

ဆက်သွယ်ရန်လိပ်စာ
လှိုင်သာယာမြို့နယ်၊ နဝဒေး Shop House တန်း၊ တိုက်(၃)၊ အခန်း(၃)၊ ဖုန်း-၀၉-၉၇၀၉၂၆၆၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် (၁၅/C)၊ အကျယ်အဝန်း (၃၀ပေ X ၅၅ပေ)ရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ (၁၄ပေ X ၅၅ပေ)ကျယ်ဝန်းသော မြေညီထပ် (ခြေရင်းခန်း)တစ်ခန်းအား ဆက်စပ်စာချုပ်များဖြင့်ပိုင်ဆိုင်ထားသော မြေပိုင်ရှင်ထံမှ ကျွန်တော် ဦးညွန့်အောင် (၉/မခန (နိုင်) ၀၇၃၉၇၁)က အရောင်း အဝယ်ပြုလုပ်ရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့်ခိုင်လုံသောစာချုပ်စာတမ်း(မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးညွန့်အောင်
(၉/မခန (နိုင်) ၀၇၃၉၇၁)
ဖုန်း - ၀၉ - ၇၆၇၇၃၂၃၃၄

ဝတ်ရည်ဦး
အုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

အောင်ကမ္ဘာ
အုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက္ကံ မြေကွက်များဝယ်လိုသည်။ အိမ်အရောက်ငွေချေသည်။
09-43118200
09-450096144
09-450096155

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10',14',16',18',22')ကား များဖြင့်လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-7570307
09-5112729
09-73009734
09-73242979

Sein Group
အုံမြို့သစ်၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ အုံဆိပ်ကမ်းမြေကွက်များ ဝယ်ယူလိုသည်။ ရောင်းလိုသည်။
PH:09254118190
09898580954

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House

လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ X ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဖက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။ နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦဖြစ်ပါသည်။

ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

MAB

SME LOAN
အသေးစားနှင့်အလတ်စား လုပ်ငန်းသုံးချေးငွေ

အတိုးနှုန်း
၈.၅% မှစ၍

ချေးငွေ အများဆုံး
သိန်း ၅,၀၀၀ အထိ

ချေးငွေပုံစံ (၁)
SME-MAB Loan
(Cash flow-based approach)

ချေးငွေပုံစံ (၂)
SME-KfW Loan
(Cash flow-based approach)

ချေးငွေပုံစံ (၃)
SME-JICA
Two Steps Loan
(Collateral-based approach)

ချေးငွေရယူနိုင်သော ရည်ရွယ်ချက်များ
(Working Capital)
(Fixed Investment)

MAB SME CENTER 1
MAB SME CENTER 2
MAB SME CENTER 3
MAB SME CENTER 4

CONTACT US
24 HOURS
+95 (1) 861 0612

တရုတ်စကားပြန်အဖြစ်(၆)လပြတ်သင်တန်း
အလုပ်ပါတစ်ခါတည်း အင်တာဗျူးရမည်။ (၁၅) နှစ်အတွေ့အကြုံရှိ GESC တရုတ်စကားပြောစာသင်ကျောင်းမှအထူးလေ့ကျင့်သင်ကြားပေးမည်။ လစာ(၃-၆) သိန်းရမည်
ဖုန်း- ၀၉၅၀-၆၃၃၆၉၊ ၀၉၅၄-၁၀၅၉၂

IGCSE
Cambridge
Edexcel
(all subjects)
Primary 4, 5, 6 နှင့် Secondary 1, 2, 3
09 443177816, 09 795888783

မမ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။ 09-444880970

Golden Land ReaL Estate
VIP (60'x80')
(60'x60') 2RC
09-443008848, 09-96 4008848

အရိုးအဆစ်များ သန်မာစေရန်
အတွက်

အဆစ်အမြစ်ဆေး
+
အရိုးသန်မာဆေး

FAME 01-3681908

အမည်ပြောင်း

ဦးမော်ကြည်၏သမီး ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ မထက်ထက်စံအား မဘုဏ်းထက်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဘုဏ်းထက်စံ

မိဘအရိပ်
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09-420911552
09-420911662

ဒဂုံမြို့သစ်
အရှေ့ပိုင်း။ မြောက်ပိုင်း။ တောင်ပိုင်း။ ဆိပ်ကမ်း။
မြေကွက်များအား ရောင်းပေးဝယ်ပေးသည်။
09-5089354
09-5180139

ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် PJ Group Trading Co.,Ltd ၏ MD ဦးငွေသိန်း (၁၀/မလမ(နိုင်)၁၅၂၅၅)က ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သိမ်ချောင်းရွာအုပ်စု၊ ကွင်းအမည်-မြေတောက်တုန်းကွင်း၊ ကွင်းအမှတ် (၄၅၅/ခ) (ယခု ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ လူနေရပ်ကွက်အမှတ်(၁၄၂)ရှိ လယ်မြေ (၂၂.၄၀)ဧကကို နိုင်ငံတော်မှ စီးပွားရေးမြေအဖြစ်သိမ်းဆည်းခဲ့သော်လည်း စီမံကိန်းလုပ်ဆောင်ခြင်းမရှိသည့် မြေကွက်(၄)ဧကပေါ်တွင် လက်ရှိနေထိုင်လျက်ရှိပြီး ယင်းမြေကွက်နှင့်တပ်လျက်ရှိသော မြေကွက်(၅)ဧက၊ စုစုပေါင်း(၉)ဧကကို မူလလယ်ပိုင်ရှင်ဖြစ်သူ ဦးစိုးတင့်(ဘ) ဦးမောင်ကြိုင် (၁၂/ဒဂတ(နိုင်)၀၀၂၈၅၈)ထံမှ ချေးငွေတစ်စိတ်တစ်ဒေသပေးချေဝယ်ယူပြီး တရားဝင်ဝယ်ယူခွင့်ရရှိရေးဆောင်ရွက်နေပါသည်။ (ယင်းမြေကွက်ကို (၂၀-၁-၂၀၂၀)ရက်နေ့) ထုတ် ကြေးမုံသတင်းစာ၌ ထည့်သွင်းကြော်ငြာထားခဲ့ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

MD ဦးငွေသိန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးအောင် (B.A, H.G.P, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၄၃၃) (၁၉-၁၀-၁၉၉၀)
အမှတ်(၁၃၅၆)၊ (၃၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း- ၀၉-၄၂၀၁၁၉၉၇

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၂၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂

ဦးခင်မောင်	နှင့်	၁။ ဒေါ်အေးအေးသွင်
		၂။ ဦးနေဝင်း
(လျှောက်ထားသူ)		(လျှောက်ထားခံရသူများ)

အမှတ်-(၂၂၁)၊ သိင်္ဂီ(၃)လမ်း(တောင်)၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးနေဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးခင်မောင်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၅၈တို့အရ ဝရမ်းခွာလိုမှု လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ရက်၊ (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူဝင်းငယ်)
ဒုတိယခရိုင်တရားသူကြီး(၉)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ရွှေပြည်ဟိန်းဆရာတော် ဇာတိနယ်မြေ မိုးကောင်းရွာ၌ အထက်တန်းကျောင်းဆောင် ဆောက်လုပ်ရေး ပါဝင်လှူ ဒါန်းနိုင်

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ မိုးကောင်းရွာ၌ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်၍ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်အပေါင်းကို ပေးလှူသောအားဖြင့် ရွှေပြည်ဟိန်းဆရာတော်နှင့်အတူ ပါဝင်ကုသိုလ် တစ်နေရာ ငွေကျပ် (၅၀၀၀၀) ပါဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

လှူဒါန်းရန်ဌာန - ဆီတော်ရွှေပြည်ဟိန်း စေတီနေအေးရုံ ရွှေပြည်ဟိန်းစေတီကျောင်း၊ ပြည့်သာယာ၊ ရန်ကုန်။ (ကျိုက္ကဆံဘုရားပါဝင်။ တာမွေလေး သဲလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၅၁၀၂၉၄၇၊ ၀၉-၄၄၃၀၅၆၅၉၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒာသိရိဝံသ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မောင်သန်းဆွေ(ထားဝယ်)၊
မောင်နေမျိုး၊ မောင်ရှင်မာ(ကျောက်ကုန်း)၊
ခင်ခင်ထွေး၊ မြင့်မြင့်သိန်း(MUFI)၊
ရွှေကြယ်စင်၊ ခင်သန္တာ၊
စမ(ဟသ္တ)၊ နော်(ကျောက်တိုင်)၊
ကျိုက်စကောခင်နိုး၊
ယုံးဘော်ဘော်ဝင်းအောင်၊
မိုးကျော်စင်၊ မောင်အင်း(ဥက္ကံ)၊
အေးထူးအောင်(အင်္ဂပူ)၊
ရဲရင့်လုံ(မအူ-မန်း)၊
ညီကျော်(တန့်ဆည်)၊ သထုံယော်ယော်၊

"အသဲဆို-မုန်ချီရုပ်ရှင်ဂီတအနုပညာရှင်များလက်စွဲ"

နိုင်ငံကျော် **မုန်ချီ**

သလိပ်ပျော်အသံကောင်း ချောင်းဆိုးပျောက်ဆေး

အဆုတ်ကြပ်ခြင်း၊ အာရုံကြောချောက်ခြင်းပျောက်ဆေး / မုန်ချီပင်ဝင်ဆေးပျောက်ဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-01227(0616) / TMR-01229(0616)

သမားတော်ကြီးဦးအုန်းမြ(တဆ-၀၀၀၁၂)မုန်ချီဒေါက်တာတင်မွန်ဦး(တဆ-၀၀၁၈၀) Ph.D(Alternative Medicine) (India)

မြစ်ကူးနာ၊ လည်ချောင်းနာ၊ ကိုယ်ခံအား၊ အာရုံကြော၊ အသွေးအသား၊ နှလုံး၊ ဆီးချို၊ အစာအိမ်အတွက်...

အချိုသမီးများအတွက် ဆေးရည်ကြီးကိုယ်တိုင်အထူးစမ်းသပ်ထုတ်လုပ်ထားသည်။

မြန်မာ့ချိုရေး-မုန်ချီဆေးတိုက်၊ ရွှေဘုံသာ အာလယ်လမ်း၊ ဗဟန်း ဘဲတက်အိမ်ဖြို့နယ်။ ☎ ၀၁-၃၈၄၆၅၁၊ ၃၇၅၁၀၃၀၈၄၆၃

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ
ညီညွတ်သော အမြန်ဆယ်ယူပို့ဆောင်ရေး
ကိုယ်စားလှယ်လုပ်ငန်း ကုမ္ပဏီ လီမိတက်
(United Agency Express Services Co., Ltd)
အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၃၅၃ (က) အရ ဖျက်သိမ်းခဲ့သော "ညီညွတ်သော အမြန်ဆယ်ယူ ပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်း ကုမ္ပဏီ လီမိတက်" ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအစည်းအဝေးကြီးအား အမှတ် (၆၃၅-အေ-၁) အခန်းအမှတ် (အေ-၃)၊ ရိုးမရိပ်သာ၊ (၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၈-၃-၂၀၂၀)နေ့ နေ့လည် (၁း၀၀)နာရီ၌ ကျင်းပမည်ဖြစ်သောကြောင့် အစည်းအဝေးတွင် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၏ သဘောတူညီချက်ကို ရယူရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရုပ်
အမှတ် (၆၃၅-အေ-၁)၊ အခန်းအမှတ် (အေ-၃) (ဘီ-၃)၊ ရိုးမရိပ်သာ၊
(၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၇၉၂၂၃၃၁၅၉၊ ၀၁ ၂၃၀၄၃၃၉

သိန်းသန်းဆက်
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

SEVEN ဝ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်းအရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
ပွဲခလုံးဝမယူပါ။
09 - 33 333 511
09 - 33 333 514

မြန်မာကုမ္ပဏီများဥပဒေ(၂၀၁၇) ပုဒ်မ-၃၄၁ အရ
အဆင့်မြင့် နည်းပညာဆိုင်ရာ အွန်လိုင်း ဝန်ဆောင်မှု ကုမ္ပဏီ လီမိတက်
(Elite Tech Online Services Company Limited)
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကိုချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု (ဖမ်မက် ကုမ္ပဏီ လီမိတက်)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

ဦးချမ်းငြိမ်းဇော်
မန်နေးဂျင်းဒါရိုက်တာ
အဆင့်မြင့် နည်းပညာဆိုင်ရာ အွန်လိုင်း ဝန်ဆောင်မှု ကုမ္ပဏီ လီမိတက်

ရရန်ရှိသည့် ကြွေးများတောင်းခံရန် အသိပေးခြင်း (Claim Notice)
အဆင့်မြင့် နည်းပညာဆိုင်ရာ အွန်လိုင်း ဝန်ဆောင်မှု ကုမ္ပဏီ လီမိတက်

အဆင့်မြင့် နည်းပညာဆိုင်ရာ အွန်လိုင်း ဝန်ဆောင်မှု ကုမ္ပဏီ လီမိတက်၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၈ - ၃ - ၂၀၂၀)နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားနိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက် ကုမ္ပဏီ လီမိတက်
အမှတ် (၆၃၅-အေ-၁) အခန်း(အေ-၃) (ဘီ-၃) (၂) ရပ်ကွက်၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉ ၇၉၂၂၃၃၁၅၉ ၊ ၀၁ ၂၃၀၄၃၃၉

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိတ်တားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၂၄ဂ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်-(၅၃၈) ပေါ်တွင် တည်ဆောက်ထားသော (၆)ထပ်တိုက်၏ (၃)လွှာ၊ ခြေရင်းခန်းအမှတ်-B၊ (အလျား၁၇ပေxအနံ ၅၄ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူမှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမင်းမင်းသိမ့်
(LL.B,D.B.L,D.I.L,D.M.L)
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၅၃၇)
အမှတ်-၁၁၇၊ တိုက်-D၊ အခန်း(B-၂)၊ ပထမထပ်၊ (၁၃)ရပ်ကွက်၊
အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉- ၄၄၀၃၇၀၁၁၆၊ ၀၉-၇၉၅၉၂၁၉၃၂

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရန်ပြေရပ်ကွက်၊ အာဇာနည်လမ်း အမှတ်(၃၃)၊ မြေအကျယ်ပေ(၂၅' x၅၀')ပေါ် (၂)ခန်းတွဲ(၅)ထပ်တိုက်၏ စတုတ္ထထပ်(၄လွှာB4)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကိုဦးကျော်စန္ဒာမင်းမှဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံသဖြင့်ဦးဇော်ဝင်းမှ ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါကတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအေးဝေ(LL.B,D,B,L) တရားလွှတ်တော်ရှေ့နေ(စဥ်-၇၄၅၇)
တိုက်(၂၆/၅)၊ အခန်း(၃၀၃)၊ သုနန္ဒာ(၁)လမ်း၊
သုမင်္ဂလာရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၅၀၆၃၁၂၀

ပြင်ဆင်မှုကို ဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
၂၀၁၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် -၃၆၃

ဦးမောင်မောင်ဝင်း	နှင့်	ဒေါ်သန်းသန်းဦး(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဦး)
(လျှောက်ထားသူ)		**(လျှောက်ထားခံရသူ)**

၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၂၃/၂၀၁၅ အမှုတွင် ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ အခန်း (၀၀၄)၊ အမှတ်(၁၁)နေ ဒေါ်သန်းသန်းဦး(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဦး)(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက် (၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်)တွင်ဆိုင်ရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ဤပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ
(ခင်ခင်အေး)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အမှတ် (၈၆)၊ မဟာရာနှင့် ပတ္တမြားလမ်းထောင့်၊ သာဓုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးစိုက်တည်ရှိသော MYANMAR FEED INDUSTRIES & BREEDING COMPANY LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်ပါသည်။

MRC

မှတ်ပုံတင်အမှတ်- ၄/၁၅၆၀/ ၂၀၂၀

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစား သတ်မှတ်ချက်(၂၉၊ ၃၀၊ ၃၁၊ ၃၅၊ ၄၄) တို့တွင်ပါဝင်သော တိရစ္ဆာန်အစားအစာမျိုးစုံ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ DOC ကြက်ပေါက်များ သားဖောက် ထုတ်လုပ်ရောင်းချခြင်းမျိုးမြိုလုပ်ငန်း၊ Broiler ကြက်၊ ဥစားကြက်များမွေးမြူရေးမြိုလုပ်ငန်း၊ ကြက်ဥ ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း၊ ဆန်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း အစရှိသည့် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီပိုင်အမှတ်တံဆိပ်အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို MYANMAR FEED INDUSTRIES & BREEDING COMPANY LIMITED၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိပါဘဲ အခြားမည်သူတစ်ဦး တစ်ယောက်ကမှ တစ်တိတစ်ဒေသသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပသုံးစွဲခြင်းများကို မပြုလုပ်ကြရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

MYANMAR FEED INDUSTRIES & BREEDING COMPANY LIMITED ၏
လွှဲအပ်ညွှန်ကြား ချက်အရ-
ဦးချစ်ဆွေ B.A (Law)., LL.B.
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၇၈)
Tel: (+959) 450059247